www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

# နတ်သမီးစာအုပ်တိုက်

ရဲ့

# အစီအစဉ် (၇၇)

နတ်သမီးစာအုပ်တိုက်
စာတိုက်သေတ္တာအမှတ် (၁၀၁၀)၊
ဖုန်း - ၇၂၅၅၁၀၊ ၅၅၉၂၇၀

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | **ဒို့အရေး** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | **ဒို့အရေး** |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | **ဒို့အရေး** |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၃၊ မေလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [၁၈၄/၂၀၀၃(၂)] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ] တို့အရ
ဦးကျော်ဝဏ္ဏ (ယာယီ-၆၅၇) နတ်သမီးစာပေ၊ အမှတ် (၁၆၄)၊ အခန်း (၂၆)
ဆူးလေဘုရားလမ်း၊ ရန်ကုန်မှ ထုတ်ဝေပြီး
အတွင်းစာသားများကို ဦးမြသိန်း (၀၁၄၂၇) သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
၉၆/၁၁ လမ်း၊ ရန်ကုန်၌ ပုံနှိပ်ကာ
မျက်နှာဖုံးကို ဦးဇော်မြင့်ဝင်း (၀၆၈၂၁) ကာလာဇုံ ပုံနှိပ်တိုက်၊
အမှတ် (၁၈၄/ဘီ)၊ ၃၁ လမ်း၊ ရန်ကုန်၌ ပုံနှိပ်သည်။

တန်ဖိုး (၆၀၀) ကျပ်

BURMESE CLASSIC .com

www.burmeseclassic.com

## နတ်သမီးစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ကတ္တီပါလွမ်းချင်း [ဇော်ဇော်အောင်၊ သစ္စာနီ၊ တာရာမင်းဝေ၊ နီကိုရဲ၊ သွန်းနေစိုး]
၂။ ရွှေရောင်မမရဲ့ပုံတူ [မင်းလူ၊ နီကိုရဲ၊ သွန်းနေစိုး]
၃။ ခေတ်ပေါ်အချစ်၊ ခေတ်ပေါ်ကဗျာ [မောင်သာနိုး]
၄။ ကြယ်ကြွေကောင်းကင်ရဲ့ မယ်လိုဒီ [တာရာမင်းဝေ၊ နီကိုရဲ၊ သွန်းနေစိုး]
၅။ ချစ်သူဖတ်ဖို့ အိပ်မက်များ(၁) [မင်းခိုက်စိုးစန်]
၆။ မင်းမဆိုပါဘူး [မင်းလူ]
၇။ အချစ်သည်သက်တော်ရာကျော်ရှည်ပါစေသတည်း [မင်းလူ]
၈။ ခေတ်ပေါ်ငါးယောက် [ဂျူး၊ မင်းလူ၊ ဝင်းဝင်းလတ်၊ နီကိုရဲ၊ သွန်းနေစိုး]
၉။ ချစ်သူဖတ်ဖို့ အချစ်စကားပုံများ [ပိုင်စိုးကိုကို]
၁၀။ အမည၊မဖော်လိုသူအချစ် [မင်းလူ]
၁၁။ ရစ်သမ်အကြောင်း [မောင်သာနိုး]
၁၂။ ရင်ထဲက ဆောင်းရာသီ [မင်းလူ]
၁၃။ ကမ္ဘာ့သရဲတစ္ဆေဝတ္ထုတိုများ [မင်းခိုက်စိုစန်]
၁၄။ နေရဲ့အကြို [တာရာမင်းဝေ]
၁၅။ အချစ်အကြောင်း အဆိုအမိန့်များ [ပိုင်စိုးကိုကို]
၁၆။ ချစ်သူဖတ်ဖို့ အိပ်မက်များ (၂) [မင်းခိုက်စိုးစန်]
၁၇။ ငှက်ကလေး [မင်းလူ]
၁၈။ သူတို့ပျော်ကြလေပြီ [မင်းလူ]
၁၉။ ဘာမှမတတ်နိုင်ဘူး [မင်းလူ]
၂၀။ ခုနှစ်စဉ်အလွမ်း [မင်းလူ]
၂၁။ မနှင်းဖြူနှင့် လူပုကလေး ခုနှစ်ယောက် [ပိုင်စိုးကိုကို]
၂၂။ ရေသူမလေး [ပိုင်စိုးကိုကို]
၂၃။ ဒယ်လ်မေးရှင်းခွေးလေးတစ်ရာ့တစ်ကောင် [ပိုင်စိုးကိုကို]
၂၄။ ခြင်္သေ့ဘုရင် [ပိုင်စိုးကိုကို]
၂၅။ ဖော်ကွာဝေး [မင်းလူ]
၂၆။ မိတ်ဖွဲ့စာအုပ်ကလေး
၂၇။ အမှတ်တရစာအုပ်ကလေး
၂၈။ ရည်စားစကား [သွန်းနေစိုး]
၂၉။ ချစ်သူဝှက်ထားတဲ့အိပ်မက် [သွန်းနေစိုး]
၃၀။ တာဇံ - ရောင်စုံခြယ်စာအုပ်
၃၁။ ဒိုင်နိုဆော - ရောင်စုံခြယ်စာအုပ်
၃၂။ ပီတာပန် - ရောင်စုံခြယ်စာအုပ်

www.burmeseclassic.com

## နတ်သမီးစာအုပ်တိုက်၏ အနာဂတ်အစီအစဉ်များ

၃၄။ လမင်းမျှော်စင် [သွန်းနေစိုး]
၃၅။ တိမ်တိုက်များနှင့် စီနင်းလိုက်ပါသူများ [သွန်းနေစိုး]
၃၆။ တစ်ယောက်တစ်ခြမ်း [သွန်းနေစိုး]
၃၇။ ကမ္ဘာ့သရဲတစ္ဆေဝတ္ထုတိုများ (၂) [မင်းခိုက်စိုးစန်]
၃၈။ ဂန္ထဝင်သစ်အက်ဆေးများ [မင်းခိုက်စိုးစန်]
၃၉။ ပန်းပွင့်အယ်လ်ဘမ် [သွန်းနေစိုး]
၄၀။ ကျွန်တော်၊ ကျွန်မတို့သည် [မင်းလူ]
၄၁။ သူကလည်းသူ၊ ကျွန်တော်ကလည်း ကျွန်တော် [မင်းလူ]
၄၂။ ပြက်ရယ်မပြုကြေး [သွန်းနေစိုး]
၄၃။ ပူးဘဲပါဝင်သော လေထန်သောနေ့ [ပိုင်စိုးကိုကို]
၄၄။ ပူးဘဲပါဝင်သော တီဂေါ့ဇာတ်လမ်း [ပိုင်စိုးကိုကို]
၄၅။ ပူးဘဲပါဝင်သော ပျားရည်သစ်ပင် [ပိုင်စိုးကိုကို]
၄၆။ ပန်းပွင့်လေးရဲ့ အရိုင်းလူ [သွန်းနေစိုး]
၄၇။ သူငယ်ချင်းတစ်ယောက်အကြောင်း [မင်းလူ]
၄၈။ အသပြာလုလင် [မင်းလူ]
၄၉။ ဘက်ကက်၏ စကားပြေအတိုများ [ဇော်ဇော်အောင်]
၅၀။ ဓမ္မပဒကျမ်းလာ လူမှုနီတိများ [ဟိန်းနန္ဒဇင်]
၅၁။ ဟိတောပဒေသကျမ်းလာ ဘဝလမ်းညွှန်နီတိများ [ဟိန်းနန္ဒဇင်]
၅၂။ ကြွက်ကလေးမစ်ကီ - ရောင်စုံခြယ်စာအုပ် (၁)(၂)
၅၃။ အရုပ်ဇာတ်လမ်း - ရောင်စုံခြယ်စာအုပ် (၁)(၂)
၅၄။ ရယ်မောခြင်းလက်ကျန် [မင်းလူ]
၅၅။ ပန်းလက်ဖဝါးမှာ ပါးအပ်ပိုင်ခွင့် မရှိတဲ့ကောင်လေး [တာရာမင်းဝေ]
၅၆။ ပို့စ်မော်ဒန်လူငယ် [မင်းခိုက်စိုးစန်]
၅၇။ အာလာဒင် - ရောင်စုံခြယ်စာအုပ်

နတ်သမီးစာအုပ်တိုက်
စာတိုက်သေတ္တာအမှတ် (၁၀၁၀)၊
ဖုန်း - ၇၂၅၅၁၀၊ ၅၅၉၂၇၀

www.burmeseclassic.com

# ခေတ်သစ်တစ်ခု၏ အစ

# အဓိပ္ပါယ်များ၏ အဆုံး

**မင်းခိုက်စိုးစန်**

www.burmeseclassic.com



နွေဦးရဲ့ အဓိပ္ပာယ်ကို မက်မုံပန်းတွေကပဲ နားလည်တယ်. . .. တဲ့။ ဟုတ်မှာပဲ... လို့ ကျွန်တော်တွေးမိတယ်။ နွေဦးဆိုတာ ဖတ်ရှုလို့ရတဲ့ ဘာသာဗေဒစကားလုံးတစ်လုံးလည်း မဟုတ်ဘူး။ လေပြေ လေညင်းနဲ့အတူရောက်လာတတ်တဲ့ အသံတစ်သံလည်း မဟုတ်ဘူး။ တစ်စုံတစ်ရာကို ဆက်သွယ်ပြောဆိုနေတဲ့ လက်ဟန်ခြေဟန်တစ်မျိုး မဟုတ်သလို . . . မျက်နှာအမူအရာ တစ်စိတ်တစ်ပိုင်းလည်း မဟုတ်ပေဘူး။

ဒါဖြင့် . . .

စကားလုံးတွေ၊ အသံတွေ၊ အမူအယာတွေ မပါဝင်တာကြောင့် ဖမ်းယူဆုပ်ကိုင်စရာ ဖွင့်ဆိုစရာ 'အဓိပ္ပာယ်' မရှိတော့ဘူးပေါ့... လို့ ခင်ဗျား မေးချင်စိတ် ပေါ်လာပါလိမ့်မယ် ... ။

'အဲသည်လိုမဟုတ်ပါဘူး'

နွေဦးရောက်လာရင် မက်မုံပန်းတွေ ပွင့်ကြမယ်၊ နွေဦးရဲ့ အဓိပ္ပါယ်ကို မက်မုံပန်းတွေ နားလည်နေပုံက ဖွင့်ဆိုမှုတွေ၊ စကားလုံး

www.burmeseclassic.com



တွေ၊ ရှင်းလင်းချက်တွေ၊ ဖမ်းယူဆုပ်ကိုင်စရာတွေမပါပဲနဲ့ နားလည်ခြင်း သက်သက် နှလုံးသားနဲ့ နားလည်နေတာပါ။

အဲဒါဟာ အဓိပ္ပာယ်အစစ်ပါပဲ။

နွေဦးဟာ သူတို့အတွက် ဘဝတစ်ခုလုံးကို ပုံအောပေးထား ရတဲ့ အချိန်ကာလတစ်ခု ဖြစ်တယ်။ သူတို့ရဲ့ အသက်ရှင်သန်ခြင်း အလင်းဓာတ်တွေ တည်ဖွဲ့ရာ နှလုံးအိမ်လည်းဖြစ်တယ်။ သူတို့အတွက် အကြွင်းမဲ့ မျှော်လင့်ချက်တွေ တောက်ပပြိုးပြက်ရာ စကြာဝဠာမုခ်ဦးလည်း ဖြစ်ပေတယ်။

ခင်ဗျား စဉ်းစားမိရဲ့လား… ။ အဲဒီ ရင်ခုန်သံကို… ။

နွေဦးဟာ မက်မုံပွင့်တွေအတွက် လင်းပပေးနေသလို

မက်မုံပွင့်တွေကလည်း နွေဦးအတွက် အဓိပ္ပါယ်ရနံ့တွေ သင်းပျံ့ ပေးနေလိုက်ပုံ။

ဝဝဝ

ဒီနေရာမှာ ကျွန်တော် အဓိကပြောချင်တာက ပန်းပွင့်တွေ အကြောင်းမဟုတ်ပါဘူး။ 'လူ' တွေအကြောင်းပဲ ဖြစ်ပါတယ်။ နောက် ပြီးတော့ 'လူ့အဖွဲ့အစည်း' အကြောင်းဖြစ်ပါတယ်။

မေးကြည့်စမ်းပါရစေ …

'ခင်ဗျား' နဲ့ ခင်ဗျားရဲ့ 'လူ့အဖွဲ့အစည်း' တို့ အကြားက ဆက်ဆံရေးဟာ နွေဦးနဲ့ ပန်းပွင့်တွေရဲ့ ဆက်ဆံရေးလောက် ရင်ခုန် ကြည်နူးစရာ ကောင်းရဲ့လား ?

ဝဝဝ

BURMESE CLASSIC .com

www.burmeseclassic.com



လူ့အဖွဲ့အစည်းဆိုတာ ဘာလဲ ?

'တို့တွေအားလုံးဟာ သံသရာခရီးမှာ တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားနေရသူတွေချင်းပါပဲ'

လို့ ကျွန်တော့်အဘိုး ခဏခဏပြောတာ ကြားခဲ့ဖူးပါတယ်။ အဲဒါ ကျွန်တော် ဟိုး ... ငယ်ငယ် ကလေးဘဝတုန်းကပါ။

အဲဒီတုန်းက ကျွန်တော်တို့ခြေရင်းအိမ်မှာ ဦးသိန်းလို့ခေါ်တဲ့ ပွဲစားကြီးတစ်ယောက်ရှိတယ်။ လူသုံးယောက်စာလောက် ဝဖီးတဲ့ ခန္ဓာကိုယ်ကြီးနဲ့ စကားလည်းများ၊ သည့်ကြားထဲ ကွမ်းကလည်း တဗျစ်ဗျစ် စားလိုက်သေး။

'သံသရာခရီးမှာ တစ်လှေတည်းစီး၊ တစ်ခရီးထဲသွားရမှာ' လို့ ပြောတာကို ကြားရတဲ့အခါတိုင်း အဲဒီလူကြီးကို ကျွန်တော် မျက်စိထဲ မြင်ယောင်ပြီး စိတ်ညစ်မိတယ်။ အဲဒီလို လူဝကြီးနဲ့ တစ်လှေတည်းစီးရရင် ထိုင်စရာနေရာကျပ်မှာပေါ့။ အဆင်မသင့်ရင် လှေတောင် မှောက်သွားနိုင်သေးတယ်။ ပြီးတော့ ... နားညီးတဲ့ဒုက္ခ၊ ကွမ်းတံတွေးစင်မယ့် ဒုက္ခတွေပါ ခံရဦးမှာ။

အဲဒီအချိန်တုန်းက  ကျွန်တော်ကလည်း ကလေးဆိုတော့ ပေါက်ပေါက်ရှာရှာတွေ စဉ်းစားမိတာပေါ့လေ။ ကျွန်တော်သာ 'တန်ခိုးရှင်' ဖြစ်ရင် အဲဒီလူဝကြီးကို လှေနောက်မြီးပိုင်းနားကို ဟိုလိုလို ဒီလိုလိုနဲ့ ချော့မော့ခေါ်သွားပြီး တွန်းချပစ်ခဲ့မယ်။ ပြီးရင် ကျန်တဲ့ခရီးသည်တွေ ချည်းပဲ လှေကို ခပ်သုတ်သုတ်လှော်ပြီး ပြေးရအောင် ... ။ ဟို... လူဝကြီး နေရစ်ခဲ့ပစေ... ပေါ့။

ꩩꩩꩩ

BURMESE CLASSIC .com

www.burmeseclassic.com



အခုတော့ နည်းနည်း သဘောပေါက်စပြုလာတယ်။ သံသရာ ခရီးဆိုတဲ့ စကားရဲ့ အသေးငယ်ဆုံး အစိတ်အပိုင်းက ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ အလျားလိုက်သဘောကိုကော ဒေါင်လိုက်သဘောကိုပါ ကိုယ်စားပြုထားတယ် ဆိုတာကိုပေါ့ ... ။

လူ့အဖွဲ့အစည်းရဲ့ အလျားလိုက်သဘောဆိုတာက အတိတ်က လူ့အဖွဲ့အစည်း၊ ပစ္စုပ္ပန်လူ့အဖွဲ့အစည်းနဲ့ အနာဂတ်မှာ ပေါ်ထွန်းလာမယ့် လူ့အဖွဲ့အစည်း တည်ဆောက်ပုံတွေပါပဲ။

လူ့အဖွဲ့အစည်းရဲ့ ဒေါင်လိုက်သဘောဆိုတာက – လူကြီး၊ လူလတ်၊ လူငယ် အဖွဲ့အုပ်စုတွေကို ဆိုလိုပါတယ်။

အဲဒီအထဲမှာ စောစောက ပြောခဲ့သလို **ကိုယ်တစ်ယောက်တည်းနဲ့ အခြားသူ သုံးယောက်စာလောက် နေရာယူမယ့် လူတွေ ပါချင် ပါလာမှာပေါ့။** စကားများတဲ့ လူတွေလည်း ပါမှာပေါ့။ လူ့ အသိုင်းအဝန်း တစ်ရပ်လုံးကို စိတ်ဒုက္ခ ကွမ်းတံတွေးတွေနဲ့ ညစ်ပတ်အောင်လုပ်မယ့် လူတွေလည်း ပါချင် ပါလာမှာပေါ့။

ကျွန်တော်တို့က သူတို့ကို ငြင်းဆန်ခွင့်မရှိဘူး။ လှေပေါ်က တွန်းချခဲ့လို့လည်းမရဘူး။ (ဘာဖြစ်လို့လည်းဆိုတော့ သူတို့ဟာလည်း 'လူသား' တွေပဲ ဖြစ်တယ်။ ခင်ဗျားတို့ ကျွန်တော်တို့လို 'တန်းတူညီမျှ လူသားစစ်စစ်' တွေပဲ ဖြစ်တယ်လေ)

ကျွန်တော်တို့မှာ သူတို့ကို ဝိုင်းဝန်းပျိုးထောင်ပေးဖို့ အခွင့်အရေးသာရှိပေရဲ့။ ဒါကို လူသားအဖွဲ့အစည်းပျိုးထောင်ရေး (culture) လို့ ခေါ်ပါတယ်။

ကျွန်တော် အခုရေးချင်တာ အဲဒီအကြောင်းပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



'လူသား' နဲ့ 'လူ့အဖွဲ့အစည်း' ဟာ ငွေဦးနဲ့ပန်းပွင့်တွေလို အပြန်အလှန် ရှင်သန်စေမှုတွေ … အဓိပ္ပာယ်တွေ ကူးလူးဆက်ဆံရင်း တစ်ခုတည်းအဖြစ်ကို ပေါင်းစည်းမိသွားအောင် ဘယ်လိုလုပ်ကြမလဲ …

ဗဗဗ

သမ္မာကျမ်းစာ ဆာလံကျမ်းထဲက … စာသားလေးတစ်ကြောင်း နှစ်ကြောင်းကို သွားသတိရမိတယ်။

"အို … ငါ့ ဝိညာဉ် နိုးလော့ … "တဲ့

၂၁ ရာစုဟာ ငွေဦးနဲ့အတူ နိုးခဲ့ပါပြီ … ၊ အလင်းနဲ့အတူ နိုးခဲ့ပါပြီ … ။

လေပြည်လေညှင်းနဲ့အတူ နိုးခဲ့ပါပြီ … ။

အို … ရွှေရောင်ဝတ်ဆံဝတ်မှုန်နှင့် ပန်းပွင့်တို့ … နိုးလော့။

ဗဗဗ

Culture ဆိုတဲ့ ဝေါဟာရကို 'ယဉ်ကျေးမှု'လို့ ဘာသာပြန်ကြတာများပေမဲ့ ကျွန်တော်ကတော့ 'လူ့အဖွဲ့အစည်း ပျိုးထောင်မှု'လို့ သုံးနှုန်းလိုက်ပါတယ်။ Civilization ဆိုတဲ့ စကားကိုလည်း 'ယဉ်ကျေးမှု' လို့ပဲ ဘာသာပြန်လေ့ ရှိကြတယ် မဟုတ်လား။ အဲဒီနှစ်ခုကို ကွဲကွဲပြားပြား ဖြစ်စေချင်တဲ့ သဘောလည်း ပါပါတယ်။ နောက်ပြီးတော့ … 'ယဉ်ကျေးမှု' လို့ဆိုလိုက်ရင် … စောင်းကောက်နဲ့ ထိုင်မသိမ်း အင်္ကျီတွေ … ၊ ဒါမှမဟုတ် ထမင်းစားပွဲပေါ်က ဖွန်း၊ ခက်ရင်းနဲ့ ဓားတို ဓားရှည်တွေ … ကို မျက်စေ့ထဲက မြင်ယောင်လာတာမျိုး မဖြစ်စေချင်လို့ပါ။

အဲဒါတွေဟာ ကျွန်တော်ပြောချင်တဲ Culture မဟုတ်ဘူး။

BURMESE CLASSIC .com

www.burmeseclassic.com



♉♉♉

ဒီလိုလေ ... ။

ဩစတြေးလျားတိုက်မြောက်ဘက်က နယူးဂီနီ (New Guinea) ကျွန်းကိုပဲ ဥပမာအဖြစ် ကြည့်ပါတော့။

အဲဒီမှာ နေထိုင်တဲ့သူတွေရဲ့ ပင်မအလုပ်အကိုင်ကတော့ 'ဝက်' မွေးမြူခြင်းပဲ ဖြစ်ပါတယ်။ 'ဝက်'ဟာ သူတို့ရဲ့ ငွေကြေးဖလှယ်မှုအစား သုံးတဲ့ စည်းစိမ်ဥစ္စာလည်း ဖြစ်တယ်၊ ချမ်းသာကြွယ်ဝမှု၊ ဂုဏ်သိက္ခာ ရှိမှုတို့ရဲ့ ပြယုဂ်လည်း ဖြစ်တယ်၊ လူ့အရည်အချင်း မှတ်ကျောက်လည်း ဖြစ်တယ်။

သူတို့ဆီမှာ ဝက်များများ ပိုင်ဆိုင်တဲ့လူဟာ လူချမ်းသာပဲ။ သူတို့လူ့အသိုင်းအဝိုင်းမှာ (ကျွန်တော်တို့ အခေါ်အဝေါ်အရ ဆိုရင်တော့ 'မြို့မျက်နှာဖုံး' ပေါ့) ဩဇာသက်ရောက်သူ၊ လူနေမှု အဆင့်အတန်းမြင့်မားသူပဲ။

'လူတော်'တစ်ယောက် ဖြစ်၊ မဖြစ်ဆိုတာကို 'ဝက်'တွေနဲ့ တိုင်းတာဆုံးဖြတ်ကြတယ် . ဆိုတာ ကျွန်တော်တို့အနေနဲ့ ကြည့်ရင်တော့ ရယ်စရာကြီးပေါ့။ ဒါပေမယ့် အဲဒါသူတို့ လူ့အဖွဲ့အစည်းရဲ့ အစစ်အမှန် အရှိတရား (Reality) ပဲ။

'လူဖြစ်ရကျိုးနပ်ဖို့အတွက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ ရေးသုံးပါးကို သိမြင်စရာ မလိုပါဘူး။ ဝက်များများ ပိုင်ဖို့ပဲလိုတယ်' ဆိုတဲ့ အချိုးပေါ့။ မကောင်းဘူးလား။

တစ်ခါ ... ၊ ဝက်တွေအများကြီးရှိနေပြန်တော့ ... အဲဒီဝက် တွေကိုထိန်းကျောင်းဘို့ လူလိုအပ်လာပြန်တယ်။ အဲဒီတော့ ဝက်များများ ပိုင်ဆိုင်တဲ့ 'ဝက်ခနေရှင်လူတန်းစား' ဟာ မိန်းမတွေ တစ်ယောက်ထက် မက ယူကြတယ်။ ကျွန်တော်တို့ဆီက 'ငွေကြေးခနေရှင် လူတန်းစား'

BURMESE CLASSIC .com

www.burmeseclassic.com



တွေ မယားငယ်ယူပုံမျိုးနဲ့တော့ မတူဘူးနော်။ သူတို့မိန်းမယူတာက ဝက်ကျောင်းဘို့။

ကိုယ့်အုပ်စုထဲမှာရှိတဲ့ မိန်းမအရေအတွက် နည်းသွားပြီဆိုရင် ဘာလုပ်ကြတယ်မှတ်လဲ။ တစ်ခြားအုပ်စုကို သွားပြီး စစ်တိုက်ကြတယ်။ စစ်နိုင်ပြီဆိုရင် အဲဒီ ရှုံးနိမ့်သူ လူမျိုးအုပ်စုထဲက မိန်းမတွေကို သိမ်းပိုက်ဇနီးမယားပြုပြီး ဝက်ထိန်းခိုင်းတော့တာပဲ။

ၓၓၓ

အဲဒါဟာ သူတို့ရဲ့ လူ့အဖွဲ့အစည်း ပုံသဏ္ဍာန်ပါပဲ။ ဝက်တွေနဲ့ ဒီလူ့အဖွဲ့အစည်း ယန္တရားကို ခုတ်မောင်းနေရတာ။ သူတို့ကို သွားပြီး 'ခင်ဗျားတို့မှာ ယဉ်ကျေးမှုမရှိဘူးလား' လို့ မေးရင် သူတို့ ဘယ်ခံမှာလဲ။ သူတို့ကလည်း သူတို့ကိုယ်သူတို့ 'ယဉ်ကျေးမှုရှိတယ်' လို့ပဲ ခံယူထားကြမှာပေါ့။

ဟုတ်တယ်။ တကယ်လည်း ရှိပါတယ်လေ … ။

ဒါပေမယ့် သူတို့ရဲ့ ယဉ်ကျေးမှုက 'ဝက်ယဉ်ကျေးမှု'။

ၓၓၓ

ကျွန်တော်ပြောချင်တာက ယဉ်ကျေးမှု (culture) ဆိုတာက ဖွန်း၊ ခက်ရင်းနဲ့ ထမင်းစားတာ၊ ညစာစားပွဲဝတ်စုံ ဘယ်နှစ်စုံရှိတာ၊ စောင်းကောက်ကြီး တီးတာနဲ့ မဆိုင်ပါဘူး။

ခင်ဗျားရဲ့ လူ့အဖွဲ့အစည်းကို ဘယ်လို ပျိုးထောင် တည်ဆောက်ထားသလဲ ဆိုတာနဲ့ပဲ ဆိုင်ပါတယ်။

ဒါကြောင့် ကျွန်တော်က culture ဆိုတာကို 'လူ့အဖွဲ့အစည်း ပျိုးထောင်မှု' လို့ ဘာသာပြန်တာပါ။

BURMESE CLASSIC .com

www.burmeseclassic.com



☞

ခင်ဗျားတော့ နတ်ကတိုင်စည်းတတ်ရုံနဲ့၊ စကားပြောရင် 'ကျေးဇူးပြု၍ (Please)' လို့ ထည့်ပြောတတ်ရုံနဲ့၊ ကတ္တီပါပုံတော်ဖိနပ် စီးပြီး ပတ္တလားတီးတတ်ရုံနဲ့ ကိုယ့်ကိုယ်ကို ယဉ်ကျေးမှုရှိလှပြီလို့ ထင်နေပြီလား။

ခင်ဗျားရဲ့ လူ့အဖွဲ့အစည်းကို ဘယ်လိုတည်ဆောက်ထားသလဲ ဆိုတာ ကြည့်ပါဦး။

**ကိုယ့်ပတ်ဝန်းကျင် လူနေမှုဘဝကြီးတစ်ခုလုံး ရွှေမိုးငွေမိုး ရွာနေတယ် ... လို့ အထင်ရောက်နေသူကိုတော့ အလယ်ခေတ် လက်တင်ဘာသာစကားနဲ့ Bulla လို့ ခေါ်ပါတယ်။**

**အဓိပ္ပာယ်ကတော့ . . . 'နွား' တဲ့။**

ၓၓၓ

၂၁ ရာစု . . . တဲ့။

စောစောက ပြောခဲ့သလို အလျားလိုက်သဘောနဲ့ ကြည့်ရင် အဲဒါဟာ ကျွန်တော်တို့အတွက် နောင် . . . လာမယ့် 'အနာဂတ် လူ့အဖွဲ့အစည်း' လည်းဖြစ်တယ်။

ဒေါင်လိုက်သဘောနဲ့ကြည့်ရင် 'လူငယ်တွေ တည်ဆောက် ရှင်သန်ရမယ့် လူ့အဖွဲ့အစည်း' လည်းဖြစ်တယ်။

အဲဒီ လူ့အဖွဲ့အစည်းကို ပျိုးထောင်ဖို့ ကျွန်တော်တို့ ဘာတွေ ပြင်ဆင်ထားကြပြီးပြီလဲ။

ၓၓၓ

BURMESE CLASSIC .com

www.burmeseclassic.com



ကလေးတွေကိုကော အနာဂတ်လူ့အဖွဲ့အစည်းနဲ့ အံဝင်ခွင်ကျ နေထိုင်ရှင်သန်တတ်အောင် လေ့ကျင့် သင်ကြားပေးပြီးပြီလား။

ကလေးတွေကို လေ့ကျင့်သင်ကြားရေးနဲ့ ပတ်သက်လို့ ဥပမာ လေးတစ်ခု ပြောချင်တယ် . . .။ ခင်ဗျားတို့လည်း မကြာခဏ ကြုံဖူး နေတဲ့ ကိစ္စမျိုးပါ။ ဒီလိုလေ . . .။

ကလေးတစ်ယောက် မနေ့က ကျောင်းပျက်တယ်။

ဒီနေ့ ကျောင်းတက်လာတော့ ဆရာမက မေးရော . . .

'မင်း ဘာကြောင့် (WHY) မနေ့က ကျောင်းမတက်တာလဲ'

ဒီနေရာမှာ 'ဘာကြောင့်' ဆိုတဲ့ စကားကို (WHY) လို့ တမင်ထည့်ပြထားတာ ကျွန်တော့်မှာ အကြောင်းရှိပါတယ်။ ဒီမေးခွန်းဟာ 'အကြောင်းပြချက်' ကို တောင်းဆိုတဲ့ မေးခွန်းမှန်း ခင်ဗျားတို့ သတိထား မိစေချင်လို့ပါ။

'အကြောင်းပြချက်' ကို တောင်းဆိုနေပြီဆိုတော့ ကလေးက ဘာဖြေမလဲ . . .၊ သူ ကျောင်းမတက်ရခြင်းအတွက် အကြောင်းပြချက် ဆင်ခြေတစ်ခုခုကို ထုတ်ပြရတော့မယ်။ . . . အဲဒီမှာ ကလေးက လျှောက်ပြောတော့တာပဲ။

'ဗိုက်အောင့်လို့'

'အမေက ခိုင်းထားလို့'

'အိမ်မှာ ဘယ်သူမှမရှိလို့ အိမ်စောင့်နေရတယ်'

စသဖြင့်ပေါ့ . . . အမျိုးမျိုးပါပဲ။

ဒီနေရာမှာ ကျွန်တော် အလေးပေးပြီးပြောချင်တာက ကလေး တွေရဲ့ 'စဉ်းစားခြင်းဖြစ်စဉ်' . . . အလုပ်လုပ်သွားပုံကိုပါ။ သူတို့ရဲ့ ဦးနှောက်ဟာ 'အကြောင်းပြချက်' တွေကို ရှာဖွေကြတယ်။ အဲဒီ

BURMESE CLASSIC .com

www.burmeseclassic.com



အကြောင်းပြချက်တွေဟာလည်း မိမိ (အဲဒီ ကျောင်းပျက်ကွက်တဲ့ ကလေး) အတွက် ‘အပြစ်တင်ခံရခြင်းကနေ ကင်းလွတ်ရာ’ အကြောင်းပြချက် ဖြစ်ရမယ်။

ဆိုလိုတာက . . .

အဲဒီကလေးဟာ သူပျက်ကွက်ရခြင်းရဲ့ တာဝန်/အပြစ်ဒဏ်ကို သူများအပေါ် လွှဲအပ်ပုံချဖို့ အကြောင်းပြချက် ရှာဖွေခြင်းနည်းနဲ့ စဉ်းစား တတ်လာတော့တာပဲ။ ကျွန်တော်ကိုယ်တိုင် ကျူရှင်ဆရာတစ်ယောက် ဖြစ်တဲ့အတွက် အဲသည်လိုကိစ္စမျိုးတွေ မကြာခဏ ကြုံနေရပါတယ်။ အဲသည်မှာ ဘာသတိထားမိသလဲ ဆိုတော့ . . . တချို့ကလေးတွေဟာ သူတို့ရဲ့အကြောင်းပြချက်ကို ‘ဇာတ်နာ’ အောင် ပေးတတ်တယ် ဆိုတာပါပဲ။

‘အမေ ဈေးရောင်းထွက်နေရတယ်။ အဖေက ဆိုက်ကားနင်း ရာက ဆိုက်ကားမှောက်လို့ ဒဏ်ရာရ၊ ဆေးခန်းသွား၊ ကျွန်တော်က အဖေ့ကို ပြုစုနေရတယ်’

‘အဖေက ဆုံးသွားပြီ။ အမေတစ်ယောက်တည်းက မိသားစုကို လုပ်ကိုင်ကျွေးမွေးနေရတာ၊ ကျွန်တော်က အမေ့ကိုကူပြီး ဈေးရောင်း ပိုက်ဆံရှာရတယ်။ မနေ့က ဈေးသိမ်းတဲ့အထိ ရောင်းမကောင်းလို့ ရပ်ကွက် ထဲ လှည့်ရောင်းနေရတာ’

‘မနေ့က အမေနေမကောင်းဖြစ်တယ်။ ဆေးကုဖို့ ပိုက်ဆံက လည်း မရှိဘူး။ ဒါနဲ့ ရွှေပြည်သာမှာနေတဲ့ ဘကြီးဆီသွားပြီး ပိုက်ဆံ ချေးရတာ ညနေမှ ပြန်ရောက်တယ်’

ကဲ . . . အဲဒီ အကြောင်းပြချက်တွေဟာ သူတို့ကို ‘သနား အောင်’ တောင်းခံတဲ့ မျက်ရည်ချူတဲ့ အကြောင်းပြချက်တွေ မဟုတ် ဘူးလား။

BURMESE CLASSIC .com

www.burmeseclassic.com



ဒီနေရာမှာ အရေးကြီးတဲ့ အတွေးတစ်ခု ကျွန်တော် တွေးမိပါတယ်။

'သူတစ်ပါးရဲ့ အသနားခံရခြင်းဟာ မိမိအတွက် အပြစ်ပေါ့လျော့ရာ ပေါ့လျော့ကြောင်း၊ တာဝန်ကင်းရာ ကင်းကြောင်း၊ သက်သာရာ သက်သာကြောင်းဖြစ်တယ်' ဆိုတဲ့ စိတ်ဓာတ်မျိုး ကလေးတွေမှာ ရှိနေပြီလား။ ဒါဆိုရင်တော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွက် အလားအလာ မကောင်းတော့ဘူး။

အဲဒီကလေးတွေဟာ နောင်တစ်ချိန်မှာ ကိုယ်သက်သာဖို့၊ ကိုယ့်တစ်ကိုယ်စာ ဝန်တာကလေးပေါ့ဖို့ သူတစ်ပါးကို ဒူးတုပ်အသနားခံရမှာ ဝန်မလေးတဲ့ကောင်တွေ ဖြစ်လာရင် ဒုက္ခပါပဲ။ သူတောင်းစားအကြီးစားကလေးတွေဖြစ်လာရင် ကိုယ်ကျိုးနည်းရချေရဲ့။

၀၀၀

ခင်ဗျားမှာလည်း ကြေကွဲစရာ နာကျည်းစရာရှိမှာပဲ။ ကျွန်တော့်မှာလည်း ရှိတာပဲ။ တခြားလူတွေမှာလည်း ရှိတာပဲပေါ့။ ခင်ဗျားမှာ ဒုက္ခရှိသလို၊ ကျွန်တော့်မှာလည်း ဒုက္ခရှိတယ်။ တခြားသူတွေမှာလည်း ရှိတာပဲ။

ရှိတော့ ဘာဖြစ်လဲ။ ခင်ဗျားလည်း တစ်နေ့ တစ်နေ့ မျက်ရည်နဲ့မျက်ခွက် ဖြစ်မနေသလို ကျွန်တော်လည်း ဒူးနဲ့ မျက်ရည်သုတ်မနေရပါဘူး။ အားလုံးဟာ ကိုယ့်ဒုက္ခနဲ့ကိုယ် တွေ့ကြုံရင်း၊ ရင်ဆိုင်ရင်း ဒီလိုပဲဖြတ်သန်းနေရတာပါ။ လူသာမန်တွေမဆိုထားနဲ့။ ခြေပြတ်၊ လက်ပြတ် မျက်စိကန်းနေတဲ့ လူတွေတောင်မှ သူတို့ဘဝကို သူတို့ တည်ဆောက်နေနိုင်ပါတယ်။ လူ့သဘာဝအလျောက် ရယ်လိုက် မောလိုက်၊ ပျော်ရွှင်လိုက်၊ စိတ်ညစ်လိုက်နဲ့ . . . ပေါ့။ လေး,ငါး,ဆယ်နှစ်လောက် နေလို့မှ

BURMESE CLASSIC .com

www.burmeseclassic.com



မျက်ရည်တစ်ခါမှ မကျဖြစ်ကြပါဘူး။ ရုပ်ရှင်တွေထဲကလို ထစ်ခနဲရှိ ငိုကြီး ချက်မဖြစ်ဖို့တော့ ဝေးရော။

အဲသည်လိုသာ ပြဿနာကြုံတိုင်း စိတ်ဒုက္ခဖြစ်တိုင်း ငိုယိုနေ ရရင် လူညံ့တွေ ဖြစ်ကုန်မှာပေါ့။

ပပပ

လူ့ဘဝကိုယ်တိုင်ကိုက 'ဒုက္ခသစ္စာ' ဖြစ်တယ်။

ဒါကြောင့် ဒုက္ခဆိုတာနဲ့ အမြဲမပြတ် ကြုံနေရမှာပဲ။ မျှော်လင့် ထားတဲ့အတိုင်း ဖြစ်မလာတာတွေ . . . ။ ကောင်းတာလုပ်ပေမယ့် ကောင်းကျိုးမခံစားရတာတွေ . . . ။ အထင်လွဲခံရတာတွေ . . . ။ ဆုံးရှုံးတာတွေ . . . ။ အဓိပ္ပာယ်မဲ့ အချည်းနှီးဖြစ်ရပ်တွေနဲ့ မလွဲမသွေ ထိတွေ့နေထိုင် ရှင်သန်နေရမှာပဲ။

ဒါကို ရှောင်လွဲလို့ဘယ်ရမလဲ၊ ပြေးပုန်းလို့လည်း လွတ်မှာမှ မဟုတ်တာ။ သုခနဲ့ ကြုံချင်လို့ဆိုပြီး တစ်ထစ်ချ သတ်မှတ်ဖန်တီးဖို့ လည်း မဖြစ်နိုင်ပါဘူး။

ကောင်းတာလုပ်တိုင်းသာ ကောင်းတာဖြစ်ကြကြေးဆိုရင် ဘုရား က 'ဒုက္ခသစ္စာ' လို့ ဘယ်ဟောမလဲ။ 'သုခသစ္စာ' လို့ပဲ ပြောခဲ့မှာပေါ့။ အဲဒီတော့ ကိုယ်က ဒုက္ခကို ဘယ်လိုရှောင်လွှဲ ရှောင်လွှဲ . . . ။ ဒုက္ခက ကိုယ့်ကို လာရှာမှာပဲ။ သေချာတယ်။

အဲဒါကို ငိုယိုပြနေလို့ကော ဘာထူးမလဲ။

'ငါက အပြစ်ကင်းရဲ့သားနဲ့ ငါ့ကျမှ ဒီလိုဒုက္ခမျိုးနဲ့ ကြုံရလေ ခြင်း' ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဇာတ်ထဲက မင်းသားလေးလို ပုဏ္ဏား နှိပ်စက်ခံရတဲ့ အိုက်တင်မျိုး မျက်ရည်လည်ရွဲနဲ့ လောကကြီးကို အပြစ်တင် နေရင်လည်း 'ကိုယ်ညံ့ကြောင်း လူသိအောင် အထုပ်ဖြေပြတာ' နဲ့ အတူတူပဲပေါ့။

www.burmeseclassic.com



ငါ့ကို ဘယ်သူ သနားလေမလဲ . . . ၊ ဆိုတဲ့ အတွေးမျိုးဟာ . . . တော်တော်အောက်တန်းကျတဲ့ အတွေး၊ တော်တော်ညံ့ဖျင်း နုံနဲ့တဲ့ အတွေးပါ။

☞ ကိုယ့်ဒုက္ခ ကိုယ်ရင်ဆိုင်ရဲရမယ် ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့် . . . လို့ သူများကို လွှဲချမနေနဲ့
☞ ကိုယ့်တာဝန် ကိုယ်ရဲရဲယူလိုက်စမ်းပါ။

ကိုယ်ဖြစ်ရင် ကိုယ်ခံမယ်ပေါ့။ ဘာမှုစရာလိုလို့လဲ။ ဘာရှက်စရာလိုလို့လဲ။

လူ တော်တော်များများက ရှုံးနိမ့်တာ၊ ဒုက္ခရောက်ရတာ၊ အပြစ်ဒဏ်ခံရတာကို ရှက်စရာ၊ အားငယ်စရာလို့ အောက်မေ့နေကြတယ်။ မဟုတ်ပါဘူး။ ကိုယ့်ကိုကိုယ် တာဝန်ယူနေသရွေ့ လူ့ဂုဏ်သိက္ခာ၊ လူ့အဖြစ်ဟာ တစ်ရွေးသားမှ မပွန်းဘူး။ ကိုယ်ခံနေတဲ့ ဒုက္ခကို ဘာကြောင့် ညာကြောင့်လို့ လွှဲချ၊ ခေါင်းရှောင်နေတာကမှ သိက္ခာမဲ့တာ ရှက်ဖို့ကောင်းတာ၊ လူမဆန်တာ။

ဒုက္ခအကြောင်းကို တွေးပြီး ငိုယိုညည်းတွားနေသူဟာ လူညံ့ဖြစ်တယ်။
ဒုက္ခရှိနေတာကို သိသိနဲ့ ကိုယ့်ကိုကိုယ် ထူထောင်နိုင်ဖို့ ကြိုးစားနေသူဟာ . . . လူတော် ဖြစ်တယ်။

'မျက်ရည်နဲ့ မျက်ခွက်' ရုပ်ရှင်၊ ဗီဒီယိုတွေ၊ ဝတ္ထုတွေဟာ လူတွေကို လူညံ့ဖြစ်အောင် မြူဆွယ်နေတာပဲ။ ကိုယ့်ကိုကိုယ် ထူထောင်ချင်တဲ့စိတ်ထက် 'လူအသနားခံရတဲ့ မင်းသား မင်းသမီးအဖြစ်က ပိုကောင်းတယ်' ဆိုတဲ့ လူရည်လူသွေး အညွန့်တုံးစိတ်ကို ပို အမွှန်းတင်ရာ ရောက်နေလေရဲ့။

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ ကလေးတွေကို အဲသည်လို ဗီဒီယို၊ ရုပ်ရှင်၊ ဝတ္ထုတွေနဲ့ မယဉ်ပါး ပါစေနဲ့။ ဒီကလေးတွေ ကြီးပြင်းလာတဲ့အခါ . . .

လူ့ဘဝကို 'အရှိ . . . အရှိအတိုင်း တည့်တည့်မတ်မတ်မြင်တဲ့၊ သတ္တိရှိတဲ့ လူစစ်စစ် တွေ . . . ဖြစ်မလာပဲ။

လူ့လောကကြီးထဲမှာ ပြဇာတ်လို၊ ရုပ်ရှင်လိုလို (စိတ်ကူးကြောင်၊ အမူအရာကြောင်တွေနဲ့) အချည်းနှီး 'ဟန်' များနေတဲ့ မောင်အိုက်တင်၊ မယ်အိုက်တင်လေးတွေ ဖြစ်ကုန်မှာစိုးလို့ပါ။

ၓ ၓ ၓ

တစ်ခါက . . . ကျွန်တော့်မိတ်ဆွေတစ်ယောက် ပြောဘူးတယ်။

''အဲဒီ . . . 'ပဉ္စာမြေလူး၊ အရူးရင်ကွဲနာကျ' တဲ့ ဇာတ်တွေဟာ ရှိမီယို၊ ဂျူးလီယက်၊ ရှင်မွေ့နွန်း မင်းနန္ဒာလောက်နဲ့တင် ခေတ်ကုန်သွားခဲ့ပါပြီဗျာ။ ပရိသတ်လို့ ခေါ်ခေါ်နေရတဲ့ တတိယတန်းစား ရုပ်ရှင်ကြည့်တဲ့ လူတွေက ခုချိန်ထိ အဲဒါမျိုးတွေကိုပဲ ထပ်တလဲလဲ ခံစားလို့ မငြီးငွေ့နိုင်တာ ကျွန်တော် အံ့သြမဆုံးဘူး''

ကျွန်တော် ရယ်မိတယ်။ ပြီးတော့ သူ့ကို စိတ္တဗေဒသဘောအရ လူတွေရဲ့ စိတ်အစားထိုးမှု' အကြောင်း ကျွန်တော် ဖတ်ဖူးသလောက် ပြောပြရတာပေါ့။

ခင်ဗျားလည်း အဲဒီသဘောတရားကို ကြားဖူးပြီးသား ဖြစ်မှာပါ။ ဒီလိုလေ . . . အမှန်က လူတွေဟာ . . .

'ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး သနား' ချင်နေကြတာ။

အဲဒီနေရာမှာ . . . ရုပ်ရှင်မင်းသားကို (ဒါမှမဟုတ်) မင်းသမီးကို အစားထိုးပြီး သနားပစ်လိုက်ကြတယ်။ ပြီးတော့ . . .

BURMESE CLASSIC .com

www.burmeseclassic.com



စိတ်ကူးယဉ်နယ်ထဲမှာ ကိုယ်ဟာ ရုပ်ရှင်မင်းသား၊ မင်းသမီး နေရာမှာ ဝင်နေရသလိုလို . . . ၊ ရုပ်ရှင်မင်းသား/မင်းသမီးကပဲ ကိုယ့် ခံစားချက်တွေကို တဆင့် ပြန်ပြောပြနေသလိုလို . . . ၊ ပူးချည်ခွာချည် ရောထွေးနေတော့တယ်။

ဗ ဗ ဗ

လူတွေက သနားလေလေ . . . အဲဒီဇာတ်ကား အောင်မြင်လေ လေပေါ့။

အင်း . . . ဒါပေမယ့် အဲဒါဟာ 'အနုပညာ' ဟုတ်ရဲ့လား။

ဗဗဗ

သူတောင်းစားကလည်း လူတွေသနားအောင် ကြံဖန်ပြောပြီး ပိုက်ဆံရအောင် ရှာတာပဲ။

အနုပညာရှင်ကလည်း လူတွေသနားအောင် 'ကြံဖန်' လုပ်ပြီး ပိုက်ဆံရှာရင်း . . . အဲဒါ 'သူတောင်းစားအနုပညာ' ပဲ ဖြစ်လိမ့်မယ်။

အနုပညာဆိုတာ လွတ်လပ်စွာ ဖန်တီးပိုင်ခွင့်ရှိတယ် မဟုတ် ဘူးလား . . . လို့ မေးတဲ့သူက မေးလိမ့်မယ်။ ဟုတ်ပါတယ်။ ကျွန်တော် လည်း အဲဒီအတိုင်းပဲ ခံယူထားတာပါ။ ဒါပေမယ့် အခု ကျွန်တော်ပြော နေတာ အနုပညာအကြောင်း မဟုတ်ဘူး။ လူမှုရေးစိတ္တဗေဒရှုဒေါင့်က ကြည့်ပြီး ပြောနေတာ . . . ။

လူမှာ (၁) ခံစားမှု၊ (၂) ဉာဏ် / ဖန်တီးမှု ဆိုပြီး နှစ်ပိုင်း ရှိတဲ့အနက်က . . . 'ခံစားမှု' ထဲမှာပဲ ရေစုန်မျောနေရင် ဉာဏ်တုံးတဲ့ ကလေးတွေ၊ ဖန်တီးနိုင်စွမ်းအား ဆင်းရဲချို့တဲ့တဲ့ ကလေးတွေဖြစ်လာ မယ်။ သူတို့ရဲ့လက်ထဲကို ကျွန်တော်တို့ရဲ့ အနာဂတ် ပုံပေးလိုက်ရမှာ...။

BURMESE CLASSIC .com

www.burmeseclassic.com



❖

အခု ကျွန်တော် . . . ကျွန်တော်ပြောခဲ့ပြီးသမျှကို ပြန်ချုပ်ကြည့်လိုက်ရင် . . . ကလေးတစ်ယောက်ကို

'မင်း ဘာကြောင့် (WHY) ကျောင်းပျက်ရတာလဲ'

ဆိုတဲ့ WHY မေးခွန်းမျိုးဟာ . . .

(၁) ကလေးအတွက် မိမိ တာဝန်ကင်းရာကင်းကြောင်း (တခြားသူအပေါ် တခြားအခြေအနေအပေါ် အပြစ်လွှဲချတဲ့) အကြောင်းပြချက် / ဆင်ခြေရှာတတ်လာစေအောင် လေ့ကျင့်ပေးသလိုဖြစ်နေတယ်။

(၂) အဲဒီအကြောင်းပြချက်ထဲမှာ . . . ကိုယ့်ကို တခြားသူက (အပြစ်က ခွင့်လွှတ်ပါမယ့်အကြောင်း) အသနားခံတဲ့ညည်းပါလာရင် ကလေးရဲ့ စိတ်ဓာတ်ဟာ အညွှန့်တုံးဖို့ တော်တော် နီးစပ်နေပါပြီ။

(၃) ဒါကြောင့် 'WHY (ဘာကြောင့်) ဆိုတာဟာ ကြောင်းကျိုးထောက်ဆ ဆင်ခြင်မှုဉာဏ်အတွက်ပဲဖြစ်တယ်။ ဆင်ခြေရှာဖို့မဟုတ်ဘူးဆိုတဲ့ အသိကို ကလေးရဲ့စိတ်ဓာတ်မှာ အမြစ်တွယ်အောင် သင်ကြားပေးရမယ်။

ၓ ၓ ၓ

ဒါဖြင့် . . . ကလေးကို ဘယ်လိုဆက်ဆံရမလဲ ?

စောစောက ပြောခဲ့တဲ့ ကျောင်းပျက်တဲ့ကလေး ဥပမာနဲ့ပဲ ဆက်တင်ပြပါမယ်။ ကျွန်တော်သာဆို အဲဒီအခြေအနေမျိုးမှာ . . .

'မင်း ဘာကြောင့် (WHY) ကျောင်းပျက်တာလဲ ?'

BURMESE CLASSIC .com

www.burmeseclassic.com



ဆိုတဲ့ 'နောက်ကြောင်းပြန်' မေးခွန်းမျိုး မမေးတော့ဘူး။

'မင်း ပျက်ကွက်သွားတဲ့ သင်ခန်းစာကို မီအောင် ဘယ်လို (HOW) အစားထိုးမလဲ'

ဆိုတဲ့ HOW မေးခွန်းကိုပဲ မေးမှာပါ။

ဒါ . . . လက်တွေ့ကျပါတယ်။ သူ့ခရီးလမ်းကိုသူ ဖြောင့်ဖြောင့်မတ်မတ် ဆက်နိုင်ဖို့။ သူ့တာဝန်သူ အပြည့်အဝ ကျေပွန်ဖို့ ဘယ်လို HOW လုပ်မလဲ ? ဆိုတာကသာ 'အကျိုးဖြစ်ထွန်းမှု၊ အလုပ်ဖြစ်မှု' ဆီကို ဦးတည်နေတဲ့ နည်းလမ်းတွေကို ထွက်ပေါ်လာစေမှာဖြစ်တယ်။

ဗဗဗ

၂၁ ရာစုမှာ . . .

* WHY ဟာ သိပ်အရေးမကြီးတော့ပါဘူး။

* HOW ကသာလျှင် လက်တွေ့ အကျိုးဖြစ်ထွန်းမှုဆီ ခေါ်ဆောင်သွားမယ့် နည်းလမ်းတွေ ထွန်းကားရာ ထွန်းကားကြောင်း အသိဉာဏ်ကို ဖြစ်ပေါ်စေပါလိမ့်မယ်။

ကဲ . . .

ကျွန်တော်တို့ရဲ့ကလေးတွေကို 'HOW စိတ်ဓာတ်' သင်ကြားပေးရအောင်။

ဗဗဗ

လူမှုရေး စိတ်ပညာမှာ Looking - Glass Self ဆိုတဲ့ ဝေါဟာရရှိပါတယ်။

''ငါ့ကို လူတွေက ဘယ်လိုမြင်ကုန်ကြပြီလဲ''

BURMESE CLASSIC .com

www.burmeseclassic.com



ဆိုတဲ့ အချက်ပေါ်မူတည်ပြီး တစ်ဆင့် ပြန်ပုံဖော်ကြည့်တတ်တဲ့ လူ့အတွင်းမနော ခံစားချက်ကို ရည်ညွှန်းတဲ့ စကားပါ။

"ငါဟာ သူများတွေအမြင်မှာ ကပ်စေးနဲ တွန့်တိုတဲ့ လူတစ်ယောက်ဖြစ်နေပြီလား"

"သူများတွေက ငါ့ကို 'အလကားကောင်ကြီး' လို့ ကွယ်ရာမှာ အတင်းပြောနေကြမလား မသိဘူး"

"ဒီနေ့ အတန်းထဲမှာ ဆရာမက စာမေးတာ ငါမဖြေနိုင်တော့ ကောင်မလေးတွေ လှမ်းကြည့်တဲ့ အကြည့်က တစ်မျိုးပဲ။ ငါ့ကို အထင်သေးကုန်ကြပြီ ထင်ပါရဲ့"

"ဒီအသက် ဒီအရွယ်ထိ ငါလုပ်တဲ့ လုပ်ငန်းကလည်း ဘာတစ်ခုမှ မအောင်မြင်သေးဘူး။ ဟိုကောင်ကတော့ သိန်းလေးရာလောက် ရနေပြီ။ ငါ့မိန်းမဘက်က ဆွေမျိုးတွေက ငါ့ကို အစွမ်းအစမရှိတဲ့ကောင်၊ လူညံ့' လို့ ပြောဆိုမေးငေါ့နေကြရောပေါ့။ အေး . . . မှတ်ထား တစ်နေ့ ငါ့အကြောင်း သိစေ့မယ်"

ဒီအတွေးတွေဟာ Looking-Glass Self ကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ စိတ်သောကတွေရဲ့ နမူနာအချို့ ဖြစ်ပါတယ်။

ဗဗဗ

ကျွန်တော်တို့ရဲ့ ဒီကနေ့ လူ့ပတ်ဝန်းကျင်မှာ အဲဒီလိုမျိုး သောကတွေနဲ့ ပူလောင်နေရသူတွေ အများကြီး။ အဲဒီအတွေးတွေနဲ့ သူတို့ရဲ့ စိတ်နှလုံးတွေဟာ ညှိုးချုံးနွမ်းနယ်၊ အညွန့်တုံးနေရတယ်။ လေးလံနေရတယ်။ 'ဖန်တီးနိုင်စွမ်းအား' တွေ အဖျက်ဆီးခံနေရတယ်။

ကျေးဇူးပြု၍ . . . အဲဒီလို လူမျိုးတွေနဲ့ ခင်ပျား ဆုံဖြစ်ရင်

BURMESE CLASSIC .com

www.burmeseclassic.com



သူတို့ကိုပြောပြပေးပါဗျာ၊ အဲဒါတွေဟာ . . . 'ပြဿနာအစစ်' တွေ မဟုတ်ပါဘူး . . . လို့။ ပြဿနာမဟုတ်တာ ပြဿနာလုပ်နေတဲ့ လူမှုရေး စိတ်ဓာတ်အရောင်ဆိုးမှု (Pseudo problem) တွေသာ ဖြစ်တယ် ... လို့။

ǒǒǒ

'သူများရဲ့ ထင်မြင်ချက်ပေါ် အလေးထားလွန်းရာက ဖြစ်လာတဲ့ စိတ်ဒုက္ခ' ဟာ ဘယ်သူ့အတွက်မှ ကောင်းကျိုး မဖြစ်ထွန်းစေနိုင်ဘူး။ လောကကြီးဟာ ပြဇာတ်တစ်ခုမဟုတ်တဲ့အတွက် ခင်ဗျားဟာ ဇာတ်လိုက်တစ်ယောက် မဟုတ်သလို ကျန်တဲ့လူတွေဟာလည်း ဘာမှ မဟုတ်ကြပါဘူး။

'ဘယ်ကောင်ကိုမှ ဂရုမစိုက်ဘူးကွ' ဆိုတဲ့ ပိုကဲတုံ့ပြန်မှု (Over reaction) မျိုး လုပ်ဖို့ပြောနေတာ မဟုတ်ကြောင်းကိုလည်း သူတို့ကို သတိပေးလိုက်ပါ။ ကျွန်တော့် ရည်ရွယ်ချက်က မိမိရဲ့စိတ်ကို သူတစ်ပါးတွေရဲ့ ထင်မြင်ချက်တွေက လွှမ်းမိုးကန့်သတ်ထားတာ မခံဖို့ပါ။

မိမိလုပ်တဲ့ အလုပ်ဟာ (၁) ကိုယ်တိုင် အသိစိတ်ရှိရှိ ရွေးချယ်မှုနဲ့ (၂) ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ (၃) တကယ်ကို စိတ်ပါလက်ပါ နှစ်နှစ်ခြိုက်ခြိုက် ဆောင်ရွက်တာမျိုးပဲ ဖြစ်သင့်ပါတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ 'အတင်းအဖျင်း' တွေ များလွန်းတယ်။ ကိုယ်နဲ့လည်း ဘာမှမဆိုင်၊ ကိုယ်သေသေချာချာလည်း မသိတဲ့ ကိစ္စရပ်တွေမှာ လူတွေရဲ့ အပေါ်စားမှတ်ချက်တွေ၊ အပေါ်စား ကဲ့ရဲ့စကားတွေ၊ အပေါ်စား ချီးကျူးစကားတွေ ပြောတာများလွန်းတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အဆိုးဆုံးက အဲဒီအပေါစား ချီးကျူးစကားတွေ ကြားရဖို့၊ အပေါစား ကဲ့ရဲ့မှုတွေရဲ့ဒဏ်ကို ကြံ့ကြံ့မခံနိုင်လို့ 'လူမြင်ကောင်းအောင် လုပ်ပြ' ရတာတွေ များလွန်းနေတာပါပဲ။

ကိုယ့်အတွက်ကိုယ် (ကိုယ့်စိတ်ကြိုက်ကိုယ်) လုပ်တာမဟုတ်ပဲ။

သူများအတွက် (သူများအကြိုက်) လိုက်လုပ်နေရတာလောက် လူ့တန်ဘိုးကျတာ ဘယ်ရှိလိမ့်မလဲ ?

အဲသည်လိုနဲ့ . . . လူတော်တော်များများဟာ . . . လူ့မျက်နှာ ပျောက်ဆုံးသွားကြတယ်။ လူ့ကိုယ်ပိုင်သတ်မှတ်ချက် ပျောက်ဆုံး (Loss of identity) သွားကြပါတယ်။

ကျေးဇူးပြု၍

ကလေးတွေကို သင်ပေးလိုက်ပါဗျာ . . .။

'ကိုယ်ကြိုက်တာ ကိုယ်လုပ်မယ် (ကိုယ်စိတ်ကြိုက် လွတ်လွတ် လပ်လပ် ရွေးချယ်မယ်၊ ဖြစ်သမျှ အကောင်းအဆိုးဒဏ် ကိုယ်တာဝန်ခံရဲတယ်) ဆိုတဲ့ စိတ်ဟာ . . .၊ . . . သခင်စိတ် ဖြစ်တယ်'

'သူများကြိုက်အောင် ငါဘယ်လို လုပ်ပြရမလဲ (ငါ့ကို သူများ တွေ ချီးကျူးတာခံရဖို့အတွက် လုပ်ပြမယ်) ဆိုတဲ့စိတ်ဟာ ..

. . . ကျွန်စိတ်ဖြစ်တယ်။'

ကျွန်စိတ် ⊠ အကြောက်တရား ⊠ အကောင်းပြောခံချင်စိတ်

BURMESE CLASSIC .com

www.burmeseclassic.com



မိဘတွေဟာ သူတို့မက်ခဲ့တဲ့ အိပ်မက်တွေကို ကလေးတွေ လက်ထဲအတင်းထိုးထည့်ပေးပြီး အဲဒီ အိပ်မက်ကို ဆက်အကောင်အထည် ဖော်စေချင်ကြတယ်။ သူတို့စိတ်ကြိုက် အသွင်သဏ္ဍာန်တစ်မျိုးကို စက်ရုံက ပုံလောင်းထုတ်လိုက်သလို ထွက်လာဖို့ မျှော်လင့်ထား တတ်ကြတယ်။

သူတို့စိတ်ကြိုက် ပုံသဏ္ဍာန်အတိုင်း နေထိုင်ရှင်သန်လာတဲ့ ကလေးကို 'သားလိမ္မာလေး' ၊ 'သမီးလိမ္မာလေး' ဆိုပြီး ချီးကျူးကြ၊ အကောင်းပြောကြနဲ့ . . . ပေါ့။ အဲဒီအတိုင်း ဖြစ်မလာတဲ့ ကလေးကို ကျတော့ ရိုက်ဟယ်၊ ပုတ်ဟယ်၊ ကြိမ်းမောင်းဆူပူဟယ် . . . နဲ့။ ဒုက္ခ ပါပဲ။

အဲသည်လို ချီးကျူး အကောင်းပြောခံရတာတွေမှာ သာယာလို့ ပဲဖြစ်ဖြစ် ရိုက်ပုတ်ကြိမ်းမောင်းခံရတဲ့ အကြောက်တရားကြောင့်ပဲဖြစ်ဖြစ် . . . ကလေးဟာ 'မိဘတွေအကြိုက် နေလိုက်ရတာ စားသာတယ်' ဆိုတဲ့ ခံယူချက်မျိုးဝင်သွားရင် ဒုက္ခပါပဲ။ အဲသည် ကလေးမျိုးဟာ ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိတော့ဘဲ သူများပုံစံချပေးတဲ့ အရေခွံ အောက်ထဲ ပုန်းလျှိုး တိုးဝင်သွားတော့မယ်။

သူ . . . ဘယ်တော့မှ 'လူဖြစ်' တော့မှာ မဟုတ်ဘူး။ အင်းပေါ့ လေ . . . အစကတည်းက သူ့ကို မိဘတွေက 'လူ' လို့ သဘောထား ပြီး ဆက်ဆံခဲ့လို့လား။ ကျွန်တော်ပြောတာ ရိုင်းသွားရင် ခွင့်လွှတ်ပါ။ 'မိဘမေတ္တာ' တို့ ဘာတို့နဲ့ပတ်သက်ပြီး ဘာမှ ဆွေးနွေးနိုင်စွမ်းမရှိတဲ့ အတွက်ကြောင့်တော့ ကျွန်တော့် တင်ပြချက်မှာ အားနည်းချက်တွေ ချွတ်ယွင်းချက်တွေ ပါကောင်း ပါနေပါလိမ့်မယ်။

ဒါပေမယ့် . . . ကျွန်တော့်ရဲ့စေတနာက . . .

မိဘတွေအနေနဲ့ . . . ကိုယ့်သားသမီးတွေကို 'လူသား' တွေ လို့ အသိအမှတ်ပြုဖို့ပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



ၓ ၓ ၓ

သူတို့ကလေးတွေဟာ ခင်ဗျားတို့ ကိုယ်ခန္ဓာက ပဲ့ထွက်လာတဲ့ အင်္ဂါအစိတ်အပိုင်းကလေးတွေ မဟုတ်ကြပါဘူး။ ဒါကြောင့် ကိုယ့်ဆန္ဒနဲ့ သူတို့ဟာ ဘယ်တော့မှ ထပ်တူညီမှာ မဟုတ်တာကို မျှော်လင့်ထားပါ။ ကိုယ့်ခြေကိုယ့်လက်တွေကိုတောင်မှ တစ်ခါတစ်ခါ ကိုယ်လိုချင်တိုင်း ထိန်းချုပ်လို့မရသေးတာ . . .၊ သီးခြားလူသားတွေဖြစ်တဲ့ 'ကလေး'တွေမှာ သူတို့ကိုယ်ပိုင်ခံစားချက်တွေ ကိုယ်ပိုင်ဆန္ဒတွေနဲ့. .။ ခင်ဗျား ဘယ်လို ထိန်းချုပ်လို့ရမှာလဲ . . . ။

မိဘများခင်ဗျား . . .

ကျေးဇူးပြု၍ . . . လူကို လူလိုမြင်ကြပါ။

ကိုယ့်သားသမီး ဖြစ်ပေမယ့် သူတို့ဟာ 'လူသားတွေ' ဖြစ်တဲ့အတွက်ကြောင့် 'ငါပိုင်ဆိုင်တဲ့ပစ္စည်း' ဆိုတဲ့ သဘောထားမျိုးနဲ့ ဆက်ဆံလို့မရပါဘူး။ 'ငါထိန်းချုပ် လမ်းညွှန်မှ ဒီကလေးရဲ့ ဘဝလမ်း သာယာ ဖြောင့်ဖြူးမယ်' ဆိုတဲ့ အတွေးမျိုးကကော မှန်နိုင်ပါ့မလား။ 'ခင်ဗျား ဘယ်လိုအာမခံချက် မျိုး ပေးနိုင်လို့လဲ' မရပါဘူး။

ဘာအာမခံချက်မှ မပေးနိုင်သလို သားသမီးတွေရဲ့ ဘဝတစ်လျှောက်လုံးကိုလည်း လိုက်စောင့်ရှောက် မပေးနိုင်ပါဘူး။ ခပ်ရိုင်းရိုင်း ပြောရရင် ခင်ဗျားတို့က သေမှာ။

ဟုတ်တယ်လေ . . .၊ အဲဒီအခါကျရင် ခင်ဗျားတို့ရဲ့ ကလေး တွေကို လောကကြီးအလယ်မှာ ဘယ်လိုပုံစံနဲ့ ထားရစ်ခဲ့မှာလဲ?

– အကြောက်တရားနဲ့ အသက်ရှင်နေရတဲ့ ငတုံးကလေးတွေ အဖြစ် ထားရစ်ခဲ့မှာလား ?

– သူများချီးကျူးတာ ခံချင်လို့ဆိုတာလည်း အကြောက်တရား

BURMESE CLASSIC .com

တစ်မျိုးပဲ၊ မကောင်းပြောခံရမှာ ကြောက်တဲ့စိတ်နဲ့ မျက်နှာသာပေးခံရ နိုးနိုး လျောက်လုပ်ပြနေတဲ့ ငှက်ပျောတော မင်းသားလေးတွေဘဝနဲ့ ထားခဲ့မှာလား ?

– ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိတဲ့ 'ကျွန်စိတ်' နဲ့ ကလေးတွေ အဖြစ် ထားရစ်ခဲ့ကြမှာလား ?

ကျွန်တော် . . . အကြံပြုကြည့်ချင်ပါတယ်။ ခင်ဗျားဟာ . . . လူအဖြစ် လူ့ဂုဏ်သိက္ခာနဲ့ ရှင်သန်ခွင့်ကို မြတ်နိုးလေးစား တန်ဖိုးထား တတ်သူတစ်ယောက် ဖြစ်မယ်ဆိုရင်ပေါ့ . . . ။

၂၁ ရာစုမှာ 'လူ' ဖြစ်လာမယ့် ခင်ဗျားတို့ရဲ့ သားသမီးတွေကို

– ကိုယ့်ယုံကြည်ချက်ကို ကိုယ်တည်ဆောက်၊

– ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ် . . . ၊

ဖို့ အတွေးအခေါ်တွေ သင်ကြားပေးလိုက်ပါ။

လောကကြီးမှာ သူများက ချီးကျူးတာကို သာယာဖို့ မလိုအပ်သလို သူများကဲ့ရဲ့တိုင်းလည်း တုန်လှုပ်စရာ မလိုဘူး ဆိုတဲ့အကြောင်းကိုလည်း သူတို့လေးတွေ သိပါစေ။

ဒီသဘောတရားဟာ ပါးစပ်နဲ့ပြောရင်တော့ လွယ်လွယ်လေးပဲ။ အားလုံးက 'ငါသိသားပဲ' လို့ ပြောကြမှာပါ။ ဒါပေမယ့် . . . တကယ် တမ်းလက်တွေ့ကျင့်သုံးနိုင်တဲ့လူ ဘယ်နှစ်ယောက် ရှိလို့လဲ။ ဒီရေစီးကြောင်း ထဲမှာပဲ အားလုံး မျောပါနေကြတာ မဟုတ်လား။

အဲဒါကလည်း ရှင်းပါတယ်။

www.burmeseclassic.com



ကိုယ့်ပတ်ဝန်းကျင်တစ်ခုလုံးက ဒီလိုပုံစံတွေချည်းပဲ ကျင့်သုံးနေရင် ဘယ်လိုလုပ်မလဲ ? တစ်လောကလုံးကို ကိုယ်တစ်ယောက်တည်းအားနဲ့ ခံတိုက်လို့ ရပါ့မလား ? လို့ မေးစရာရှိနေတာကိုး . . . ။

ဟုတ်တယ် . . .

အဲဒီအတွက် အရေးကြီးတဲ့ စကားတစ်ခွန်း ထည့်ပြောရဦးမယ်။

ၓ ၓ ၓ

'လောက' ဆိုတာ ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။

ကိုယ့်ရဲ့ တုံ့ပြန်ချက် (reaction) သာ ဖြစ်တယ်။

စိတ်ပညာမှာသုံးတဲ့ ဝေါဟာရနှစ်လုံးရှိပါတယ်။ အဲဒါတွေကတော့

- လျော့နည်းတုံ့ပြန်ခြင်း (Under reaction) နဲ့
- ပိုကဲ တုံ့ပြန်ခြင်း (over reaction) တို့ပါပဲ။

ၓၓၓ

ပုံစံပြရရင် လူစဉ်မမီတဲ့ ကလေးတစ်ယောက်ဟာ ငယ်ငယ်တုန်းက ဘာလုပ်လုပ် အားလုံးက ဝိုင်းပြီး လက်ခုပ်တီးပေးတာ ခံရရင်၊ အလိုလိုက်တာ ပြုစုယုယတာခံရရင် . . . နောင် အသက်ကြီးလာတဲ့အခါ သူ့ပတ်ဝန်းကျင် သူ့လောကကို လျော့နည်းတုံ့ပြန်ခြင်း (under reaction) နည်းနဲ့ တုံ့ပြန် ပြုမူတတ်တယ်။ သူ့ရဲ့ ဘဝပြဿနာတွေကို ကိုယ့်အားကိုယ်ကိုးပြီး ဖြေရှင်းနိုင်တော့မှာ မဟုတ်ဘူး။ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်ရဲတဲ့သတ္တိမရှိတော့ဘူး။ ကိုယ့်တာဝန် ကိုယ်မယူရဲဘဲ ဟိုလူ့အားကိုး ဒီလူ့အားကိုးနဲ့ သူများအပေါ် အပြစ်ပုံချဖို့ အကာအကွယ်ယူဖို့ဆိုတဲ့ ဉာဉ်နဲ့ အသက်ရှင်ရတဲ့ လူတစ်ယောက် ဖြစ်လာလိမ့်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဗဗဗ

ဒီလိုမှမဟုတ်ဘဲ၊ ကလေးငယ်က ငယ်စဉ်အခါက ပရိသတ် အလယ်မှာ သူ့အစွမ်းအစတစ်ခုခုကိုမှ ပြသခွင့်မရအောင် အမြဲဟန့်တား ဖိနှိပ်ထားတာ ခံခဲ့ရရင်လည်း နောင် . . . ကြီးပြင်းလာတဲ့အခါ သူ့ ပတ်ဝန်းကျင်ကို ပိုကဲတုံ့ပြန်ခြင်း (Over reaction) နည်းနဲ့ တုံ့ပြန်တတ် ပါတယ်။ လူတွေရဲ့ အသိအမှတ်ပြုတာ ခံရဖို့၊ နာမည်ကြီးဖို့၊ ပိုက်ဆံ ရဖို့၊ သြဇာထူထောင်ဖို့ ရအောင် အတင်းလုပ်ယူရင်း သူများတွေ လက်ခံနိုင်တဲ့ အတိုင်းအတာထက် ပိုကဲ၊ ပိုလွန်ပြီး မထိန်းနိုင် မသိမ်း နိုင်ဖြစ်ကုန်တာပေါ့။

ဗဗဗ

မင်္ဂလာ နံနက်ခင်းပါ . . . ။
ကလေးတွေကို မျက်နှာသစ်ပေးပြီးပြီလား။
ခင်ဗျားကိုယ်တိုင်လည်း မျက်နှာသစ်ပါ။
. . .
၂၁ ရာစုဟာ အရဏ်တက်ပြီလေ . . . ။
. . .
ကျွန်တော်ဖတ်ဖူးတဲ့ သီချင်းစာသားလေးတစ်ခု ပြောခွင့်ပြုပါ။
'ကိုလံဘတ်(စ်)ကို ကျေးဇူးတင်တယ်။
ကမ္ဘာမြေသစ်ကို ရှာဖွေတွေ့ရှိခဲ့လို့ . . .
ကိုလံဘတ်(စ်)ကို ကျေးဇူးတင်တယ်
ပြီးတော့ . . . အခု ကိုလံဘတ်စ်ကို နှုတ်ဆက်လိုက်ပါတယ်။
ဂွတ်ဘိုင် ကိုလံဘတ်(စ်)'

BURMESE CLASSIC .com

www.burmeseclassic.com



သမိုင်းကို ကျွန်တော် မငြင်းပယ်ပါဘူး။
သမိုင်းဆိုတာ အလွန် ယျေဘုယျဆန်တဲ့၊ ဗလာဖြစ်နေတဲ့
ပြောင်းလဲမှုတွေရဲ့ ခေါင်းစဉ်ပဲ။
မတူညီတဲ့အဆင့်တွေ အတန်းတွေ အမျိုးမျိုးမှာ
ပြောင်းလဲဖြစ်ပျက်ကြတာတွေကို ဖော်ပြဖို့ စီထားတဲ့
ခေါင်းစဉ်တွေပေါ့။

ဒီကနေ့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ကမ္ဘာကြီးရဲ့ သမိုင်းကို ဘယ်လို အမြင်နဲ့ ကြည့်နေတယ်ဆိုတာ မရှင်းပြခင် . . . ခင်ဗျားကို မေးခွန်းတစ်ခု မေးချင်ပါတယ် . . .

ယူဂိုဆလားဗီးယားကို တိုက်ခိုက်နေတဲ့ နေတိုး (NATO) အဖွဲ့ရဲ့ ဒုံးကျည်တွေ တန်ချိန်ပေါင်းများစွာပါတဲ့ ဗုံးတွေ ကျရောက်ပေါက်ကွဲနေတာ တီဗီဖန်သားပြင်ပေါ်မှာ မြင်ခဲ့ဖူးမှာပေါ့။

ကျွန်တော် မေးချင်တာက . . . ဒါပဲ။

စစ်ပွဲတစ်ပွဲနဲ့ အဲဒီ စစ်ပွဲအကြောင်းရိုက်ထားတဲ့ TV သတင်း . . . ဘာကွာလဲ ?

www.burmeseclassic.com



သမိုင်းဆိုတာ လူတွေထားရစ်ခဲ့တဲ့ အမှတ်တရ ပစ္စည်းတွေကို အဓိပ္ပာယ် ဖွင့်နေရတာပါပဲ။

**သင်္ကေတများနှင့် အညွှန်းတန်ဖိုး**

အင်မတန် လှပတဲ့ မိန်းမပျိုလေး တစ်ယောက်ရယ် . . . ၊
ဓါးတစ်လက်နဲ့ . . .
လူကြီးတစ်ယောက်ရယ် . . . ၊
နောက်ပြီးတော့ . . . အဲဒီလူကြီးကို ဝိုင်းဝန်းသတ်ဖြတ်ဖို့ ကြံစည်နေကြတဲ့ သူ့အပေါင်းအသင်းတစ်စုရယ် . . . ။

ၓၓၓ

သည်လောက်ပဲ ပြောပြလိုက်ရင်တော့ နောက်ခံ အကြောင်းအရာနဲ့ သီးခြားကင်းလွတ်နေတဲ့ အဲဒီ စကားလုံးတွေဟာ လူ၊ ယောက်ျား၊ မိန်းမ စတဲ့ အညွှန်းသင်္ကေတတွေသက်သက် အဆင့်ပဲ ရှိနေဦးမှာပဲ။

အဲဒီ 'အညွှန်းသင်္ကေတ' (စကားလုံး) တွေဟာ ကျွန်တော်တို့ လူ့ယဉ်ကျေးမှုကြီး တစ်ခုလုံးရဲ့ တန်ဖိုးတွေကို သယ်ဆောင်လာခဲ့တယ်လို့ ပြောရင် ခင်ဗျားယုံမှာလား ?

ၓၓၓ

မှန်ပါတယ်၊ လောလောဆယ် အထိတော့ အဲဒီ အညွှန်းသင်္ကေတတွေဟာ ဘာအဓိပ္ပာယ်ကိုမှ မဆောင်ကြသေးပါဘူး။ သူတို့က 'အခြေအနေ' တစ်ခုခုရဲ့အောက်မှာရှိမှ သူတို့ရဲ့ တန်ဖိုးကို ထုတ်ပြလာကြတာပါ။

ၓၓၓ

BURMESE CLASSIC .com

www.burmeseclassic.com



ဆိုပါစို့ . . . အဲဒါဟာ ဘီစီ ၄၇ ခုနှစ်များကာလ၊ ရောမ – အီဂျစ်ဆီးရီးယား၊ အရှေ့မိုင်းနား ဒေသများရဲ့ သမိုင်းပဲ . . . လို့။

ဒါဆို . . . အဲဒီနောက်ခံ (Content) တွေနဲ့ မှုန်းခြယ်ထားတဲ့ သင်္ကေတတွေဟာ – ရောမအင်ပါယာ အုပ်ချုပ်သူ ဂျူးလီယက်ကိုင်ဆာရယ် . . .

– အီဂျစ် ဘုရင်မ ကလီယိုပါထရာ နဲ့

– ဘီစီ ၄၄ မှာ ဂျူးလီယက်ကိုင်ဆာကို ဝိုင်းဝန်း လုပ်ကြံခဲ့ကြတဲ့ ဘရုတပ်(စ) နဲ့ အပေါင်းအပါများ အဖြစ်ကို ညွှန်ပြကြမှာဖြစ်တယ်။

ဒါတင်မကသေးဘူး . . . ရောမ သုံးပွင့်ဆိုင် အုပ်ချုပ်ရေး အကြောင်းတွေ၊ နိုင်ငံရေးအတွေးအခေါ်တွေ၊ အီဂျစ်ပြည် ပတူလေမီ နန်းဆက် နိဂုံးချုပ်သွားပုံ အကြောင်းတွေကနေ အလားတူ သမိုင်းအခြေအနေတစ်ရပ်အတွက် နှိုင်းယှဉ်သုံးသပ်စရာ သင်ခန်းစာတွေ၊ တန်ဖိုးတွေကို ပေးမှာဖြစ်ပါတယ်။

ဗဗဗ

– ဘာ 'အခြေအနေ' မှမရှိရင်တော့ 'သမိုင်း' ဆိုတာလည်း မရှိပါဘူး။ အညွှန်းသင်္ကေတတွေဟာ စကားလုံးတွေ၊ လူယောက်ျား . . . မိန်းမဆိုတဲ့ လက္ခဏာတွေအဖြစ်နဲ့သာ ရှိနေမှာပါ။

– 'သမိုင်းဆိုတာ အခြေအနေ တစ်ရပ်ရပ်ရဲ့ အောက်က အညွှန်းတန်ဖိုး အဖြစ်သာ ရှိရတာပါ။

BURMESE CLASSIC .com

www.burmeseclassic.com



ဗဗဗ

တိတ်ဆိတ်နေတဲ့ အမှတ်တရပစ္စည်းတွေ . . . ဘာ အစွမ်းသတ္တိမှမရှိတဲ့ ခြေရာတွေ . . . နောက်ခံအကြောင်းအရာ (context) မပါတဲ့ ရုပ်ပုံလွှာတွေကို 'စကားလုံးတွေ' ၊ 'အဓိပ္ပာယ်' တွေနဲ့ ပြန်တည်ဆောက်လိုက်တဲ့အခါ သမိုင်းဆိုတာ ဖြစ်လာရတော့တာပဲ . . . တဲ့။

☝ ☝ ☝

ဒါကြောင့် (၂၀)ရာစု နှောင်းပိုင်း အကျော်ကြားဆုံး တွေးခေါ်ပညာရှင်တွေထဲက တစ်ဦးဖြစ်တဲ့ Michel Foucault က ပြောပါတယ်။

'သမိုင်းဆိုတာ ကိုယ်ထည်မရှိဘူး' . . . လို့။

ဗဗဗ

**အမွေဆက်ခံခြင်း**

ကျွန်တော်ဖတ်ဖူးတဲ့ ဟာသလေးတစ်ခုကို ကြားညှပ်ပြောခွင့်ပေးစေချင်ပါတယ်။

ပြောဆိုဆုံးမခံရပြီး ညှော်ခန်းထဲက ထထွက်သွားတဲ့ သားကိုကြည့်ရင်း မိဘဖြစ်တဲ့ လင်မယားနှစ်ယောက် အပြန်အလှန် ပြောနေကြပုံပါ။

အဖေ ။ ။ မိန်းမရေ . . . သားကတော့၊ ငါ့ဦးနှောက်ကို ကောင်းကောင်းအမွေရသွားပြီကွ။

အမေ ။ ။ အင်း ဟုတ်မယ် ထင်တယ်၊ ကျွန်မဆီကတော့ မရသွားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဦးနှောက်က ခုထိ ခေါင်းထဲမှာ ရှိသေးတယ်။

ကျွန်တော်တို့ အခုရှိနေဆဲ မျက်မှောက် သမိုင်းဆီကနေကော ဘာတွေ အမွေဆက်ခံနိုင်ကြမှာလဲ။

BURMESE CLASSIC .com

www.burmeseclassic.com



၀ ၀ ၀

စစ်အေးတိုက်ပွဲပြီးဆုံးသွားတာဟာ ကမ္ဘာပေါ်မှာရှိတဲ့ အထွေထွေ ပဋိပက္ခတွေ ချုပ်ငြိမ်းသွားတယ်ဆိုတဲ့ သဘောကို မဆောင်ပါဘူး။ ဒါက သမိုင်းစာမျက်နှာပေါ်က ခေါင်းစဉ်တစ်ခု ပျောက်သွားတယ် . . . ဆိုရုံ လေးပါပဲ။

ပဋိပက္ခတွေဟာ အသွင်သဏ္ဍာန်အမျိုးမျိုးကို ဆောင်လာကြ တယ်။ ပိုပြီး များပြားနက်ရှိုင်းလာကြရုံတင် မကဘူး၊ ပိုပြီး ရှုပ်ထွေး၊ ပိုပြီးလည်း အရောရော အနှောနှော ဖြစ်လာကြပါတယ်။

ကမ္ဘာ့လူသားတွေဟာလည်း ပျားအုံ လေး၊ ငါး၊ ခြောက်ခု အကြားမှာ ကိုယ့်အုံ၊ ကိုယ့်အိမ် မမှတ်မိလောက်အောင် အလုပ်တွေ များပြီး အမှားမှားအယွင်းယွင်း ဝင်လိုက်၊ ထွက်လိုက် ပျံသန်းနေရပုံမျိုး နဲ့ တူလာပါတယ်။

၀၀၀

အာရှ ငွေကြေးတန်ဖိုး ပြဿနာတွေ၊ ပစိတ်ဖိတ်ဒေသ လုံခြုံရေး ဆွေးနွေးပွဲတွေ၊ ကမ္ဘောဒီးယားသူပုန်တွေ မျိုးရိုးဗီဇ ဆဲလ် အတတ်ပညာတွေ ကွန်ပျူတာဂိမ်းတွေ၊ ဂြိုဟ်တုသတင်းနဲ့ ဘဂ္ဂဒက်မြို့ပေါ် ကျရောက် ပေါက်ကွဲနေတဲ့ ဒုံးကျည်တို့ရဲ့ အလင်းတွေ၊ ဘောလုံးပွဲ အလောင်းအစား၊ ဈေးကွက်စီးပွားရေးစနစ်နဲ့ နည်းပညာသစ်၊ နယ်မြေ လုပ်ပွဲတွေ၊ အရှေ့နဲ့ အနောက် ယဉ်ကျေးမှု အရောရော အနှောနှောဖြစ်မှုနဲ့ တိုင်းမ်မဂ္ဂဇင်းပါ ကိုကာကိုလာသောက်နေတဲ့ ဒလိုင်းလားမား ဘုန်းတော် ကြီးရဲ့ ပုံတွေ . . .။

အဲဒါတွေဟာ အထပ်ထပ် ရေးသွင်းထားလို့ စိတ်ညစ်စရာ ကောင်းလောက်အောင် ပြည့်စုံလွန်းတဲ့ လမ်းညွှန်မြေပုံ တစ်ခုနဲ့ တူနေပါ တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



သတင်းမီဒီယာ ကွန်ယက်တွေကလည်း ကျယ်ပြန့်လွန်းတော့ ကမ္ဘာကြီးရဲ့ နေ့စဉ်လှုပ်ရှားမှုတွေ အကြောင်းကို (မြေပုံပေါ်မှာ တကယ် တမ်း သိပ် မလိုအပ်လှတဲ့) ချုံပုတ်ကလေးတွေ၊ ရေအိုင်ငယ်ကလေးတွေ လို အသေးစိတ် အတိအကျ မြင်တွေ့နေရပါတယ်။

ဗဗဗ

ဒါပေမယ့် . . . ဝမ်းနည်းစရာကောင်းတာက အဲဒီလောက် အမြင်ကတ်စရာ ကောင်းလောက်အောင် ပြည့်စုံလွန်းနေတဲ့ မြေပုံပေါ်မှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် ပြ အမှတ်အသား ပါမလာဘူး။

အဲဒီတော့ . . . စောစောက ပြောခဲ့တဲ့ သတင်းအချက်အလက် တွေဟာ ဘယ်အရပ်ဆီကို ဦးတည်ညွှန်ပြနေတယ်ဆိုတာ ဘယ်လိုလုပ် ပြီး သိနိုင်တော့မှာလဲ။

ဗဗဗ

ရက်စွဲတပ်ထားတဲ့ အဖြစ်အပျက်တွေ၊ အချက်အလက်တွေ ကြားမှာ 'ဆက်စပ်မှု' ဟာ ဘာလဲ။

အခု ဖြစ်နေတဲ့ အဖြစ်အပျက်တွေရဲ့ အဓိပ္ပာယ်က ဘာလဲ။

သင်္ကေတတွေရဲ့ အညွှန်းတန်ဖိုးကို ရှာရခက်နေပါပြီ။

ဗဗဗ

အခု မြင်တွေ့နေရတဲ့ သမိုင်းဖြစ်ရပ်တွေကို အစီအစဉ်ချကြည့် လိုက်ရင် ကြိုးတစ်ချောင်းလို ရှေ့၊ နောက် အဆက်အစပ်ရှိရှိ အစဉ်လိုက် တန်းနေတာမျိုး မမြင်ရတော့ဘူး။

BURMESE CLASSIC .com

www.burmeseclassic.com



တိုးတက်မှုတွေဟာလည်း လှေခါးထစ်ပုံစံ၊ ကြောင်လိမ်လှေခါး ပုံစံနဲ့ မသွားတော့ဘူး။

ယနေ့ သမိုင်းအဖြစ်အပျက်ကလေးတွေဟာ ပိုက်ကွန်တစ်ခုရဲ့ ကြိုးဆက်ထုံးကလေးတွေနဲ့ တူနေပြီ။ အဖြစ်အပျက်တွေ အချက်အလက်တွေဟာ ပိုက်ကွန်ကြိုးတွေလို အဖက်ဖက်က ပတ်လည် ဆက်စပ်နေတာ၊ ရုတ်ချည်း ပြောင်းလဲသွားတာ၊ ထပ်ပြန်တလဲလဲ ဖြစ်နေတာ၊ တစ်ခုနဲ့တစ်ခု ရောနှောပြီး မတူညီတဲ့ မျက်နှာစာ နှစ်ဖက်စလုံးမှာ ပါဝင်နေတာ၊ တစ်ခုနောက်က တစ်ခုလိုက်နေတာ၊ အချက်အလက် တစ်ခုက အခြား အချက်အလက်တစ်ခုကို အုပ်ဖုံးနေတာ . . . စသဖြင့် အမျိုးမျိုး ရောပွမ်းပြီး တွေ့နေရပါတယ်။

♉ ♉ ♉

သမိုင်းကို မူသေ စိတ်ကူးတစ်ခုတည်းနဲ့ တညီတညွတ်တည်း အဖြောင့် သဘောဖြစ်အောင် ဆက်စပ်တည်ဆောက်လို့ မရတော့ပါဘူး။ မျှော်လင့်ထားလောက်စရာ မရှိတာတွေ ဖြစ်ပျက်လာကြတယ်။ ဒါကို သမိုင်းစဉ်ဆက်သဘော ပျက်ယွင်းမှု (Discontinuity) လို့ ခေါ်ပါတယ်။

♉ ♉ ♉

ယနေ့ မျက်မှောက်သမိုင်းမှာ အဲဒီ စဉ်ဆက်သဘောပျက်ယွင်းမှု (Discontinuity) တွေက အဓိက နေရာယူထားကြတယ်။ ဒါကြောင့် သမိုင်းပညာရှင်တွေက 'အညွှန်းသင်္ကေတ' တွေဖြစ်တဲ့ စကားလုံးတွေ အဖြစ်အပျက်တွေနဲ့ . . . အဲဒီသင်္ကေတတွေရဲ့ တန်ဘိုးကို နှိုင်းအကဲဖြတ်ပေးရမယ့် အခြေအနေ (အညွှန်းခံပစ္စည်း) တွေရဲ့ကြားမှာ 'ဆက်သွယ်ချက်ပျောက်' နေတယ်လို့ ဆိုကြတာပါ။

♉ ♉ ♉

BURMESE CLASSIC .com

www.burmeseclassic.com



အားလုံးကို လွှမ်းခြုံဆုံးဖြတ်ပေးမယ့် ပေါင်းချုပ်သမိုင်း (Total History) ဆိုတာ မရှိတော့ပါဘူး။ ကိစ္စတစ်ရပ်ဟာ အများစုကြီးနဲ့ ဆိုင်တဲ့ အနေအထား ရောက်လာတဲ့အခါမျိုးမှာသာ 'အလုပ်ဖြစ်' အောင် အများသဘောတူ ယေဘုယျသမိုင်း (General History) ကို တည်ဆောက်ရတော့တယ်။

ၓ ၓ ၓ

Michel Foucault ရဲ့ စကားနဲ့ ပြောရဦးမယ်ဆိုရင် . . . ကမ္ဘာ့ပြဇာတ်ကြီးတစ်ခုလို စိတ်ကူးထည်သမိုင်းကြီးထဲ လက်ရှိ အဖြစ်အပျက်တွေကို အံဝင်အောင် ဘယ်လို သွတ်သွင်းရမလဲ . . . လို့ စဉ်းစားမနေပါနဲ့။

လောလောဆယ် ဘာဖြစ်နေသလဲ။ အဲဒီအဖြစ်အပျက်ပေါ်မှာ 'အလုပ်ဖြစ်' အောင် ဘယ်လိုလုပ်ရမလဲ . . . ။ ဒါပဲ စဉ်းစားပါ။

ၓ ၓ ၓ

ကဲ . . . ဒါဖြင့် ကျွန်တော်တို့ရဲ့ လက်ရှိ ကမ္ဘာ့သမိုင်းကြီး တစ်ခုလုံးကို အလျားလိုက် သုံးသပ်ဖို့အတွက် ညီညွတ်မှု (Unity) တစ်ခုခုကို တောင်းဆိုကြရအောင်။

'အလုပ်ဖြစ်' ဖို့အတွက် ယေဘုယျသဘောဆောင်တဲ့ ညီညွတ်မှု တစ်ခုခုရှိသလိုမျိုး သဘောထားလိုက်ကြတာပေါ့။

ၓ ၓ ၓ

BURMESE CLASSIC .com

www.burmeseclassic.com



၁၆ ရာစုနဲ့ ၁၇ ရာစုများအတွင်းမှာ . . . အမျိုးသားရေးအရ ပေါင်းစည်းထားတဲ့ ပြည်နယ်နိုင်ငံတွေ ပေါ်ထွန်းလာခဲ့ပါတယ်။

အဲဒီလို ပေါ်ပေါက်စေရတဲ့ အဓိကအကြောင်းရင်းကြီး 'သုံးရပ်' ရှိပါတယ်။ အဲဒါတွေကတော့ . . .

(၁) ဘာသာစကား၊ စာပေရဲ့ အရေးပါ ပြန့်ပွားလားမှု

(၂) စစ်အင်အား ကြီးမား အားကောင်းလာမှုနဲ့

(၃) စီးပွားရေးကို မြှင့်တင်ပေးနိုင်တဲ့ အဆင့်လိုက် တာဝန်ယူ အုပ်ချုပ်မှုတို့ပဲ ဖြစ်ပါတယ်။

ဒီအချက် သုံးချက်ကို အခြေခံပြီး အမျိုးသားနိုင်ငံတွေ ထွန်းကားလာပါတယ်။ ဒါဟာ မော်ဒန်ခေတ်ရဲ့ အစပါပဲ။

ဗဗဗ

အခု ၂၀ ရာစုနှောင်းပိုင်း ကမ္ဘာကြီးမှာတော့ . . . စောစောက ပြောခဲ့တဲ့ သမိုင်းအမြင်နဲ့ ကွဲပြားခြားနားတဲ့ ပုံစံသစ် (New Order) တစ်ရပ် ထွန်းကားလာပါပြီ။

ဒီသမိုင်းပုံစံသစ်ဟာ အမျိုးသားရေးအသွင်သဏ္ဍာန်တွေအပေါ်မှာ အခြေခံထားတာ မဟုတ်ဘဲ နိုင်ငံတကာမှာ ထုနဲ့ထည်နဲ့ ပျံ့နှံ့နေတဲ့ (လူထုသဘော ဆောင်နေတဲ့) သတင်းမီဒီယာ ကွန်ယက်တွေ . . .

– ဗဟုယဉ်ကျေးမှု လူထုအနုပညာ(Popular Culture) နဲ့

– အဆင့်မြင့်နည်းပညာ (Cltigh Technology) နဲ့

– ကမ္ဘာကို လွှမ်းမိုးချယ်လှယ်နတဲ့ ကော်ပိုရေးရှင်းကြီးတွေ (Worldwide Corporations)

အပေါ်မှာ အခြေခံထားတာ ဖြစ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဒီလိုပုံစံသစ်နဲ့ ကမ္ဘာကြီးဟာ နိုင်ငံရေး တည်ငြိမ်မှု၊ စီးပွားရေး တည်ငြိမ်မှုတွေကို နိုင်ငံအချင်းချင်း ပူးပေါင်းဖလှယ် ကူညီရှာဖွေရင်းက အမျိုးသားရေးအရ ပေါင်းစည်းထားတဲ့ ပြည်နယ်နိုင်ငံတွေကို နောက်တစ်ဆင့်ဆီ ကူးပြောင်းသွားစေမှာဖြစ်ပါတယ်။

ဒါဟာ နံရံတွေကို ဖြိုချလိုက်တာဖြစ်တယ်လို့လည်းဆိုပါတယ်။

ၓ ၓ ၓ

ရက်စက်ကြမ်းတမ်းပြီး အရိုင်းအစိုင်းဆန်တဲ့ သဘာဝဘေး အန္တရာယ်တွေကနေ လွတ်မြောက်ဖို့ လူသားတွေ ဘယ်လောက် ကြိုးစားခဲ့ရတယ်ဆိုတာ ကျွန်တော် အကျယ်ချဲ့ပြီး မပြောတော့ပါဘူး။

လူ့လက်နဲ့ ဖန်တီးထားတဲ့ ပစ္စည်းကိရိယာတွေကို သုံးပြီး သဘာဝတရားကြီးကို အနိုင်ယူခဲ့တာ အားလုံး အသိပါ။ အဲဒီ သမိုင်းနဲ့ အတူပဲ အဲသည်လူသားတွေဟာ သူတို့ရဲ့ အချုပ်အခြာ အာဏာကို ဓားတွေ၊ လှံတွေနဲ့ တည်ဆောက် ကာကွယ်ခဲ့ရပါတယ်။

သူတို့ခေတ်ကို ကြီးမြတ် ခမ်းနားလှစွာသော အတ္တဘောကြီးများခေတ် (great Leviathans) လို့ နာမည်ပေးရအောင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ သူတို့ရဲ့ အရွယ်အစားကြီးမားမှုကို အားကိုးပြီး လူ့ယဉ်ကျေးမှုကို ထူထောင်ခဲ့ကြလို့ပါပဲ။

ကမ္ဘာ့သမိုင်းရဲ့ အလယ်ဗဟို ဇာတ်ကောင်ဖြစ်တဲ့ အဲဒီ အတ္တဘောကြီးများဟာ ဥစ္စာဓနအားဖြင့်လည်း ကြွယ်ဝခဲ့တယ်။ ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားခဲ့ကြတယ်။ အင်အား ကြီးမားတဲ့အလျောက် ရက်စက် ကြမ်းကြုတ်ခဲ့ကြတယ်။

လူမှုဘဝနဲ့ ပတ်သက်လာရင်လည်း စီးပွားရေး၊ စစ်ရေး၊ လူ့

www.burmeseclassic.com



အဖွဲ့အစည်း ပျိုးထောင်မှုတွေကို ထိန်းချုပ်စီမံခန့်ခွဲနိုင်တဲ့ စွမ်းရည်ရှိခဲ့ကြတယ်။ အဲဒီစွမ်းရည်ကိုသုံးပြီး သူ့ထက်ငါ လွှမ်းမိုးနိုင်အောင် အားပြိုင်မှုတွေ လုပ်ခဲ့ကြတယ်။

အဲသည်လောက်အထိ ခမ်းနားကြီးကျယ်ခဲ့တာပါ။

တကယ်ဆိုရင် သူတို့ဟာ မဟာအဖွဲ့အစည်း (Macro-Organizations) ကြီးတွေပါပဲ။

မော်ဒန်မတိုင်မီ ခေတ်မှာဆိုရင် . . . သူတို့ဟာ မြို့ပြနိုင်ငံတွေ ဖြစ်ကြတယ်။ မြေရှင်ပဒေသရာဇ်ကြီးတွေ ဖြစ်ကြတယ်။ လူမျိုးရောင်စုံ ရောနှောနေတဲ့ အင်ပါယာကြီးတွေဖြစ်ခဲ့ကြတယ်။

အင်အားလည်း သိပ်မကြီးလှ။ အချင်းချင်း စည်းလုံးမှုလည်း မရှိကြတဲ့ မြို့ပြနိုင်ငံတွေလည်း အများကြီးရှိတာပေါ့လေ။ အဲဒီအထဲကမှ အင်အားအကြီးဆုံး အတ္တဘောကြီးတွေဟာ အမျိုးသားသွင်ပြင်အရ တစ်ပေါင်းတည်းစုမိကြပြီး နယ်မြေပိုင်စိုးမှုလည်းရှိတော့ . . . 'အမျိုးသားပြည်နယ်နိုင်ငံ' တွေ ဖြစ်လာကြတယ်။

သူတို့ဟာ မော်ဒန်ခေတ်ကို ထူထောင်လိုက်ကြတာပါပဲ။

ㅇㅇㅇ

မော်ဒန်ခေတ်ကို လွန်လာတဲ့ ၂၀ ရာစုနှောင်းပိုင်းမှာတော့ ..။ အခုလည်း ကမ္ဘာကြီးဟာ မဟာအဖွဲ့အစည်း (Macro-Organizations) ကြီးများ ခေတ်လို ပြန်ရောက်နေရပြန်တာပါပဲ။

ဟိုး . . . တစ်ချိန်တုန်းကလိုပါပဲ။

အခုခေတ် မဟာအဖွဲ့အစည်းကြီးတွေဟာလည်း . . . ချမ်းသာကြွယ်ဝ၊ ယဉ်ကျေးမှုမြင့်မားပြီး အင်အား ကြီးမားတဲ့အလျောက် ရက်စက် ကြမ်းကြုတ် ကြတာပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



♉♉♉

မော်ဒန်ခေတ်မှာတုန်းက အမျိုးသားရေးအရ ပေါင်းစည်းမှုလည်း ရှိ နယ်မြေပိုင်စိုးမှုလည်း ရှိတဲ့ 'အမျိုးသား – ပြည်နယ်' နိုင်ငံတွေဟာ လူမှုအဖွဲ့အစည်းရဲ့ ထူးခြား ထင်ရှားပြီး အကျိုးကျေးဇူး ထွန်းကားစေတဲ့ သဏ္ဍာန်တစ်ရပ်ပဲ ဖြစ်ပါတယ်။

အခု မော်ဒန်လွန်ခေတ်မီမှာတော့ အဲဒီ လူမှုပုံသဏ္ဍာန်ဟာ အဆုံးသတ် ပျောက်ကွယ်သွားရတော့မယ့် အခြေအနေကို ရောက်နေပါပြီ။

♉♉♉

ပြောရမယ်ဆိုရင် . . . မော်ဒန်ခေတ်ရဲ့ အဓိက ထွက်ကုန် နှစ်ခုဟာ အမျိုးသားနိုင်ငံနဲ့ ပြည်နယ်နိုင်ငံပဲလို့တောင် ဆိုလို့ရပါတယ်။ (ကမ္ဘာကြီးရဲ့ တချို့နေရာတွေမှာ အမျိုးသားသွင်ပြင်အရ ပေါင်းစည်းမှု ရှိပေမယ့် နယ်မြေပိုင်စိုးမှု မရှိတာ၊ နယ်မြေ ပိုင်စိုးမှုရှိပေမယ့်လို့ အမျိုးသားရေးသွင်ပြင်အရ ပေါင်းစည်းမှု မရှိတာ . . . ၊ စသဖြင့် တစ်ခြမ်းပဲ့ ပုံစံတွေတော့ရှိတာပေါ့လေ)

♉♉♉

ဒါပေမယ့် အကြမ်းဖျင်းအားဖြင့်ပြောရရင် . . . မော်ဒန်ခေတ်ကြီး တစ်ခေတ်လုံးဟာ 'အမျိုးသား – ပြည်နယ်' နိုင်ငံတွေ ဘုန်းမီးနေလ တောက်ပရာ ဘူမိနက်သန်ကြီးပါပဲ။

အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီနဲ့ ဂျပန်တို့ကိုကြည့် လိုက်ရင် သိသာပါတယ်။ (ဒီအထဲမှာ အမေရိကန်နဲ့ ယခင် ဆိုဗီယက် တို့ကိုတော့ ပြည်ထောင်စုတွေအဖြစ်နဲ့ ခြွင်းချက် ထားရပေလိမ့်မယ်)

BURMESE CLASSIC .com

www.burmeseclassic.com



ဗ ဗ ဗ

မော်ဒန်မတိုင်မီ ခေတ်တုန်းက ခြေဦးတည့်ရာ သွားလာနေတဲ့ လူမျိုးစုတွေ၊ အသားအရောင် တူ/ကွဲ အုပ်စုတွေ၊ ဒေသခံတွေ အများကြီး ရှိခဲ့ကြတယ်။

အဲဒီလူတွေဟာ စုပေါင်းမိကြပြီးတော့ . . . ဘာသာစကား တစ်မျိုးတည်းပြောတဲ့ အုပ်စုကြီးအဖြစ်နဲ့ နေထိုင်လာကြတယ်။ သူတို့ သုံးစွဲစရာ 'စာပေ' လည်း ထွန်းကားလာတယ်။ အဲဒီမှာ သူတို့ဟာ အမျိုးသားရေးသွင်ပြင်ကို ဆောင်ပြီး တစ်စည်းတစ်လုံးတည်း ဖြစ်လာကြတော့တာပဲ။

အဲဒီလို အမျိုးသားစည်းလုံးညီညွတ်ရေး အားကောင်းတဲ့ အချိန်ဟာ ၁၅ ရာစုလောက်မှာတင် စတင်ဖြစ်ပေါ် . . . လို့ ဆိုပါတယ်။

အဲဒီအချိန်မှာ ပုံနှိပ်လုပ်ငန်းကလည်း ထွန်းကားလာပြီဆိုတော့ . . . ဘာသာစကား/စာပေဟာ အမျိုးသားရေးလက္ခဏာရဲ့ မဏ္ဍိုင်တစ်ခု အဖြစ် ပိုပြီး ခိုင်မာတွန်းအားပေးလာပါတယ်။

နောက်ပြီး ပရိုက်တက်စတင့် ဆန်းသစ် တော်လှန်ရေး လုပ်လိုက်တော့ . . . အမျိုးသားရေးစုစည်းမှု ပိုပြီး ပျံ့နှံ့အားကောင်းလာတယ်။ နောက်ပိုင်းမှာ အလင်းခေတ် (Age of Enlightenment) ရောက်လာပြီး ၁၉ ရာစုမှာ စာသင်ကျောင်းတွေ တည်ထောင်၊ (လူထုသဘောဆောင်တဲ့) အစုလိုက်၊ အပြုံလိုက် ပညာသင်ကြားရေးတွေ လုပ်လာခဲ့ကြတာ ၂၀ ရာစုရောက်တဲ့အထိပါပဲ။

အဲဒီ မော်ဒန်ခေတ်မတိုင်မီ ကာလကတည်းက မြို့ပြတွေ၊ ပဒေသရာဇ်နယ်မြေတွေ၊ အင်ပါယာတွေရှိခဲ့ကြတာ မှန်ပါတယ်။ ဒါပေမယ့် သူတို့ဟာ နိုင်ငံ (State) အဆင့်ကို ပီပီပြင်ပြင်ရောက်တာ . . .

BURMESE CLASSIC .com

www.burmeseclassic.com



– စနစ်ကျတဲ့ အဆင့်ဆင့် တာဝန်ယူအုပ်ချုပ်ရေးစနစ်နဲ့

– အများသုံး ဘာသာစကား/စာပေ

တို့ ထွန်းကားပြီးမှပါ။

ႸႸႸ

အဲဒီအချိန်ကာလမှာ အုပ်ချုပ်ရေးစနစ် ထွန်းကားဖို့ အရေးအကြီးဆုံး ပါဝင်အားဖြည့်ပေးတဲ့ အစိတ်အပိုင်းတစ်ရပ်ကတော့ 'စစ်တပ်' ပဲ ဖြစ်ပါတယ်။ သေနတ်နဲ့ ယမ်းမှုန့်တို့ကို တီထွင်သုံးစွဲတတ်လာပြီးတဲ့ နောက်ပိုင်းမှာ အမြဲတမ်းစစ်တပ်ကြီးတွေဟာ ပိုလို့တောင် အားကောင်းလာပါသေးတယ်။

ကုန်သွယ်မှုတော်လှန်ရေးတွေ၊ ပြီးတော့ . . . နောက်ပိုင်းမှာ ဖြစ်လာတဲ့ စက်မှုတော်လှန်ရေးတွေကလည်း အမြဲတမ်း စစ်တပ်ကြီးတွေ တည်ရှိနေဖို့ ဘဏ္ဍာရေးအထောက်အပံ့ ပေးလာပါတယ်။

ႸႸႸ

ဒါကြောင့် ၁၆ ရာစုရဲ့ အခြေအနေကို ကြည့်လိုက်ရင် အဓိက လှုပ်ရှားမောင်းနှင်နေတဲ့ အင်အားကြီးနှစ်ရပ်အဖြစ်

(၁) ဘာသာစကား/စာပေနဲ့

(၂) အုပ်ချုပ်ရေးစနစ် (စစ်တပ်အပါအဝင်) တို့ကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒါတွေဟာ နိုင်ငံတစ်ခုရဲ့ အသက်ပါပဲ။

အဲသည်လို ဖွဲ့စည်းထားတဲ့ ၁၆ ရာစုရဲ့ ထူးခြားတဲ့ သွင်ပြင်လက္ခဏာတွေအနေနဲ့ အင်္ဂလန်နဲ့ပြင်သစ်ကို ထုတ်နုတ်ပြပါမယ်။

အင်္ဂလန်မှာ ဘုရင်စနစ် ထွန်းကားနေပြီး ဗဟိုချုပ်ကိုင်မှုရှိတဲ့ အဆင့်ဆင့် တာဝန်ယူအုပ်ချုပ်ရေးကို ကျင့်သုံးနေပါတယ်။ အမျိုးသား

BURMESE CLASSIC .com

www.burmeseclassic.com



ဘာသာရေး ဘုရားကျောင်းကလည်း အင်အားတစ်ရပ် ဖြစ်ပါတယ်။ အဲဒါတွေ အားလုံးက အင်္ဂလန်ကို ပထမဦးဆုံး အမျိုးသားနိုင်ငံအဖြစ် တွန်းပို့လိုက်တာပါပဲ။

ပြင်သစ်မှာလည်း ဒီလိုပါပဲ။

ပိုပြီး တိတိကျကျ ပြောရရင် ၁၇ ရာစုမှာပါ။ ပြင်သစ်ရဲ့ ဘုရင်စနစ်က အင်္ဂလန်ထက်တောင်မှ ပိုပြီး ကြီးမားအားကောင်းပါသေးတယ်။ အုပ်ချုပ်ရေးကလည်း ပိုပြီး ဗဟိုချုပ်ကိုင်မှုဆန်ပါတယ်။ ဒီနေရာမှာ တစ်ခုစဉ်းစားစရာရှိတာက . . . အုပ်ချုပ်ရေးစနစ်ဟာ စီးပွားရေး ဖွံ့ဖြိုးမှုကို အားပေးနိုင်တဲ့အထိ လက်တံရှည်ခဲ့တာပါပဲ။ ဒါကြောင့် . . .

(၁) ဘာသာစကား/စာပေ

(၂) အဆင့်ဆင့် တာဝန်ယူအုပ်ချုပ်ရေးစနစ်

(၃) အဲဒါတွေနဲ့ ဆက်စပ်နေတဲ့ . . . စီးပွားရေး

သုံးချက်ဟာ . . . အမျိုးသားနိုင်ငံတစ်ခုရဲ့ ပင်မထောက်တိုင်ကြီးသုံးတိုင်ပဲ . . . လို့ ကောက်ချက်ချလို့ရပါတယ်။

အဲဒီ အမျိုးသားနိုင်ငံကြီး နှစ်နိုင်ငံ (အင်္ဂလန်နဲ့ပြင်သစ်) ဟာ အချင်းချင်း စစ်ဖြစ်လိုက်ကြတာ နှစ်ပေါင်းတစ်ရာကျော် ကြာသွားပါတယ်။ နောက်ဆုံး . . . ၁၈၁၅ ခုနှစ် ရောက်ပြီး ဝါတာလူးစစ်ပွဲမှာ နပိုလီယန် စစ်ရှုံးသွားတဲ့ အချိန်အထိပါပဲ။

အဲဒီစစ်ပွဲကြီးကြောင့်ပဲ သူတို့ဟာ အရင်ကထက် ပိုပြီး အမျိုးသားရေးစိတ်ဓာတ် ပိုထက်သန်လာကြတယ်။ နိုင်ငံချစ်စိတ် ပိုအားကောင်း လာကြပါတော့တယ်။

ဝဝဝ

BURMESE CLASSIC .com

www.burmeseclassic.com



၁၉ ရာစု အစပိုင်းကျတော့ အဲဒီ အင်အားကြီးနိုင်ငံကြီးနှစ်ခု အပြင် အခြားသောအစုအဖွဲ့ကလေးတွေဟာလည်း ထုနဲ့ထည်နဲ့ အင်အား တစ်ရပ်ဖြစ်လာပါပြီ။ အဲဒီအထဲက တချို့ကျတော့လည်း အမျိုးသား ပြည်နယ်နိုင်ငံအဖြစ်ကို တစ်စိတ်တစ်ပိုင်း ကူးပြောင်းနေပြီပေါ့။

ဆိုလိုတာက . . . တချို့ဟာ အမျိုးသားရေး သွင်ပြင်အရ ပေါင်းစည်းနေကြပေမယ့် နယ်မြေပိုင်စိုးမှု မရှိသေးတာ၊ တချို့ကတော့ လည်း နယ်မြေပိုင်စိုးမှုသာရှိပြီး အမျိုးသားနိုင်ငံအဖြစ် မထူထောင်နိုင် သေးတာ . . . တွေပေါ့။

အများစုက လုံးဝကို အမျိုးသားနိုင်ငံအဖြစ် မရောက်ကြသေး ပေမယ့် အင်ပါယာကြီးတစ်ခုအတွင်းမှာ အသွေးအရောင်တူ အုပ်စုတွေ ဖွဲ့မိနေကြပါပြီ။ ဒီတော့ . . . ခြုံငုံပြီးပြောရရင် ၁၉ ရာစု မော်ဒန်ခေတ် ဟာ အမျိုးသားနိုင်ငံတွေ ပေါ်ထွန်းဖို့ သန္ဓေတည်ရာကာလဖြစ်တယ်လို့ပဲ ဆိုရမှာပေါ့။

နမူနာပုံစံလိုဖြစ်နေတဲ့ အင်္ဂလန်နဲ့ ပြင်သစ်တို့ရဲ့ အမျိုးသား နိုင်ငံအဖြစ် ရပ်တည်မှုဟာ အရှေ့ဘက်ဆီကို ဂယက်ရိုက်သွားပါတယ်။

ပြင်သစ်ရဲ့ အရှေ့ဘက်ကပ်ရက်မှာတော့ အမျိုးသားရေးသွင်ပြင် အရ စုစည်းမိပြီးသားဖြစ်နေတဲ့ ဂျာမဏီနဲ့ အီတလီတို့ ရှိပါတယ်။ နယ်မြေပိုင်စိုးမှုအရလည်း တရားဝင် သတ်သတ်မှတ်မှတ်သာ မရှိသေး တာ၊ ပထဝီဝင်အနေအထားအရ အဆင်ပြေပြီးသားပဲ။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီနိုင်ငံနှစ်ခုဟာ သူတို့နဲ့အတူ အခြား သော အမျိုးသားလက္ခဏာရှိတဲ့ တိုင်းပြည်တွေနဲ့ ရောနှောပြီး ဩစတြီးယန်း အင်ပါယာရဲ့ လွှမ်းမိုးမှုအောက်မှာ နေထိုင်ရလို့ပါ။

BURMESE CLASSIC .com

www.burmeseclassic.com



ဂျာမဏီနဲ့ အီတလီထဲမှာကိုပဲ အမျိုးသားရေး သွင်ပြင်မရှိဘဲ ပြည်နယ်နိုင်ငံဖြစ်နေတဲ့ ပရပ်ရှားနဲ့ ပီယက်မွန်တို့ ရှိပါတယ်။

နောက်တော့ . . . ပရပ်ရှားရဲ့ ပထဝီနယ်နိမိတ်နဲ့ ဂျာမဏီရဲ့ အမျိုးသားရေး သွင်ပြင်စုစည်းမှုတို့ ပေါင်းပြီး **ဂျာမဏီအမျိုးသားနိုင်ငံ** ရယ်လို့ ဖြစ်လာပါတယ်။

**အလားတူ . . . ပီယက်မွန်ရဲ့ ပထဝီပြည်နယ်လက္ခဏာနဲ့ အီတလီရဲ့ အမျိုးသားရေးသွင်ပြင်တို့ ပေါင်းပြီး အီတလီ အမျိုးသား နိုင်ငံရယ်လို့ ဖြစ်လာခဲ့ပါတယ်။**

ဒါဟာ ၁၉ ရာစုရဲ့ အရေးကြီးဆုံး အဖြစ်အပျက်နှစ်ခုပါပဲ။ နဂိုကတည်းက အတွင်းသား စုစည်းမှုရှိတဲ့ အမျိုးသားရေးအုပ်စုတွေဟာ ပိုပြီး ကျစ်လစ်အားကောင်းတဲ့ အမျိုးသားနိုင်ငံတွေအဆင့်ကို ကူးပြောင်း သွားနိုင်တယ်ဆိုတဲ့ သာဓကလည်း ဖြစ်ပါတယ်။

ဗဗဗ

အခုဆိုရင် စံပြအမျိုးသားနိုင်ငံကြီး လေးနိုင်ငံဖြစ်လာပါပြီ။ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီ . . . ပေါ့။

အဲဒီနိုင်ငံတွေရဲ့ အရှေ့ဘက်မှာ ကပ်လျက် လူမျိုးစု နယ်မြေ တွေဟာလည်း ဆယ့်နှစ်ခုထက်မနည်း ရှိနေပါတယ်။ အများစုက ဆလာဗစ်ဘာသာစကားပြော နိုင်ငံတွေပါ။ (ဟန်ဂေရီနှင့် ရိုမေနီးယန်းမပါ) ဒီတော့ အမျိုးသားရေး သွင်ပြင်လက္ခဏာအရ ဘာသာစကားတစ်မျိုး တည်းအောက်မှာ တူညီစုစည်းမှုရှိတယ် ဆိုရမှာပေါ့။

ဒီနေရာမှာ . . .

- အမျိုးသားရေးစည်းလုံးမှု ထွန်းကားလာတာဟာ 'ဘာသာ စကား' အပေါ်မှာ အခြေခံပြီး

www.burmeseclassic.com



- နိုင်ငံတစ်ခုအဆင့်ကို ပီပြင်လာစေတာ 'အဆင့်ဆင့် တာဝန်ယူ အုပ်ချုပ်ရေးစနစ်' အပေါ်မှာ အခြေခံတယ်။ ဆိုတာ သတိပြုမိစေချင်ပါတယ်။

ဗဗဗ

အမျိုးသားနိုင်ငံအဖြစ် ကူးပြောင်းဖို့ တာစူနေတဲ့ ဆလဗ်လူမျိုးတွေရဲ့ လှုပ်ရှားမှုကို ပြန်ကြည့်ရအောင်။

အမျိုးမျိုး ကွဲပြားနေတဲ့ ဆလဗ်ဘာသာစကားကြောင့် ဆလဗ် အမျိုးသားစာပေဆိုတာလည်း အများကြီး ကွဲကုန်တယ်။ အမျိုးသားရေး သွင်ပြင်လက္ခဏာလည်း တစ်ခုနဲ့တစ်ခု ခြားနားကုန်တယ်။ အဲဒီမှာတင် ဆလဗ်နိုင်ငံတွေ အကွဲကွဲအပြားပြား အများကြီး ပေါ်ထွန်းလာတော့တာပါပဲ။

မိုးဦးကျ မှိုတွေပေါက်သလို . . . လို့ပဲ တင်စားကြမလား၊ ဝါး အစည်းပြေသလို . . . လို့ပဲ ဆိုမလား၊ ကြိုက်သလို ပြောကြပေါ့လေ။

ဆလဗ်နိုင်ငံ ပီစိကွေးကလေးတွေ၊ အစိတ်စိတ်အမွှာမွှာပေါ်ထွန်း လာခဲ့တာတော့ အမှန်ပဲ။

အဲသည်လို ပေါ်ထွန်းလာခဲ့တဲ့ ဆလဗ်နိုင်ငံ အများစုကတော့ တကယ့်ကို နိုင်ငံသေးသေးကလေးတွေမို့လို့ ကိုယ့်နိုင်ငံ ကိုယ်ကာကွယ် စောင့်ရှောက်နိုင်စွမ်းအားလည်း မရှိဘူး။ စီးပွားရေးအရလည်း မဖွံ့ဖြိုးဘူး။

အဲဒီအချိန်မှာ အခွင့်ကောင်းရသွားတာကတော့ ရုရှားပဲ။ ရုရှား က သိပ်အင်အားကောင်းနေတဲ့ အချိန်ကိုး။ သူက အမျိုးသားနိုင်ငံတစ်ခု မဟုတ်ပါဘူး။ လူမျိုးပေါင်းစုံ ရောနှောနေတဲ့ အင်ပါယာကြီးပါ။

BURMESE CLASSIC .com

www.burmeseclassic.com



ဒါကြောင့်ပဲ . . . နေ့မစေ့၊ လမစေ့ မွေးထားတဲ့ ဆလဗ် အမျိုးသား နိုင်ငံကလေးတွေရဲ့ ယဉ်ကျေးမှုကို ဇာဘုရင်ရဲ့ ရုရှားအင်ပါယာကြီးက ဝါးမျိုပစ်လိုက်ပါတယ်။

ဒီလိုနဲ့ . . . အမျိုးသားနိုင်ငံ ပေါ်ထွန်းရေး လှုပ်ရှားမှု ဝိညာဉ်ဟာ အနောက်နဲ့ ဥရောပအလယ်ပိုင်းကို ဗဟိုပြုပြီး အရှေ့ဘက်ဆီကို ဆန့်ထွက် လာခဲ့ပါတော့တယ်။

ပပပ

(၂၁ ရာစု အာရှတိုက်ရဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု သွင်ပြင်အနေအထားကို ပြောတဲ့အခါ ကျွန်တော့်အနေနဲ့ ဂျပန်လို အဓိက ထားပြီးပြောဖို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့် . . . အခု ၁၉ ရာစု အမျိုးသားနိုင်ငံရေးဂယက်နဲ့ ပတ်သက်ပြီးတော့လည်း ဂျပန်တစ်ခုတည်း ကိုပဲ ကွက်ပြီး ရည်ညွှန်းဆွေးနွေးခွင့်ပြုပါ)

ပပပ

၁၉ ရာစု အစောပိုင်းကတည်းက ဂျပန်ဟာ ကိုယ့်အမျိုးသား ရေး လက္ခဏာနဲ့ကိုယ် ရပ်တည်နိုင်ခဲ့တာပါ။ ဘာသာစကား/စာပေအား ဖြင့်ဆိုရင်လည်း ဥရောပနိုင်ငံ အများစုထက် မနိမ့်ကျတဲ့ အနေအထား မှာရှိပါတယ်။

မေဂျီပြုပြင်ပြောင်းလဲရေး (၁၈၆၇-၁၉၁၂) ဟာ ဂျပန်ရဲ့ မော်ဒန်ခေတ်လို့တောင် ပြောရမလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ လှုပ်ရှားမှုက ဂျပန်ကို အမျိုးသားပြည်နယ်နိုင်ငံအဖြစ် တင်းပြည့်ကျပ်ပြည့် ရောက်အောင် တွန်းပို့လိုက်လို့ပါ။

အဲဒီကနေ နှစ်ပေါင်း ၁၀၀ ကျော်ကြာပြီးတဲ့ ကနေ့ခေတ်မှာ ဂျပန်ဟာ ကမ္ဘာပေါ်မှာ ယဉ်ကျေးမှုအရလည်း ဖွံ့ဖြိုး၊ အမျိုးသားရေး

BURMESE CLASSIC .com

www.burmeseclassic.com



သွင်ပြင်လက္ခဏာအရလည်း တစ်သွေးတည်း တစ်သားတည်းရှိတဲ့ တစ်ခု တည်းသော အမျိုးသားနိုင်ငံအဖြစ် ရှိနေပါပြီ။

♉ ♉ ♉

ဒါကြောင့် နိဂုံးချုပ်ရမယ်ဆိုရင် . . .

အမျိုးသားနိုင်ငံတည်ထောင်ရေး လှုပ်ရှားမှုကြောင့် (၁၉ ရာစု အကုန်၊ ၂၀ ရာစုအစပိုင်းမှာ) ကမ္ဘာမှာ အတုယူလောက်စရာ အမျိုးသား နိုင်ငံကြီး (၅)နိုင်ငံ ဖြစ်လာခဲ့ပါတော့တယ်။

အဲဒါတွေကတော့ . . . အင်္ဂလန်၊ ပြင်သစ်
ဂျာမဏီ၊ အီတလီ . . . နဲ့
ဂျပန်နိုင်ငံတို့ပါပဲ။

♓ ♓ ♓

ဒီနေရာမှာ တစ်ခု ဖြတ်ပြောစရာရှိလာတာက . . . ဟောဒီ ကောက်ချက်တွေအပေါ်မှာ ဘယ်သူတွေက ဘယ်လောက် သဘောတူညီပြီး ဘယ်သူတွေက ဘယ်လောက်အထိ ငြင်းဆန်ကြမလဲ . . . ဆိုတဲ့ ကိစ္စ ပါပဲ။

အားလုံး တပြေးညီ 'ဒီအတိုင်းလက်ခံကြ' ဖို့ကော လိုအပ် လို့လား။ တကယ်တမ်း ပြောကြကြေးဆိုရင် အဲသည်လို လက်ခံဖို့၊ လက်မခံဖို့ မျှော်လင့်ချက်တွေကို ကျွန်တော် သိမ်းပိုက်မထားပါဘူး။ ကိုယ့်အလိုဆန္ဒနဲ့ကိုယ်သာ ရှိပါစေ။

သမိုင်းရေး အယူအဆနဲ့ ပတ်သက်လို့ ငြင်းကြခုန်ကြပြီဆိုရင် ကိုယ့်ရဲ့ နောက်ခံအကြောင်းအရာတွေ . . . ၊ စွဲကိုင်ရာဝါဒတွေ . . . ပါလာတော့မယ်။ ပါလာပါစေ။ အယူအဆတွေဟာ အယူအဆတွေဖြစ် နေရင် ကျွန်တော့်ဘက်ကတော့ ဘာမှပြောစရာ လိုမယ်မဟုတ်ပေဘူး

BURMESE CLASSIC .com

www.burmeseclassic.com



ဒါပေမယ့် . . . အယူအဆတွေဟာ 'ပေတံ' တွေ ဖြစ်မလာဖို့ကိုတော့ ကျွန်တော်ပြောရလိမ့်မယ်။

ဗဗဗ

ပုံပြင်လိုလို အဖြစ်အပျက်တစ်ခု ကြားဖူးပါတယ်။

ရှေးခေတ်ကပေါ့ . . . ။ ရွာတစ်ရွာရဲ့ ဘုန်းကြီးကျောင်းမှာ အင်မတန်မှ သူများကို ဆရာလုပ်ချင်တဲ့ ကိုရင်ကြီးတစ်ပါးရှိတယ်ဆိုပဲ။

ကံဆိုးချင်တော့ . . . မြို့မှာ ကျောင်းတက်ပြီးပြန်လာတဲ့ ကျောင်းသားတစ်ယောက်က အဲဒီ ဘုန်းကြီးကျောင်းမှာ ဝင်တည်းရော။

ထုံးစံအတိုင်း . . . ကိုရင်ကြီးက ဟိုမေးသည်မေး လုပ်တာပေါ့။ အဲသည်ခေတ်က မြို့မှာ ကျောင်းတွေ၊ တက္ကသိုလ်တွေ သွားတက်ခွင့်ရတဲ့သူ အတော့်ကို ရှားပါလိမ့်မယ်။

ကိုရင်ကြီးမေးတာက အကောင်းမဟုတ်ဘူး။ ကျောင်းသားကို 'မင်းလို မြို့မှာ ကျောင်းတက်ရတဲ့ ကောင်ထက်တောင် ငါက ပိုတတ်တယ်' လို့ ပညာပြချင်တာ . . . ။ ကိုရင်ကြီးက . . .

'မင်း . . . မြို့ကကျောင်းမှာ ဘာစာတွေများ သင်ရတုန်း'

'တပည့်တော် အယ်လ်ဂျီဘရာ (Algebra) သင်ရပါတယ် ဘုရား'

အဲဒီမှာ ကိုရင်ကြီး စိတ်ညစ်ရတော့တာပဲ။ ဆရာကလည်း လုပ်ချင်၊ ကျောင်းသားပြောတဲ့ Algebra ဆိုတာကိုလည်း တစ်ခါမှ မကြားဖူး။

ဒါနဲ့ . . .

'မင့် အယ်လ်ဂျီဘရာဆိုတာ ဘယ်လိုပညာမျိုးတုန်းကွ'

လို့ ထပ်မေးရပြန်တာပေါ့။ ဒီတော့ ကျောင်းသားက . . .

BURMESE CLASSIC .com

www.burmeseclassic.com



'တင်ပါ့ဘုရား၊ အက္ခရာသင်္ချာကို ခေါ်တာပါ'
ဆိုပြီးတော့ ဂဏန်းသင်္ချာတွေနဲ့ အက္ခရာကိန်းတွေ ရောနှောပြီး တွက်ရပုံ၊ မသိကိန်းရှာရပုံတွေကို ပြောပြတယ်။

ကိုရင်ကြီး ဘယ်နားလည်နိုင်မလဲ၊ သူနဲ့ အဝေးကြီး။ ဒါပေမယ့် ကိုရင်ကြီး အလျှော့ပေးမယ် ထင်သလား။ မလျှော့ဘူး။ နောက်ဆုံး . . . ကိုရင်ကြီးက

'ကိုင်း . . . မင်း ဒီလောက်တတ်လှဖြင့်ရင် . . . ငါ့ ဘွဲ့နာမည် နန္ဒိယဝံသကို မင့် အယ်လ်ဂျီဘရာနဲ့ စာလုံးပေါင်းပြစမ်းကွာ' လို့ ခိုင်းသတဲ့။

♉♉♉

ကျွန်တော် ပြောချင်တာက ရိုးရိုးကလေးပါ။ သမိုင်းရေး အယူ အဆတင် မဟုတ်ပါဘူး။ ဘယ်ပညာမဆို လေ့လာလို့ ပြီးဆုံးတယ်၊ ပြည့်စုံတယ်ရယ်လို့မှ မရှိတာ။

♓♓

ကျေးဇူးပြုပြီး . . . ကျွန်တော့်ကို အက္ခရာသင်္ချာနဲ့ နာမည် စာလုံးပေါင်းပြဖို့ လာမခိုင်းပါနဲ့။

❐

ဒီနောက်မှာ အမေရိကန်ပြည်ထောင်စုအကြောင်း နည်းနည်း ထည့်ပြောပါရစေ။

အမေရိကန်ဟာ (ကျွန်တော် ရှေ့ကပြောခဲ့တဲ့ နိုင်ငံကြီး ၅ နိုင်ငံလို) အမျိုးသားနိုင်ငံတော်အဆင့်ကို ဘယ်တုန်းကမှ မရောက်ခဲ့ဖူး ပါဘူး။

BURMESE CLASSIC .com

www.burmeseclassic.com



ပြင်သစ်တော်လှန်ရေးကြီး အစပျိုးချိန်လည်း ဖြစ်၊ အမေရိကန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုလက်မှတ် ရေးထိုးချိန် လည်းဖြစ်တဲ့ ၁၇၈၉ ခုနှစ်မှာ နိုင်ငံအဖွဲ့အစည်းပုံစံ နှစ်ရပ် လူလား မြောက်လာပါတယ်။ အဲဒါတွေကတော့ . . .

- ပြည်ထောင်စု သမ္မတနိုင်ငံနဲ့
- တစ်မျိုးသား တစ်ပြည်နယ် နိုင်ငံတို့ ဖြစ်ပါတယ်။

ဗဗဗ

အမျိုးသားပြည်နယ်တွေ တန်းတူညီတူ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စု သမ္မတနိုင်ငံ (Federal Republic) ပုံစံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ လောက်ကတည်းက သန္ဓေတည်နေတာပါ။ ဒါပေမယ့် ကမ္ဘာက အဲဒီပုံစံကို စိတ်ဝင်စားမှု နည်းခဲ့တယ်။

အားလုံးနီးပါးလောက်က အင်္ဂလန်တို့၊ ပြင်သစ်တို့လိုပဲ 'တစ် မျိုးသား တစ်ပြည်နယ်' အဖြစ် သီးသန့်နိုင်ငံ ထူထောင်ချင်နေကြတာ။ ခြွင်းချက်အားဖြင့် . . . မက္ကဆီကိုနဲ့ ဘရာဇီးလ်တော့ ရှိတာပေါ့လေ။ သူတို့က သူတို့ကိုယ်သူတို့ ဖယ်ဒရယ် ပြည်ထောင်စုတွေလို့ နာမည် တပ်တယ်။ ၁၈၄၈–နောက်ပိုင်းမှာ ဆွစ်ဇာလန်ကလည်း ဖယ်ဒရယ် ပြည်ထောင်စု သဘောဆောင်လာပါတယ်။

ဒါပေမယ့် နောက်ပိုင်းကျတော့ အမေရိကန်ရဲ့ ဖယ်ဒရယ် ပြည်ထောင်စု ပုံစံက နာမည်ကြီးလာတယ်။ ကမ္ဘာ့နိုင်ငံတွေက အမေရိကန် ကို အားကျပြီး ဖယ်ဒရယ်ပြည်ထောင်စု ဖြစ်ချင်လာကြလို့တော့ မဟုတ် ဘူး။

အမေရိကန်ရဲ့ 'တစ်မျိုးသား၊ တစ်ပြည်ထောင်' နိုင်ငံအဆင့် ကနေ ကျော်လွန်ထွက်ကြဖို့ လှုံ့ဆော်မှုတွေက အားလုံးကို စိတ်ဝင်တစား ဖြစ်လာစေတယ်လေ။

BURMESE CLASSIC .com

www.burmeseclassic.com



အဓိကလှုပ်ရှားမှုကတော့ . . . သီးခြားစီနေထိုင်တဲ့ ကမ္ဘာ့နိုင်ငံအသီးသီးကို နိုင်ငံတကာအဖွဲ့အစည်းကြီးတွေထဲမှာ အဖွဲ့ဝင်အဖြစ် ပါဝင်လာစေတာပါပဲ။ အဲဒါကနေ တစ်ကမ္ဘာလုံးရဲ့ ကိစ္စရပ်တွေကို အတူတကွ ပူးပေါင်းဖြေရှင်းနိုင်မယ့် ကမ္ဘာ့ကုလသမဂ္ဂ (United Nations) လို အဖွဲ့ကြီးမျိုးတွေ ဖွဲ့လာနိုင်တယ်။

နေတိုး (NATO) အဖွဲ့လို့ လူသိများတဲ့ မြောက်အတ္တလန်တိတ်စာချုပ်အဖွဲ့၊ အမေရိကန်ပြည်နယ်များ အစည်းအရုံး၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ် . . . စတဲ့ အဖွဲ့ကြီးတွေပါတာပေါ့။

တစ်နည်းအားဖြင့် ပြောရရင် ဒါတွေဟာ ဥရောပနိုင်ငံများရဲ့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အလှန်ဆက်ဆံ ပူးပေါင်းမှုကို ထွန်းကားလာစေခဲ့တာပါပဲ။

ဝဝဝ

– ဖယ်ဒရယ် ပြည်ထောင်စုပုံစံနဲ့

– တစ်မျိုးသား တစ်ပြည်ထောင်ပုံစံတို့ဟာ

အမေရိကန်နိုင်ငံအတွင်းမှာကို အတိအလင်း အလံလှုပွဲ နွှဲခဲ့ရတာပါ။ ၁၈၆၁–၆၅ မှာ ဖြစ်ပွားခဲ့တဲ့ အမေရိကန်ပြည်တွင်းစစ်ကို ကြည့်လိုက်ရင် သိသာပါတယ်။

အမေရိကန်မြောက်ပိုင်းရဲ့ ရပ်တည်ချက်ပုံစံက တစ်မျိုးသား တစ်ပြည်ထောင်ပုံစံဖြစ်ပြီး၊ တောင်ပိုင်းကတော့ ဖယ်ဒရယ်ပြည်ထောင်စု သဘောဆောင်ပါတယ်။ အဲဒီနှစ်ဘက် . . . စစ်ဖြစ်ကြတာပါ။

အဲဒီ ကာလတုန်းကတော့ . . . အမေရိကန်ဟာ တစ်မျိုးသား တစ်ပြည်ထောင် နိုင်ငံပုံစံကိုပဲ အုတ်မြစ်ချတော့ မလိုပါပဲ။ ဒါပေမယ့် ၁၈ရရ ခု ပြန်လည်တည်ဆောက်ရေးကာလ နောက်ပိုင်းကျတော့ ဖယ်ဒရယ် ပြည်ထောင်စုပုံစံက တစ်ခါပြန်ပြီး ဩဇာကြီးမား လာပါတော့တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



❒

တစ်မျိုးသား၊ တစ်ပြည်ထောင်ပုံစံဟာ အမေရိကန်မှာ ဒုတိယအကြိမ် ခေါင်းထောင်ထလာတဲ့ ၁၈၉၀ ခုနှစ်များဆီက ကာလတစ်ခု ရှိခဲ့ပါသေးတယ်။ စပိန်–အမေရိကန်စစ်ပွဲ ၁၈၉၈ ခုနှစ်မှာ ဖြစ်ပွားပြီး အမေရိကန်ဟာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ အင်အားကြီးတစ်ခုအဖြစ်နဲ့ ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီ အမျိုးသားရေး အရှိန်အဟုန်ဟာ သီယိုဒိုရူစဗဲ့လက်ထက် (၁၉၀၁–၀၉) မှာ ဒီရေအမြင့်ဆုံးအချိန်ကို ရောက်ခဲ့တာပေါ့။ အဲဒီမှာ အမျိုးသားရေးဝါဒသစ် New Nationalism အယူအဆ ထွန်းကားခဲ့တာ မှတ်မိကြမှာပါ။

ခြုံပြီး ပြောရမယ်ဆိုလို့ရှိရင် . . . ၁၈၉၀ နှစ်များဆီကနေ ၁၉၆၀ ပြည့်နှစ်များအထိ ကာလဟာ အမေရိကန်နိုင်ငံရဲ့ တစ်မျိုးသား တစ် ပြည်ထောင်စနစ် အဆန်ဆုံး အချိန်များလို့ ပြောရမှာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်းမှာ အမျိုးသားရေးဝိညာဉ်ဟာ အထွတ်အထိပ်ကို ရောက်ခဲ့တာပေါ့။

ဝဝဝ

အမျိုးသားနိုင်ငံ ရွှေခေတ်ကို အမေရိကန်တွေ ဘယ်လို ထုထောင်သလဲ၊ ကြည့်ရအောင်။

- အမျိုးသားရေးဝါဒကို အားပေးတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ
- ဘာသာစကား/စာပေ အပြင်
- လူထု ပညာသင်ကြားရေးမှာလည်း အမေရိကန် လွှမ်းမိုးမှု (Americanization) သဘောကို ထည့်သွင်းလာတယ်။
- တစ်နိုင်ငံလုံး လူထုကိုအခြေခံတဲ့ စစ်တပ်ကို တိုးချဲ့ တည်ဆောက်
- အမျိုးသား စီးပွားရေးစီမံကိန်းတွေနဲ့

BURMESE CLASSIC .com

www.burmeseclassic.com



– အစုလိုက်၊ အပြုံလိုက်၊ ကုန်ပစ္စည်းအမြောက်အမြား ထုတ်လုပ်မှုကို အားပေးတဲ့ ပေါ်လစီတွေ ချမှတ် အကောင် အထည်ဖော်ကြပါတယ်။

ဒဒဒ

အတိုချုပ်ပြောရရင် . . .

အမေရိကန်ရဲ့ အမျိုးသားနိုင်ငံ ပုံစံဟာ တခြား ဥရောပ အမျိုး သားနိုင်ငံ၊ ဂျပန်နိုင်ငံတို့နဲ့ တူတာလည်းရှိသလို မတူတာလည်းရှိတယ်။

❐

– ယဉ်ကျေးမှု (လူ့အဖွဲ့အစည်းပျိုးထောင်မှု)
– နိုင်ငံခြား လုံခြုံရေး
– စီးပွားရေး

ကိစ္စတွေမှာ အင်တာပရိုက်(စ်) လုပ်ငန်းကြီးတွေ (Enterprises) ပုံစံနဲ့ လုပ်ကိုင်လာကြပုံချင်းတော့ တူပါတယ်။

အမေရိကန်ဟာ သူရဲ့မျက်နှာစာအားလုံးကို ဥရောပတစ်တိုက် လုံး အတိုင်းအတာနဲ့ လုပ်လာတယ်။ ဒီတော့ တစ်မျိုးသား တစ်ပြည် ထောင် လှုပ်ရှားမှုမဟုတ်တော့ဘဲ ကမ္ဘာ့ဆန်လာတယ်။

တစ်နည်းအားဖြင့်ပြောရရင် အမေရိကန်ဟာ သူ့ရဲ့ အမျိုးသား နိုင်ငံဘဝကို သူ့ဖာသာသူ ဖျက်သိမ်းပစ်လိုက်တာပါပဲ။ ဒါဟာ အမျိုးသား နိုင်ငံထွန်းကားမှုကို ဗဟိုပြုထားတဲ့ မော်ဒန်ခေတ်ရဲ့ ဇာတ်သိမ်းခန်းအတွက် တီးခတ်လိုက်တဲ့ ဗျိုင်းတောင်ခေါက်သံလည်း ဖြစ်တယ်။

ပို့စ်မော်ဒန်ခေတ်သစ်တစ်ခုရဲ့ နိဒါန်းလည်း ဖြစ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဗ ဗ ဗ

အဲဒီကာလမှာပဲ အမျိုးသားနိုင်ငံတွေရဲ့ အနေအထားကို ကြည့်မယ်ဆိုရင် ၁၈၇၀ ပြည့်နှစ်များဆီကနေပြီး ၁၉၄၀ နှစ်များအတွင်း ဥရောပတိုက်ရဲ့အနေအထားကို သုံးသပ်ဖို့ လိုလာပါတယ်။

အဲဒီနှစ်များအတွင်းမှာ နယ်မြေတစ်ခုတည်း အတွင်းမှာရှိတဲ့ အမျိုးသားနိုင်ငံတွေဟာ ကိုယ့်ဖာသာကိုယ် သီးသန့် တံခါးပိတ်နေထိုင်လို့မရတော့ဘဲ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်လာတယ်ဆိုတာကို တွေ့ရမှာဖြစ်တယ်။

ဗဗဗ

ဒီနေရာမှာ 'ဩဇာစက်ကွင်း (Sphere of Influence)' ဆိုတဲ့ သဘောလေး နည်းနည်းထည့်ပြောပါရစေ . . .။ ဒါကတော့ . . . နယ်မြေဒေသ တစ်ခုအတွင်းမှာ မဟာအင်အားကြီးနိုင်ငံတစ်ခုတည်းရှိပြီး . . . အခြားသော နိုင်ငံအသေးကလေးတွေက ဝန်းရံထားတာကို ခေါ်တာပါ။

ဗဗဗ

အမေရိကန်ဟာ အမျိုးသားနိုင်ငံအဖြစ် တည်ဘို့ အနီးစပ်ဆုံးအချိန်ကာလမှာ သူ့ရဲ့ ဩဇာစက်ကွင်းကို ထူထောင်ပါတော့တယ်။

ပထမဆုံးက ကရစ်ဘီယန် ဒေသနဲ့ အမေရိကန် အလယ်ပိုင်းမှာပါ။

ဒါက စပိန် – အမေရိကန် စစ်ပွဲပြီးတဲ့ နောက်မှာပေါ့။

နောက်ပိုင်းတော့ . . . အမေရိကန် ဩဇာစက်ကွင်းဟာ လက်တင်အမေရိကနိုင်ငံများဆီကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းလာတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာတော့ ဥရောပအနောက်ခြမ်းကိုပါ ဖုံးအုပ်သွားပါတော့တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



✠

ဒီနေရာမှာ မေးစရာတစ်ခု ပေါ်လာတယ်။

'တစ်မျိုးသား တစ်ပြည်ထောင် အဆင့်ကို စွန့်လွှတ်ပြီး နိုင်ငံတကာအဖွဲ့အစည်းကြီးတွေ (International Organizations) ထဲမှာ ပူးပေါင်းပါဝင်ကြဖို့' ကမ္ဘာ့နိုင်ငံတွေကို လှုံ့ဆော်ဖန်တီးခဲ့ရာမှာ . . .

အမေရိကန်ဟာ ဘာကြောင့် ဒီလောက်အောင်မြင်ခဲ့ရသလဲ ? ဆိုတဲ့ မေးခွန်းပါပဲ။

၄၄၄

အမေရိကန်ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရကို 'အမျိုးသားနိုင်ငံတစ်ခု' အဖြစ်က ကျော်လွန်နေပါတယ်။ အသွေးအရောင်တွေ ရောနှော၊ ယဉ်ကျေးမှုတွေ လူမျိုးစုတွေ ရောနှောပြီး စုပေါင်းနေထိုင်ကြတဲ့ ဖယ်ဒရယ်ပြည်ထောင်စုတစ်ခုပါ။

သီးခြား ဝိသေသ ထင်ရှားတဲ့ သမိုင်းရေးလက္ခဏာ၊ အမျိုးသားရေးလက္ခဏာ၊ ယဉ်ကျေးမှုလက္ခဏာရယ်လို့လည်း မရှိပါဘူး။ အားလုံး ရောထွေးယှက်တင် ဖြစ်နေတာကိုး။ ဒါပေမယ့် . . . အမေရိကန်မှာ ထူးခြားတဲ့ အားသာချက်တွေတော့ ရှိခဲ့ပါတယ်။

**ပထမအချက်က . . . လစ်ဘရယ်ဝါဒ** [liberalism] ပါ။ ဒါဟာ ယဉ်ကျေးမှုအရကော၊ သဘောတရားရေးအယူအဆတစ်ရပ်အနေနဲ့ပါ ဩဇာလွှမ်းမိုးမှု ရှိခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ . . . လစ်ဘရယ်ဝါဒရဲ့ သဘောတရားကိုယ်ထည်ကိုက လွတ်လပ်မှုနဲ့ တန်းတူညီမျှမှုကို အာမခံချက်ပေးထားတဲ့ အယူအဆဖြစ်တယ်၊

BURMESE CLASSIC .com

www.burmeseclassic.com



ဘုရားကျောင်းတွေရဲ့ တစ်သွေး၊ တစ်သံ၊ တစ်မိန့် အုပ်ချုပ်မှုတွေ၊ ပြဋ္ဌာန်းချက်တွေကို ဆန့်ကျင်တော်လှန်ရာက ပေါ်ပေါက်လာတဲ့ ဝါဒ ဖြစ်တဲ့အတွက်လည်း . . . အတွေးအခေါ်အရ။

*လွတ်လပ်စွာ ဆင်ခြင်တွေးခေါ်မှုနဲ့

*လူတစ်ဦး တစ်ယောက်ချင်းစီရဲ့ ပုဂ္ဂလဓိဋ္ဌာန်သဘောကို အလေးထားမှုတို့ ပါဝင်ပါတယ်။

ဒါကြောင့်လည်း . . . နိုင်ငံရေးအရ၊

*အများသဘောညီညွတ်မှုကို လိုက်နာရတဲ့ အုပ်ချုပ်ရေး ပေါ်ပေါက်လာရတာပါ။

ԾԾԾ

ဒါကြောင့် လစ်ဘရယ်ဝါဒမှာ တရားဥပဒေစိုးမိုးရေးသည်သာ လျှင် 'အသက်' ဖြစ်ပါတယ်။

ဥပဒေရဲ့အောက်မှာ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင် မရွေး တန်းတူရည်တူ နေထိုင်ခွင့် ရကြပါတယ်။ ဆိုလိုတာက 'တရား ဥပဒေ' ဟာ 'အမျိုးသားရေး' ရဲ့ အထက်မှာရှိတယ်။

အမျိုးသားရေးဝါဒနဲ့ ကွဲပြားတာက အဲဒါပါပဲ။

အမျိုးသားရေးဝါဒက . . . အများဦးစားပေး (လူတစ်ယောက်ချင်းစီရဲ့ကိုယ်ကျိုးကို စွန့်လွှတ်ရပြီး၊ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားသည်သာ ပဓာနဆိုတဲ့ ဝါဒမျိုး ဖြစ်တယ်။

လစ်ဘရယ်ဝါဒကတော့ . . . လူတစ်ဦးချင်းစီရဲ့ ပုဂ္ဂလဓိဋ္ဌာန်သဘောကို အလေးထားတဲ့ ဝါဒဖြစ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အမျိုးသားရေးဝါဒက . . . ကိုယ့်လူမျိုးရဲ့ ဝိသေသကို သီးသန့် ထိန်း သိမ်းလိုတဲ့ သဘောဆောင်တယ်။
လစ်ဘရယ်ဝါဒကတော့ . . . လူမျိုးမရွေး/ယဉ်ကျေးမှုမရွေး အားလုံး ပါဝင်ရောနှော လွှမ်းခြုံထားတဲ့ သဘော ဆောင်တယ်။

ဒါကြောင့် နိုင်ငံတကာအဖွဲ့အစည်းကြီးတွေ ထူထောင်တဲ့အခါမှာ အမျိုးသားရေးဝါဒ ကိုင်စွဲတဲ့ နိုင်ငံတွေ အချင်းချင်း 'တူညီတဲ့ အခြေခံ' ရှာရခက်သလောက် . . .

လစ်ဘရယ်ဝါဒကိုင်စွဲတဲ့ နိုင်ငံတွေအဖို့ကတော့ အဆင်ပြေတာကို တွေ့ရပါတယ်။ သူတို့အဖို့ သီးသန့်လက္ခဏာ နယ်နိမိတ်စည်းတွေ ဖျက်ပစ်ပြီး ရောနှောပေါင်းစည်းလိုက်ဖို့ရာ လစ်ဘရယ်ဝါဒသည်ပင်လျှင် 'တူညီတဲ့ အခြေခံ' ဖြစ်နေပါတော့တယ်။

ဗဗဗ

**ဒုတိယအချက်** က **နိုင်ငံတော်လုံခြုံရေး** ပါ
အမေရိကန်ရဲ့ ဈေးကလီးယားလက်နက်ထိန်းချုပ်မှုဝါဒဟာ ဘယ်မဟာမိတ်နိုင်ငံအတွက်မဆို ကိုယ်ပိုင်နယ်နိမိတ်ထဲ နိုင်ငံခြားစစ်တပ်တွေ ဝင်အခြေချတဲ့ ဒုက္ခမျိုး မလိုအပ်ဘဲ မဖြစ်ပွားစေဘဲနဲ့ ကောင်းကောင်း အကာအကွယ်ပေးနိုင်စွမ်း ရှိလာခဲ့ပါတယ်။

ဗဗဗ

**တတိယအချက်** က **စီးပွားရေး** ပါ
အမေရိကန် အရင်းရှင်စနစ်ဟာ ပုဂ္ဂလိကလုပ်ငန်းရှင်ပိုင် ကုမ္ပဏီကြီးတွေ၊ စီးပွားရေး အစုစပ်လုပ်ငန်းကြီးတွေအပေါ်မှာ အခြေခံထားပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အမျိုးသားနိုင်ငံတွေရဲ့ စီးပွားရေးက ပြည်တွင်းဈေးကွက်ထဲ ကျဉ်းကျဉ်းမြောင်းမြောင်း လှုပ်ရှားထုထောင်နေရချိန်မှာ အမေရိကန် စီးပွားရေးဈေးကွက်က တစ်ကမ္ဘာလုံးဆိုင်ရာဈေးကွက် (Global Market) အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဩဇာလွှမ်းမိုးနေပါပြီ။

အဲဒီပုံစံနဲ့ နိုင်ငံတကာ အရင်းရှင်စနစ် (International Capitalism) ဟာ စိမ့်ဝင်ပေါင်းစည်းသွားပြီး

- ဥရောပငွေကြေးရန်ပုံငွေအဖွဲ့ (E.M.F)
- လွတ်လပ်စွာ ကုန်သွယ်ရေးအဖွဲ့ (E.F.T.A)
- ဥရောပဘုံဈေး (E.E.C)

စတဲ့ အဖွဲ့အစည်းကြီးတွေအတွက် အကျိုးသက်ရောက်မှုတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဗဗဗ

အဲဒီလို . . .၁။ လစ်ဘရယ်ဝါဒ

၂။ လုံခြုံရေးမူဝါဒနဲ့

၃။ စီးပွားရေး ဆိုပြီး အားသာချက် (၃)ရပ်ရှိတဲ့ အနက် ဆိုဗီယက်ယူနီယံ ပြိုကွဲပြီး ကွန်မြူနစ် ခြိမ်းခြောက်မှုအန္တရာယ် ချုပ်ငြိမ်းသွားတာရယ်၊ အဆင့်မြင့်နည်းပညာတွေအပေါ် အခြေခံထားတဲ့ လက်နက်ကန့်သတ် ဖျက်သိမ်းရေးကိစ္စတွေကို နိုင်ငံတကာ သဘောတူညီချက်တွေနဲ့ တက်တက်ကြွကြွ ဆောင်ရွက်လာတာတွေကြောင့်ရယ် . . . စတဲ့ စတဲ့ အကြောင်းတွေကြောင့်

**လုံခြုံရေး** မျက်နှာစာဟာ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ရပါတယ်။ ဒါပေမယ့် ကျန်စာမျက်နှာ နှစ်ခုဖြစ်တဲ့

BURMESE CLASSIC .com

www.burmeseclassic.com



– **လစ်ဘရယ်ဝါဒ** (ယဉ်ကျေးမှု/သဘောတရားရေး) နဲ့
– **အရင်းရှင်ပုံစံအခြေပြုစီးပွားရေး** တို့ကတော့ (အရင်က ထက်တောင်မှ) အခု ၂၀ ရာစု နှောင်းပိုင်း ကာလတွေမှာ ပိုပြီး အခြေအနေကောင်းလာပါသေးတယ်။

ဒီနေရာမှာ ပင်ဆယ်လ်ဗေးနီးယား၊ ဆွာ့သ်မိုးကောလိပ်က နိုင်ငံရေးသိပ္ပံပါမောက္ခ ဂျိမ်း(စ်)ကာ့သ် (James Kurth) ကတော့ . . .

'အမျိုးသားနိုင်ငံ ပုံစံဟာ နိုင်ငံ/ဒေသတစ်ခုရဲ့ လူ့အဖွဲ့အစည်းကို တိုးတက်ခေတ်မီအောင် Modernize ဖြစ်အောင် မောင်းနှင်ပို့ဆောင်ပေးမယ့် စွမ်းအင်ယန္တရားတစ်ခုဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောရရင် မော်ဒန်ခေတ် လူ့အဖွဲ့အစည်းဟာ အမျိုးသားနိုင်ငံ ပုံစံအဖြစ်ကို လုပ်ငန်းသဘောအရ လိုအပ်တယ်။

အခုတော့ . . . မော်ဒန်ခေတ် ကုန်ဆုံးတဲ့ကာလကို ရောက်လာပါပြီ။ အမျိုးသားနိုင်ငံပုံစံတွေဟာ ခေတ်ကုန်သွားပါပြီ။ အခုဟာက ပို့စ်မော်ဒန်ခေတ်ပါ။

ဒါကြောင့်မို့ အမျိုးသားနိုင်ငံအဖြစ်နဲ့ သီးသန့်တံခါးပိတ် နေထိုင်လို့ မရတော့ပါဘူး။ ယဉ်ကျေးမှုပေါင်းစုံ ရောနှောကူးလူးဆက်ဆံနေရတဲ့ နယ်မြေကြီးပဲ ရှိတော့တယ်'

လို့ သူ့ရဲ့ နာမည်ကျော် Toward The Postmodern World ဆောင်းပါးမှာ ရေးသားထားပါတယ်။

ဟုတ်ပါတယ်။ ဖြည့်စွက်ချက်နဲ့ ထောက်ခံရရင် . . . 'အနည်းဆုံး အမေရိကန်နိုင်ငံ တစ်နိုင်ငံအတွင်းမှာတော့ ဟုတ်ပါတယ်' လို့ ပြောရမှာပါပဲ။

ဖဖဖ

BURMESE CLASSIC .com

www.burmeseclassic.com



အမေရိကန် သမိုင်းပညာရှင်အများစုက လာမယ့် (၂၁)ရာစု လူ့အဖွဲ့အစည်းဟာ ပို့စ်မော်ဒန် လူ့အဖွဲ့အစည်းပဲလို့ သုံးသပ်ကြပါတယ်။

သူတို့ရဲ့ ကိုးကား ဆွေးနွေးချက်တွေကို ကြည့်လိုက်ပြန်တော့လည်း ၂၁ ရာစုမှာ ထွန်းကားနေမယ့် **အမေရိကန် လူ့အဖွဲ့အစည်းပုံစံကို အခြေခံပြီး သုံးသပ်ကောက်ချက်ထားခြင်းသာဖြစ်တယ်** လို့တောင် ဆိုရမလိုပါပဲ။

'ကျဉ်းမြောင်းတယ်၊ ကျယ်ပြန့်တယ်' ဆိုတဲ့ အမြင်တွေ

'ဘက်လိုက်တယ်၊ ဘက်မလိုက်ဘူး' ဆိုတဲ့ စွပ်စွဲချက်တွေ

'ကောင်းတယ်၊ မကောင်းဘူး' ဆိုတဲ့ ကိုယ့်စိတ်ကြိုက် အစွဲတွေကို ခဏဘေးဖယ်ချထားပြီး ကျွန်တော်တို့ 'သိထားသင့်တာ တစ်ခုခု' ရှိလေမလားဆိုတဲ့အမြင်နဲ့ လေ့လာကြည့်ကြရအောင်ပါ။

သူတို့ ပြော . . . ပြော နေကြတဲ့ . . .

**ပို့စ်မော်ဒန် လူ့အဖွဲ့အစည်းဆိုတာ ဘာလဲ ?**

ဗဗဗ

BURMESE CLASSIC .com

www.burmeseclassic.com



၂၁ ရာစု အကြိုသမိုင်း
သို့မဟုတ်
ပို့စ်မော်ဒန် လူ့အဖွဲ့အစည်း

**မော်ဒန်ပညာရေး**

၂၁ ရာစု 'ပညာရေး' စနစ်မှာ လူထုအသွင်ဆောင်တဲ့ အစုလိုက် အပြုံလိုက် သင်ကြားရေးမျိုးရှိတော့မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ စံချိန်ကိုက်၊ တန်းညှိထားတဲ့ စာသင်ကျောင်းတွေလည်း ခေတ်စားတော့မှာ မဟုတ်ဘူးလို့တစ်ချို့က သုံးသပ်ကြပါတယ်။

ပြောချင်တာက . . .

**၂၁ ရာစုဟာ 'ခွေးအ' တွေရဲ့ ခေတ် မဟုတ်တော့ဘူး။** အများပြေးရင် ကိုယ်လည်း ရောနှောပြီး ပြေး၊ အများရပ်ရင် ကိုယ်လည်းလိုက်ရပ် ဆိုတဲ့ ပုံစံမျိုးနဲ့ မဟုတ်တော့ဘူး။

**၂၁ ရာစုဟာ 'ခြသေ့' တို့ခေတ် ဖြစ်တယ်။** တစ်ဦးတစ်ယောက်ချင်းစီအလိုက် (ဒါမှတ်မဟုတ်) အစုငယ် အဖွဲ့ငယ်ကလေးတွေအလိုက် ကိုယ့်ဆုံးဖြတ်ချက် ကိုယ့်အရည်အသွေးနဲ့ လှုပ်ရှားလုပ်ကိုင်ရမယ့် ခေတ်ဖြစ်တယ်။



BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီ . . . တစ်ယောက်/တစ်ဖွဲ့ဆိုတာကလည်း ကိုယ့်ဖာသာကိုယ် တံခါးပိတ်ထားပြီး 'ငါကွ!' လို့ အော်နေမယ့် ကိုယ်ရည်ကိုယ်သွေး Personality အဖျင်းစားကို ဆိုလိုတာမဟုတ်ပါဘူး။

အများနဲ့ တန်းတူရည်တူ ရောနှောပေါင်းဖက်နေမယ့် 'တစ်ယောက်ချင်း' တွေပါ။

တစ်ယောက်ချင်းစီဟာ အခြားတစ်ယောက်ချင်းစီနဲ့ တန်းတူရည်တူရှိရမယ်။ တစ်ချိန်တည်းမှာပဲ ကိုယ့်ဆုံးဖြတ်ချက်၊ ကိုယ့်အရည်အချင်းနဲ့ကိုယ် ကွဲလွဲနေရမယ်။

နောက်ပြီးတော့ . . . အဲဒီတစ်ယောက်ချင်းစီက အားလုံးပေါင်းစည်းရောနှောနေရမှာ ဖြစ်ပါတယ်။

ဗဗဗ

ဒါကြောင့် . . .

၂၁ ရာစုမှာ . . . လူမျိုးတစ်မျိုးတည်း ယဉ်ကျေးမှုတစ်မျိုးတည်း တံခါးပိတ် ပညာသင်ကြားရေးဟာလည်း အဓိပ္ပာယ်ကင်းမဲ့သွားမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ နယ်နိမိတ်ပြဿနာတွေ၊ ကုန်သွယ်မှုပြဿနာတွေ၊ တစ်ကမ္ဘာလုံးမှာ တစ်ပြိုင်နက်တည်း စစ်ဆင်တိုက်ဖျက်ပစ်မှပျောက်ကင်းမယ့် မိုင်းရပ်ပိုးလို ကျန်းမာရေးပြဿနာတွေ၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အပြန်အလှန် အကျိုးသက်ရောက်မယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြဿနာတွေကို ဘယ်လို ရှင်းကြမလဲ။

ဥပမာ ပေးရရင် . . .

အခု ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပိုလီယိုရောဂါကို (မြန်မာ့မြေပေါ်က) လက်စတုံး အမြစ်ဖြတ်ပစ်လိုက်ဖို့ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးစီမံချက် လုပ်တယ်၊ ဆေးတိုက်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ကဲ . . . အောင်မြင်သွားပြီ။ မြန်မာ့မြေပေါ်မှာ ပိုလီယို ဗိုင်းရပ်စ် တစ်ကောင်တလေမှ ကျန်မနေတော့ဘူး။

ဆိုပါတော့ . . . ။

တစ်ဖက်နိုင်ငံက ဒီအချိန်မှာ ပိုလီယို ဗိုင်းရပ် သုတ်သင်ရေး လုပ်မထားဘူးဆိုရင် . . . သူတို့ မြေပေါ်မှာတော့ အဲဒီ ဗိုင်းရပ်(စ်)ပိုးတွေ ခိုအောင်းနေဦးမယ်။ အဲဒီ တစ်ဖက်နိုင်ငံသား ဧည့်သည်တစ်ယောက်က အလုပ်ကိစ္စနဲ့ မြန်မာနိုင်ငံကိုလာပြီ ဆိုပါစို့ . . .။ သူနဲ့အတူ ပိုလီယို ဗိုင်းရပ်(စ်)ပိုးတွေ ပါလာနိုင်တယ်။

အဲဒီ ပိုးတွေက ကျွန်တော်တို့ နိုင်ငံကို ဧည့်သည်အဖြစ် ထပ်ရောက်၊ ထပ်ပြန့်ပွားပြီး ကျွန်တော်တို့လူမျိုးတွေ ပိုလီယိုရောဂါ ဖြစ်ကြ ပြန်ပြီ ဆိုပါစို့ . . .

ဒါဆို . . . စောစောတုန်းက တစ်နိုင်ငံလုံး အမျိုးသားစီမံချက် နဲ့ ပိုလီယိုရောဂါ ကာကွယ်ဆေးတွေ တိုက်ခဲ့ရသမျှ ဗိုင်းရပ်စ်လည်း အမြစ်ပြတ်မသွားဘူးဆိုရင် ဘာအကျိုးရှိတော့မှာလဲ။

ဒါကြောင့် . . . ဒီလိုကိစ္စမျိုးဟာ တစ်နိုင်ငံထဲနဲ့ မပြီးတော့ဘူး။ နိုင်ငံအားလုံးက တညီတညွတ်စုပေါင်းပြီး သုတ်သင်ရှင်းလင်းမှ ဒီကမ္ဘာ မြေပေါ်မှာ ဗိုင်းရပ်(စ်)ပိုး ခြေချစရာမရှိတော့မှာ ဖြစ်တယ်။ ခိုအောင်းစရာ နိုင်ငံမကျန်တော့ . . . ထပ် ပေါက်ဖွားပြန့်နှံ့မှာလည်း ပူစရာမလိုတော့ ဘူးပေါ့။ ဒီရောဂါနဲ့ ပတ်သက်လို့ သားစဉ်မြေးဆက် စိတ်ချသွားရပြီ။

ဗ ဗ ဗ

ဒါက . . . ကျန်းမာရေးနဲ့ ပတ်သက်လို့ ဥပမာတစ်ခုပဲ ရှိသေး တာ . . .၊ တခြား နယ်နိမိတ်ပြဿနာတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြဿနာတွေ မပါသေးဘူး။ ဆိုလိုတာက . . . ဒီဘက်နိုင်ငံကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com



ရေဒီယိုသတ္တိကြွမှုတွေဖြစ်၊ အဆိပ်မိုးတိမ်တွေဖြစ်ပြီး တစ်ဖက်နိုင်ငံရဲ့ ရေမြေသဘာဝ ရာသီဥတုကို သွားထိခိုက်စေတယ်ဆိုရင် ဘယ်လိုရှင်းကြမလဲ။

ကိုယ့်တစ်နိုင်ငံထဲနဲ့ မပြီးတော့ဘူး။
နိုင်ငံတကာ အဖွဲ့အစည်းကြီးတွေနဲ့ ဆက်ဆံဖို့ လိုအပ်လာပြီ။
နိုင်ငံအချင်းချင်းလည်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်နားလည်မှုရှိဖို့ လိုအပ်နေပါပြီ။

အနာဂတ်မှာ အဲဒီပြဿနာတွေကို တကယ် ရင်ဆိုင်ကြုံတွေ့ဖြေရှင်းရတော့မယ်။

ဒီတာဝန်ဟာ ကနေ့ခေတ် လူငယ်တွေရဲ့ ခေါင်းပေါ် ပုံကျလာမှာပါ။ (ကနေ့လူငယ်တွေဟာ အဲဒီအနာဂတ်ကာလမှာ တာဝန်ကြီးကြီးမားမား ထမ်းဆောင်နေကြရတဲ့ ရာထူးဌာနန္တရ ကိုယ်စီနဲ့ ဖြစ်နေမှာကိုး)

ᘔᘔᘔ

ဒါကြောင့် လူငယ်တွေဟာ နိုင်ငံတကာအတွေ့အကြုံ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဆက်ဆံရေး၊ အိမ်နီးချင်းနိုင်ငံတွေရဲ့ သဘောသဘာဝကို နားလည်ဖို့ . . . အခုကတည်းက ပြင်ဆင်ထားရပါမယ်။ သင်ကြားထားရပါမယ်။

❑

ဒါကြောင့် အတိုချုပ်ပြောရရင်

၂၁ ရာစု ပညာရေးစနစ်မှာ 'ကျောင်းသားလူငယ်တွေ အနေနဲ့ နိုင်ငံတကာအတွေ့အကြုံရှိဖို့' ဆိုတဲ့ အချက်ကို ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။

* ပြည်ပ ပညာတော်သင်ကိစ္စတွေမှာ အရေအတွက်အရကော၊ အရည်အချင်းအရပါ အရှိန်အဟုန်မြှင့်ရမယ်။

BURMESE CLASSIC .com

www.burmeseclassic.com



* နိုင်ငံအစိုးရ အချင်းချင်း စာချုပ်ချုပ်ဆိုပြီး ကျောင်းသားတွေ အပြန်အလှန် လဲလှယ်သင်ကြားတဲ့စနစ် သုံးရမယ်။ (ဥပမာပြောရရင် . . . မြန်မာနိုင်ငံက ကျောင်းသား ၁၀၀၀ လောက်ကို မလေးရှားမှာ တစ်နှစ် ပညာသွားသင်စေတဲ့ အချိန်မှာ၊ မလေးရှားကျောင်းသား ၁၀၀၀ လောက်က မြန်မာနိုင်ငံကတက္ကသိုလ်မှာ ပညာလာသင် . . . စသဖြင့် ပေါ့။ ဒီလိုဆိုရင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှု သဘောသဘာဝကို လူငယ်ချင်း နားလည်လာမယ်။ ဒီလူငယ်တွေ ခေါင်းဆောင်ဖြစ်တဲ့ အချိန်မှာ တစ်ဖက်နဲ့တစ်ဖက် ယဉ်ကျေးမှုအလွှမ်းမိုးမခံ ရပဲ တန်းတူရည်တူ ဘယ်လို ရောနှောပူးပေါင်းနေထိုင်ပြီး နိုင်ငံချင်း ပြဿနာတွေကို ဖြေရှင်းရမလဲဆိုတာ သိမြင်နိုင်ပါလိမ့်မယ်)

* ကျမ်းပြုတဲ့ကိစ္စ၊ သုတေသနကိစ္စတွေမှာ စိတ်ပါဝင်စားသူ တစ်ဦးချင်းအနေနဲ့ ဘယ်နိုင်ငံ ဘယ်တက္ကသိုလ်မှာမဆို အလွယ်တကူ ဆက်သွယ်ညှိနှိုင်းသင်ကြားခွင့်ရအောင် အစိုးရက စီစဉ်အားပေးပြီး ထောက်ပံ့ရပါမယ်။

ઇઇઇ

ဒီနေရာမှာ . . . ယဉ်ကျေးမှုနဲ့ ပညာရေးကို အတူတူသဘောထားပြီးပြောတယ်လို့ နားလည်ပေးပါ။

ကျွန်တော့်အယူအဆအရပြောရရင်တော့ ယဉ်ကျေးမှုရဲ့အသက်ဟာ ပညာပဲ။

ပညာ မတတ်ရင် ယဉ်ကျေးမှု ဆိတ်သုဉ်းမှာပါ။

BURMESE CLASSIC .com

www.burmeseclassic.com



ဝ ဝ ဝ

**ပို့စ်မော်ဒန် စီးပွားရေး**

ဒီအကြောင်းကိုမပြောခင် အရင်ဆုံး

– အခြေမြင့် စီးပွားရေး (High Economy)

– အခြေနိမ့် စီးပွားရေး (Low Economy)

ဆိုတဲ့ ဝေါဟာရနှစ်ရပ်ကို နားလည်ထားဖို့ လိုပါတယ်။

အခြေမြင့် စီးပွားရေး (High Economy) ဆိုတာက . . .

ကြီးမားတောင့်တင်းတဲ့ ငွေကြေးအဖွဲ့အစည်းကြီးတွေနဲ့ စက်မှုဆိုင်ရာ စီမံထုတ်လုပ်မှုတို့ကို နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအသွင်နဲ့ လုပ်ဆောင်ပြီး ကမ္ဘာ့ဈေးကွက်ထဲ တင်ပို့ရောင်းချတာဖြစ်တယ်။

အခြေနိမ့် စီးပွားရေး (Low Economy) ဆိုတာကတော့ ...

အဆင်ပြေ သက်သာလွယ်ကူတဲ့ စက်မှုလုပ်ငန်းတွေကနေ ကုန်ပစ္စည်းတွေ အမြောက်အများထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်မှာ အဓိကထား ဖြန့်ချိရောင်းချတာကို ခေါ်တာပါ။

ဒီ စီးပွားရေးပုံစံမှာ ဝန်ဆောင်မှုပေးတဲ့ အလုပ်သမားတစ်ဦးချင်းစီရဲ့ ကျွမ်းကျင်မှုနဲ့ နည်းပညာအရည်အသွေး မြင့်မားမှုတို့ဟာလည်း High Economy နဲ့ နှိုင်းယှဉ်လိုက်ရင် အများကြီး နိမ့်ကျပါတယ်။ အရေးပါတဲ့သဘောကိုလည်း မဆောင်ပါဘူး။

BURMESE CLASSIC .com

www.burmeseclassic.com



Low Economy မှာ အရေအတွက်အားဖြင့် လုပ်သားတွေ အများကြီးသုံးပြီးတော့၊ အဲဒီ လုပ်သားတစ်ဦးချင်းစီကျတော့ ကျွမ်းကျင်မှု နည်းပါးတဲ့အတွက် တစ်ဦးချင်း အပြည့်အဝ တာဝန်ယူနိုင်စွမ်း မရှိကြဘူး။

နောက် . . . တစ်ချက်က။

ဒေသတွင်းဈေးကွက်အတွက်သာဖြစ်လို့ ကျဉ်းမြောင်းအားနည်းတယ်လို့ ဆိုရမှာပဲ။ ပြည်ပ တင်ပို့ရောင်းချပြီး စီးပွားဖြစ် လုပ်နိုင်လာပြီဆိုရင်တော့ High Economy ရဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာပြီဆိုရမှာပေါ့။ ထုတ်လုပ်ပြီး ဒေသတွင်းမှာပဲ စားသုံးနိုင်သေးတယ်ဆိုရင်တော့။ Low Economy ရဲ့ အပိုင်း ကဏ္ဍတစ်ခုအနေနဲ့သာ အသိအမှတ်ပြုရပေ လိမ့်မယ်။

ඊඊඊ

ကုန်လွန်ခဲ့ပြီဖြစ်တဲ့ မော်ဒန်ခေတ်ကြီး တစ်ခေတ်လုံးကို စက်မှု ခေတ် (Industrial Age) လို့ ခေါ်ဝေါ်ခဲ့တာ အားလုံး သိကြမှာပါ။

အဲဒီ 'စက်မှုစီးပွားရေး' ရဲ့ အခြေခံလက္ခဏာတွေက

* ကုန်ထုတ်စက်ကိရိယာတွေကို အဓိက အားကိုးအသုံးပြုပြီး
- ကုန်ပစ္စည်း အမြောက်အများ ထုတ်လုပ်ခြင်း
- ကုန်ဈေးနှုန်းနဲ့ အမြတ်အစွန်းကို ထိန်းချုပ်ခြင်း
- အလုပ်သမားများရဲ့ လူနေမှုဘဝကို ဖန်တီးခြင်း၊ . . . တို့ပါပဲ။

အဲဒီ အချက်တွေကို အခြေခံပြီး သဘောတရားရေး ကွဲလွဲမှုတွေ နဲ့အတူ 'အရင်းရှင်စနစ်' နဲ့ 'ကွန်မြူနစ်စနစ်' တို့ ပေါက်ဖွားလာခဲ့ကြ တာဖြစ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



တစ်နည်းအားဖြင့် ပြောရရင် . . . အဲဒီ ရန်သူတော်နှစ်ယောက်ဟာ 'ကုန်ထုတ်လုပ်ရေးသဘောတရား' ဆိုတဲ့ ပင်မ ပင်စည်ကြီးကနေ မွေးဖွား ခွဲထွက်လာတဲ့ ဆန့်ကျင်ဘက် သစ်ကိုင်းတစ်စုံ ပါပဲ။

* သူတို့ဟာ တစ်ဦးကိုတစ်ဦး စိန်ခေါ်ပြီး ရာဇဝင်ပြောင်လောက်အောင် ရဲရဲဝံ့ဝံ့တိုက်ခိုက်ခဲ့ကြတဲ့ သူရဲကောင်းနှစ်ယောက်လည်း ဖြစ်တယ်။

* ကမ္ဘာကြီးရဲ့ အိပ်မက်တွေကို ဖန်ဆင်း စေစားခဲ့ကြတဲ့ ပဥ္စလက် နတ်ဘုရားတွေလည်း ဖြစ်တယ်။

* သူတို့ဟာ . . . အရှေ့တောင်အာရှနဲ့ လက်တင်အမေရိကနိုင်ငံတွေမှာ (ဒေသခံလူထုကို စတေးပြီး) အချင်းချင်း အားပြိုင်ပွဲလုပ်ခဲ့ ကြလို့ လူ့အသက်သွေးပေါင်းများစွာ မြေကျစေခဲ့တဲ့ စစ်ရာဇဝတ်ကောင် နှစ်ယောက်လည်းဖြစ်တယ် . . . ။

အခုတော့ . . .

သူတို့နှစ်ဦးစလုံး ကွယ်လွန်သွားခဲ့ကြရှာပါပြီ။

ၓၓၓ

အခု (၂၁)ရာစုအကြိုခေတ်မှာ 'စက်မှုစီးပွားရေး' ဟာ နိဂုံးချုပ်သွားခဲ့ပါပြီ။ အဲဒါနဲ့အတူ . . . သူရဲ့ 'ကုန်ထုတ်လုပ်ရေး သဘောတရားတွေ' အဲဒီ ကုန်ထုတ်လုပ်ရေး သဘောတရားကနေ ပေါက်ဖွားလာခဲ့တဲ့ 'အရင်းရှင်စနစ်' တို့ 'ကွန်မြူနစ်စနစ်' တို့ဆိုတာတွေလည်း ချုပ်ငြိမ်းသွားရပြီ ဖြစ်ပါတယ်။

ၓၓၓ

BURMESE CLASSIC .com

www.burmeseclassic.com



၂၁ ရာစုမှာ ထွန်းကားလာမယ့် စီးပွားရေးအသွင်အပြင်ဟာ (ရှေ့မှာ ကျွန်တော်တင်ပြခဲ့တဲ့) စက်မှုစီးပွားရေးရဲ့ အခြေခံလက္ခဏာတွေနဲ့ ဘာကွာခြားမလဲ ? နှိုင်းယှဉ်ကြည့်ရအောင်။

* စက်မှုခေတ်မှာ . . . ကုန်ထုတ်လုပ်ရေး စက်ကိရိယာတွေကို အားကိုးပါတယ်။

* ၂၁ ရာစုနှစ်မှာ . . . နည်းပညာ ဆန်းသစ်တီထွင်တိုးတက်မှုကို အားကိုးတယ်

* စက်မှုခေတ်မှာ . . . ကုန်ပစ္စည်း တစ်မျိုးတစ်စားတည်းကို စက်ရုံက အမြောက်အများထုတ်လုပ်ပြီး လူထုကို ဝယ်ယူစားသုံးခိုင်းခဲ့တယ်။

* ၂၁ ရာစုခေတ်မှာ . . . လူတစ်ဦးချင်းစီရဲ့ အကြိုက်၊ အလိုအတိုင်း ဖြည့်ဆည်းပေး နိုင်ဖို့ ဖန်တီးကြလိမ့်မယ်။

တစ်နည်းအားဖြင့် ပြောရရင် . . . ဝယ်ယူစားသုံးသူရဲ့ စိတ်တိုင်းကျဖြစ်စေဖို့အတွက် ကုန်ပစ္စည်းထုတ်လုပ်သူ/ရောင်းချသူက သူ့ဘက်မှာ အပြည့်အဝ တာဝန်ယူမှုရှိရပါလိမ့်မယ်။

အဲသည်လိုဖြစ်ဖို့အတွက်ကလည်း . . . ထုတ်လုပ်သူ၊ အလုပ်သမား၊ ရောင်းချသူ၊ တစ်ဦးချင်းရဲ့ ကျွမ်းကျင်မှုနဲ့ နည်းပညာ အရည်အသွေးမြင့်မားမှုတို့ လိုအပ်ပါတယ်။

အလုပ်တစ်ခုတည်းကို အလုပ်သမားတွေ အများကြီး ဝိုင်းလုပ်နေဖို့ မလိုပါဘူး။

www.burmeseclassic.com



ဒီအကြောင်းကို ကျွန်တော့်မိတ်ဆွေ အသေးစားကုန်ပစ္စည်း ထုတ်လုပ်သူတစ်ယောက်ကို ပြောပြတော့ . . . သူက

'ခင်ဗျားကလည်းဗျာ၊ ဝယ်သူဘက်က အသာစီးချည်းပဲ။ ကျွန်တော်တို့လို ထုတ်လုပ်သူဘက်ကလည်း စဉ်းစားပါဦးဗျာ ဘယ်လွယ်ပါ့မလဲ မဖြစ်နိုင်ပါဘူး'

လို့ တုံ့ပြန်ပါတယ်။

ဟုတ်ပါတယ်။ လုပ်ငန်းအသေးစားလေးတွေ အတွက်ကတော့ မလွယ်တာ အမှန်ပါပဲ။ ဒါပေမယ့် 'မဖြစ်နိုင်ဘူး' ဆိုတာတော့ မဟုတ်ပါဘူး။ လာမယ့် (၁၀)နှစ်အတွင်းမှာ တကယ်ကို ဒီအတိုင်း ဖြစ်လာတော့မှာပါ။ ဒါကြောင့် . . . ကျွန်တော်က

'မလွယ်ဘူးလို့ ပါးစပ်ကပဲ ပြောပြောပြီး ဒီအတိုင်း ထိုင်နေချင်သပဆိုရင်လည်း ထိုင်နေပေါ့။ အချိန်တန်ရင်တော့ ခင်ဗျားပဲ နောက်မှာ ကျန်ခဲ့မှာပဲ။ တခြားသူတွေအားလုံးက မဖြစ်နိုင်ဘူး ဆိုတာကို ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အမြင်နဲ့ကြည့်ပြီး တီထွင်ကြံဆနေကြပြီ။ နည်းပညာသစ်တွေ စမ်းသပ်ကြိုးစားကြည့်နေကြပြီ။ ခင်ဗျားရဲ့ သမားရိုးကျ စိတ်ကူးတွေနဲ့တော့ ၂၁ ရာစုမှာ စီးပွားရေးလုပ်စားဖို့ မကြိုးစားပါနဲ့။ မွဲသွားလိမ့်မယ်'

လို့ စိတ်ပေါက်ပေါက်နဲ့ ပြောဖြစ်တယ်။

၀၀၀

၂၁ ရာစု စီးပွားရေးဈေးကွက်ကို ပေါ့ပေါ့မတွေးပါနဲ့။ ခင်ဗျား တစ်ယောက်တည်းနဲ့ တစ်ကမ္ဘာလုံးနဲ့ ယှဉ်ပြိုင်ရမယ့် စီးပွားရေးပုံစံသစ်ပါ။

BURMESE CLASSIC .com

www.burmeseclassic.com



ဘာစီးပွားရေးလုပ်ငန်းတွေ လုပ်ရမလဲ။ ဘယ်လို လုပ်ရမလဲ . . . လို့ မေးလာတဲ့ အဲဒီ မိတ်ဆွေအတွက် 21st Century Market Competition ဆိုတဲ့ စာအုပ်ကလေး လက်ဆောင်ပေးလိုက်ပြီး . . . စကားကလေး (၄)ခွန်း မှာလိုက်မိတယ်။

- ခုခေတ်မှာ လူတွေရဲ့အကြိုက်ဟာ အမျိုးမျိုးထွေပြားနေကြပြီဆိုတာကို သတိထားပါ။
- ကိုယ်အပြည့်အဝ တာဝန်ယူနိုင်မယ့် လုပ်ငန်းကိုပဲ ရွေးချယ်ပါ။
- နည်းပညာနဲ့ အရည်အသွေး အမြဲတမ်း ဆန်းသစ်ခေတ်မီမြင့်မားနေအောင်လုပ်ပါ။
- အဲဒါဆို ကိုယ်ဟာ ကိုယ့်ဈေးကွက်ကို ကိုယ်ကိုယ်တိုင်ဖန်တီးသူ၊ လွှမ်းမိုးထားနိုင်တဲ့သူ ဖြစ်လာလိမ့်မယ်။ (သူများတွေ စုပြုံလုယက်နေတဲ့ ဈေးကွက်ထဲ ကိုယ်ပါရောနှောယောင်ချာ တိုးဝှေ့နေရုံနဲ့တော့ စီးပွားရေးသမားသမား ဘယ်ဖြစ်မလဲ။ သားငါးတန်း၊ ဟင်းသီးဟင်းရွက်တန်းက ဈေးသည်အဆင့်ပဲ ရှိမှာပေါ့)

ပြောမယ့်သာ ပြောလိုက်ရမယ်။ ကျွန်တော့်မိတ်ဆွေက . . .

- ပိုက်ဆံလိုချင်တာနဲ့
- စီးပွားရေး လုပ်တာ

မတူဘူးဆိုတဲ့အကြောင်း ကောင်းကောင်းမှ ခွဲခြားတတ်ရဲ့လား၊ မသိဘူး။

ပပပ

www.burmeseclassic.com



နောက် . . . သူငယ်ချင်းတစ်ယောက်ကတော့ ဗေဒင်ဆရာက 'မင်း . . . (တ၊ ထ၊ ဒ၊ ဓ၊ န) ပါတဲ့ စနေနံလုပ်ငန်းနဲ့ ကြီးပွားချမ်းသာ လိမ့်မယ်' လို့ ဟောလိုက်လို့ . . .

အခုတော့ သူ တီကောင်တွေတူးပြီး ရောင်းစားဖို့ စိတ်ကူးနေ ပါသတဲ့ . . . မကောင်းဘူးလား။

ဗဗဗ

အခု အရေးကြီးတဲ့အပိုင်း ရောက်လာပါပြီ။

❑

ကမ္ဘာပေါ်မှာ ရှိရှိသမျှနိုင်ငံတွေအားလုံး၊ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပို့စ်မော်ဒန် နည်းပညာခေတ်သစ်ထဲ ရောက်သွားတော့ မှာလား ?

အားလုံးဟာ စက်မှုလွန် စီးပွားရေးစနစ်ထဲ ခြေစုံပစ် ဝင်သွား တော့မှာလား ? လို့ မေးစရာရှိပါတယ်။

ဗဗဗ

ဒီလို အဓိပ္ပာယ်မဆောင်ပါဘူး။

အမေရိကန်လို ဖွံ့ဖြိုးပြီးနိုင်ငံကြီးတွေက စက်မှုလွန် စီးပွားရေး စနစ်ကို ဖော်ဆောင်နေချိန်မှာ

- စက်မှုနိုင်ငံတွေ
- စိုက်ပျိုးရေး နိုင်ငံတွေလည်းပဲ ရှိနေဦးမှာ ဖြစ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဘယ်လိုခေတ်ကိုပဲ ရောက်နေပစေ၊ စက်မှုကုန်ကြမ်းပစ္စည်း ဖြစ်တဲ့ ဖိုင်ဘာလို ပစ္စည်းမျိုးရဖို့ စိုက်ပျိုးရေးနိုင်ငံတွေဆီက ဝယ်ယူနေရဦးမှာပဲ။ စက်မှုလွန် နည်းပညာခေတ်က အလုပ်သမားတွေဟာလည်း အရှင်လတ်လတ် နတ်ပြည်သွားတာမှ မဟုတ်တာ။ ထမင်းတော့ စားနေရဦးမယ် မဟုတ်လား။

ဒီအတွက် 'စိုက်ပျိုးရေး' ကိုတော့ လက်လွှတ်လို့မရဘူး။ ဒါကြောင့် စိုက်ပျိုးရေးနိုင်ငံတွေဟာ အရေးပါတဲ့ အနေအထားမှာရှိနေဦးမှာ ဖြစ်ပါတယ်။

တစ်ခုပဲ . . . သတိထားရမှာ။

စက်မှုလွန်နည်းပညာခေတ်သစ်ကို အရောက်မသွားနိုင်ရင်တောင်

'စက်မှု နည်းပညာခေတ်သစ်'

'စိုက်ပျိုးရေး နည်းပညာခေတ်သစ်' ကိုတော့ ရောက်ရမှာဖြစ် တယ်။

ဧဧဧ

အမေရိကန် ပြည်ထောင်စုမှာတောင်မှ ခုထိ စိုက်ပျိုးရေးကို လက်မလွှတ်သေးပါဘူး။

* ဝါရှင်တန်ပြည်နယ် အရှေ့ပိုင်းက ဂျုံခင်းနဲ့ ပဲခင်းတွေ...။
* မွန်တာနာဒေသ အလယ်ပိုင်းက ဂျုံခင်းတွေ
* မက္ကဆီကို မြောက်ပိုင်းနဲ့
* ကယ်လီဖိုးနီးယား၊ စန်ဂျိုယာကင် တောင်ကြားဒေသက နွားမွေးမြူရေးနဲ့ နို့ထွက်ပစ္စည်း လုပ်ငန်းတွေ
* တက္ကဆက်ပြည်နယ် အလယ်ပိုင်းက ဝါဂွမ်းစိုက်ခင်းကြီး

BURMESE CLASSIC .com

www.burmeseclassic.com



တွေဟာ ကေ ထောင်ပေါင်းများစွာ ကျယ်ပြန့်ပြီး မြေဆီလွှာ ပြုန်းတီးမှု ဒဏ်၊ လေတိုက်စားမှု ဒဏ်တွေကို ကာကွယ်ဖို့ အဆင့်မြင့်နည်းပညာနဲ့ ထွန်ယက်စိုက်ပျိုး မွမ်းမံထားတာပါ။ Sandfighter လို့ ခေါ်တဲ့ စက်တွေ၊ နှံစားပြောင်းလောင်ဖို့ ပေပေါင်း ရာနဲ့ချီပြီး ရှည်လျားတဲ့ မြွေပုံသဏ္ဍာန် ပလတ်စတစ်အိတ်ကြီးတွေ၊ တိုက်စားမှုဒဏ်ကို ကာကွယ်ဖို့ ကြယ်ပုံ၊ ထွန်ယက်ထားတဲ့ ထွန်ကြောင်းတွေ . . . ၊ မြေဩဇာချဖို့၊ ပိုးသတ်ဆေး ဖျန်းဖို့သုံးတဲ့ လေယာဉ်ပျံတွေ . . . ၊

စသဖြင့် အကြီးအကျယ် လုပ်နေတာပါ။

ဗဗဗ

ဆိုလိုတာက . . . ကမ္ဘာ့ဈေးကွက်မှာ စိုက်ပျိုးရေးထွက် အခြေခံ လူသုံးကုန်ပစ္စည်းတွေရဲ့ ကဏ္ဍကို ချုပ်ကိုင်ဖို့ နည်းပညာလွန် ခေတ်က နိုင်ငံကြီးတွေအနေနဲ့လည်း အစီအစဉ်ရှိတာပဲ။

ကဲ . . . ဒါဖြင့်

ကျန်တဲ့ သာမန်ဖွံ့ဖြိုးဆဲနိုင်ငံလေးတွေက ဘာလုပ်ရမလဲ ?

ဗဗဗ

ပန်းပွင့်နဲ့ အဝါရောင် အိပ်မက်တွေအကြောင်း . . . ၊

အလွမ်းတွေ ထည့်ထားတဲ့ ခြင်းတောင်းလှလှကလေးတွေ အကြောင်း . . .

စမ်းချောင်းထဲ မျောနေတဲ့ ချစ်ခြင်းတရားတွေအကြောင်း ...၊

နတ်သမီးပုံပြင်တွေ အကြောင်း . . . ၊

ဒဏ္ဍာရီထဲက ရွှေရောင်အင်ပါယာကြီးတွေ အကြောင်း . . . ၊ ကွန်ပျူတာ နည်းပညာသစ်နဲ့ အချက်အလက်တွေ အကြောင်း..၊

■

BURMESE CLASSIC .com

www.burmeseclassic.com



အဲဒါတွေ ပြောလွန်းနေရင်လည်း
ခင်ဗျား စိတ်ဝင်စားချင်မှ စိတ်ဝင်စားလိမ့်မယ်။
ကျေးဇူးပြုပြီး . . . သတိထားကြည့်လိုက်ပါ။

♉ ♉ ♉

တန်ဖိုးမရှိဘူး . . . လို့ ခင်ဗျားထင်ထားတဲ့ အရာတွေဟာ အခြေအနေ အပြောင်းအလဲဖြစ်သွားတဲ့အခါ
ခင်ဗျား ဘဝတစ်ခုလုံးပေးပြီး ဝယ်ရလောက်အောင်
တန်ဖိုးရှိနေတတ်တာ တွေ့ရပါလိမ့်မယ်။

♉♉♉

ကျွန်တော်က မိတ်ဆွေတစ်ယောက်ကို ဓားမြှောင်ကလေး တစ်ချောင်း လက်ဆောင်ပေးဖူးတယ်။ အဲဒီမိတ်ဆွေက ကျွန်တော့် ဓားမြှောင်လေးကို ကြည့်ပြီးတော့

'လက်ရာကတော့ မဆိုးပါဘူး၊ ဒါပေမယ့် သံ ညံ့တယ်' လို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်က . . .

'ရိုးရိုး သံမဏိဓားတစ်ချောင်းဆိုရင် ဘယ်လောက်တန်မလဲ'

နှစ်ထောင်လောက်ပဲ ရှိတယ်။ ခင်ဗျားဓားက အဲသည်လောက်မှ မကောင်းတာ အလွန်ဆုံး ခုနစ်ရာ၊ ရှစ်ရာလောက်ပဲတန်မှာပေါ့' လို့ ပြန်ဖြေရဲ့။ ဒါနဲ့ ကျွန်တော် ဓားကို ပြန်ယူလိုက်ပြီး

'တော်ပြီဗျာ၊ ခင်ဗျားကို လက်ဆောင်မပေးတော့ဘူး။ နောက် တစ်ချိန်ချိန်ကျမှ လာရောင်းတော့မယ်'
သူက . . .

www.burmeseclassic.com



''ဘယ်တစ်ချိန်ချိန်ကို ပြောတာလဲ'' ကျွန်တော်က . . . 'ခင်ဗျားနဲ့ ခင်ဗျားရန်သူတစ်ယောက်နဲ့ အသေအကြေ တိုက်ခိုက်နေကြတဲ့ အချိန်မျိုးပေါ့။ ဆိုပါစို့ဗျာ . . . ခင်ဗျားလက်ထဲမှာလည်း ဘာလက်နက်မှမရှိဘူး။ ခင်ဗျားရန်သူဆီမှာလည်း ဘာလက်နက်မှမရှိဘူး။ အခြေအနေကလည်း တစ်ယောက်မဟုတ်တစ်ယောက် သေကိုသေမှဖြစ်မယ့် အခြေအနေ။ အဲဒီလို အချိန်မျိုးမှာ ကျွန်တော်က ခင်ဗျားတို့နှစ်ယောက်ကြားလာရပ် ပြီး ဟောဒီဓားမြောင်ကလေး လာရောင်းမယ်ဆိုပါစို့ . . .။ ဘယ်လောက်ပေးပြီး ဝယ်ကြမှာလဲ'

ၓ ၓ ၓ

'၂၁ ရာစုမှာ ဘာစီးပွားရေးလုပ်မှာလဲ'

လို့ မေးလာမယ့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် ပြောစရာ 'သုံးချက်' ပဲ ရှိပါတယ်။

၁။ နည်းပညာသစ် စိုက်ပျိုးရေး မွေးမြူရေး လုပ်ရမယ်။

၂။ လစ်ဟာသွားတဲ့ စက်မှုစီးပွားရေး နိုင်ငံတွေရဲ့ နေရာကို ဝင်ယူရမယ်။

၃။ အဲဒီ နှစ်ချက်စလုံးကို အခြေမြင့် စီးပွားရေး (High Economy) အသွင် ဖန်တီးရမယ်။

ဒါပါပဲ။

ၓၓၓ

စိုက်ပျိုးရေးဆိုလို့ . . . မိရိုးဖလာ စိုက်လက်စ သီးနှံတွေချည်းပဲ ဆက်စိုက်နေတာမျိုးတော့ အခြေနိမ့် စီးပွားရေး (Low Economy) အဆင့်က မလွတ်မြောက်နိုင်ဘူး။

BURMESE CLASSIC .com

www.burmeseclassic.com



လက်ရှိ သမားရိုးကျ ကိုယ့်စိုက်ပျိုးကုန်တွေဟာ ကမ္ဘာ့ဈေးကွက်ကို အဆင့်မီ တင်ပို့ရောင်းချ (Export) နိုင်လောက်သလား . . . စဉ်းစား။ ပြည်တွင်းစားသုံးကုန်အဆင့်ပဲ ထွက်မယ်ဆိုရင်တော့ ဒါ . . . အခြေနိမ့်စီးပွားရေးပဲ ရှိဦးမယ်။ အဲဒီလို ကုန်မျိုးကို ဆက်မစိုက်နဲ့တော့။ ကမ္ဘာ့ဈေးကွက်ဝင်မယ့် အရာတစ်ခုခုကို ပြောင်းပြီးစိုက်၊ ပြည်တွင်း အတွက်လိုအပ်မယ့် ကုန်စည်ကို ပြည်ပကနေ တင်သွင်း (Import) ယူ။

ဥပမာ . . . တရုတ်နိုင်ငံရဲ့ အချို့ဒေသတွေကိုကြည့်။

သူတို့ 'ဂျုံ' မစိုက်တော့ဘူး။ ဂျုံဟာ သူတို့ပြည်တွင်း အဓိကစားကုန်ဖြစ်ပေမယ့်လို့ ကမ္ဘာ့ဈေးကွက်အဆင့်မီမထွက်နိုင်တာနဲ့ မစိုက်တော့ဘူး။

ဂျုံစိုက်မယ့်မြေမှာ 'ပန်း' တွေ ပြောင်းစိုက်တယ်။ ကမ္ဘာ့ဈေးကွက်ကို တင်ပို့ရောင်းချ (Export) လုပ်ပြီး ငွေရှာတယ်။ သူတို့ပြည်တွင်းစားဖို့ ဂျုံကို တခြားနိုင်ငံကနေ (Import) တင်သွင်းပြီ ဝယ်စားတယ်။

ဒါ အခြေမြင့် စီးပွားရေး (High Economy) ပုံစံကို ကူးပြောင်းနေတာပါပဲ။

ဗဗဗ

ကနေ့ ကမ္ဘာ့ဈေးကွက်မှာ လိုအပ်နေတဲ့ စိုက်ပျိုးကုန်တွေကို ကြည့်လိုက်ရင် . . .

ပထမ ဦးစားပေးက **ဆီအုန်း**

ဒုတိယ ဦးစားပေးက **ကိုးကိုး။ ပဲ နဲ့ ဆန်**

တတိယ ဦးစားပေးက **ရော်ဘာ နဲ့ ဂျုံ**

အဲဒီဟာတွေထဲက ကိုယ့်အနေနဲ့ ဘာကို ကမ္ဘာ့ဈေးကွက်မီ ထုတ်လုပ်နိုင်မလဲ။ အဲဒါကို လုပ်ကြပါ။

ဗဗဗ

BURMESE CLASSIC .com

www.burmeseclassic.com



လစ်ဟာသွားတဲ့ စက်မှုစီးပွားရေးနိုင်ငံတွေရဲ့နေရာကို ဝင်ယူဖို့ ဆိုတဲ့ သဘောတရားကလည်း မခက်ပါဘူး။

အရှင်းဆုံး ဥပမာ ပေးရရင် . . . ၊

ရပ်ကွက်ဈေးမှာ ရောင်းနေကျဈေးသည်က ထီပေါက်ပြီး ချမ်းသာသွားလို့ ဈေးမရောင်းတော့တဲ့အခါ . . . ၊ ကိုယ်က သူ့နေရာမှာ ဝင်ရောင်းမယ့်ဈေးသည် ဖြစ်လာဖို့ပါပဲ။

ဒီသဘောတရားကို "Niche - Occupiers" လို့ ခေါ်ပါတယ်။

ᘘᘘᘘ

ကနေ့အချိန်မှာ ကမ္ဘာ့စက်မှု စီးပွားရေးဈေးကွက်ကို ပိုင်စိုးဖို့ ရင်ဘောင်တန်း ယှဉ်ပြိုင်ရမယ့် နိုင်ငံတွေကတော့ . . .

၁။ ဂျပန်

၂။ ဂျာမဏီ

၃။ အရှေ့တောင်အာရှနိုင်ငံများနဲ့

၄။ အနောက်ဥရောပနိုင်ငံများ ပဲဖြစ်ပါတယ်။

အရင်တုန်းက အရှေ့တောင်အာရှနိုင်ငံတစ်ချို့နဲ့ အနောက်ဥရောပနိုင်ငံငယ်တစ်ချို့ကို စစ်ဖက်နိုင်ငံရေး (Military - Political States) နိုင်ငံများ . . . လို့ ခေါ်ဝေါ်သုံးစွဲရာကနေ

အခုတော့ ခိုင်မာတောင့်တင်းသော နိုင်ငံများ (Strong States) ကုန်သွယ်ရေးနိုင်ငံများ (Trading States) စသဖြင့် အခေါ်အဝေါ် ပြောင်းလာပါတယ်။

ဆိုလိုတာက . . .

ဒီနိုင်ငံတွေဟာ နည်းပညာခေတ်သစ်ထဲကို ဝင်ရလောက်အောင် ဖွံ့ဖြိုးတိုးတက်ခြင်း မရှိသေးပါဘူး။ ဒါပေမယ့် . . . အဲသည်လို ခေတ်နောက်ကျနေတာကပဲ တစ်ခုတော့ ကောင်းပါသတဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



ဘာဖြစ်လို့လဲ ဆိုတော့ . . .
နောင်တစ်ခေတ် (နည်းပညာ ခေတ်သစ်) မှာ . . . လိုအပ်လာမယ့် စက်မှုနဲ့စိုက်ပျိုးရေး ထွက်ကုန်တွေ ကုန်ကြမ်းပစ္စည်းတွေကို အဓိက ထောက်ပံ့ပေးခြင်းအားဖြင့် အဲဒီနိုင်ငံတွေဟာ စီးပွားရေးကောင်းလာမှာ မို့လို့ပါပဲ . . . လို့ ဆိုပါတယ်။

ဗဗဗ

အဲဒီသဘောတရားကို ပါမောက္ခ ဂျိမ်း(စ်)ကာ့သ် (James Kurth) က 'ခေတ်နောက်ကျမှုရဲ့ အကျိုး' (Advantages of backwardness) လို့ အမည်ပေးပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



## ပို့စ်မော်ဒန်နိုင်ငံရေး

အခုတော့ ကျွန်တော်ကိုးကားတဲ့အချက်အလက်တွေ၊ သဘောတရားနဲ့ သုံးသပ်ချက်တွေဟာ အမေရိကန်ပညာရှင်တွေရဲ့ စာအုပ်စာတမ်းနဲ့ ဆောင်းပါးတွေကို အခြေပြုထားတာများတော့ . . .

ခင်ဗျားတို့အနေနဲ့ ကျွန်တော့်ကို

'အမေရိကန် ဩဇာအောက်မှာ လောင်းရိပ်မိနေတဲ့သူ' လို့ ထင်ကောင်း ထင်စရာဖြစ်နေပါလိမ့်မယ်။

မဟုတ်ပါဘူး။

ကျွန်တော် ဒီနေရာမှာ အလေးအနက်ပြောချင်တာက . . .

**'ဘယ်သူ့ရဲ့ ဩဇာလွှမ်းမိုးမှုကိုမှ မခံဖို့ပါပဲ'**

ဒါဟာ . . . ကျွန်တော်တစ်ဦးတည်းရဲ့ သဘောထားလည်းမဟုတ်ပါဘူး။

လက်ရှိ ကမ္ဘာ့နိုင်ငံရေးအခြေအနေအရကို နိုင်ငံငယ်အတော်များများဟာ အမေရိကန်ကို ဆန့်ကျင်ကြတာတွေ့ရပါတယ်။ အမေရိကန်က ပညာရှင်တွေ ကိုယ်တိုင်က အိမ်ဖြူတော်ရဲ့ ပေါ်လစီကို ဆန့်ကျင်ကြတာလည်းရှိပါရဲ့။

ဒါဟာ ပို့စ်မော်ဒန် နိုင်ငံရေးအမြင်တစ်ရပ်လည်း ဖြစ်ပါတယ်။

www.burmeseclassic.com



ပို့စ်မော်ဒန်ရဲ့ အခြေခံသဘောတရားတစ်ရပ်ကတော့ . . .

'တစ်ဖွဲ့တစ်ယောက်ကို ဗဟိုပြုထားတဲ့ ဩဇာအာဏာလွှမ်းမိုးမှု' ကို ဆန့်ကျင်ခြင်းပါပဲ။

ဒါကို ဗဟိုချက်ကို ဖျက်ပစ်ခြင်းသဘော (Decentered) လို့ ခေါ်ပါတယ်။

❍

နောက်ထပ် . . . အရေးပါတဲ့ ပို့စ်မော်ဒန် သဘောတရားတစ်ရပ်က

**'အရောရော အနှောနှောဖြစ်ခြင်း'** ပါ။

ဒါကိုတော့ (Hybrid) လို့ ခေါ်ပါတယ်။

ʊʊʊ

ကျွန်တော် ရှေ့မှာပြောခဲ့တဲ့ မဟာအဖွဲ့အစည်းကြီးတွေ (Macro Organization) ဟာ ရောနှောခြင်းပုံစံတစ်မျိုးပါပဲ။

အမျိုးသားနိုင်ငံတစ်ခုချင်းစီ သီးသန့်ရပ်တည်နေရာကနေ အသွင်ပြောင်းပြီး နိုင်ငံစုံ လူမျိုးစုံပါဝင်တဲ့ အဖွဲ့အစည်းကြီးတွေအဖြစ် ပူးပေါင်းလိုက်ကြတာပါ။

ဒီအချက်ကို လောလောဆယ် ဥပမာပေးရရင် နေတိုး (NATO) အဖွဲ့နဲ့ ယူဂိုဆလားဗီးယားတို့ စစ်ပွဲကိုပဲ လက်ညှိုးထိုးပြရမှာပဲ။

ဒီနေရာမှာ . . . နေတိုး (NATO) ဟာ မဟာအဖွဲ့အစည်း (Macro Organization) တစ်ခုဖြစ်ပြီးတော့ . . . ၊

ယူဂိုဆလားဗီးယားဟာ အမျိုးသားနိုင်ငံ (Nation-State)တစ်ခု ဖြစ်ပါတယ်။ တစ်ဖက်က လှည့်ပြောရရင် . . . ။

BURMESE CLASSIC .com

www.burmeseclassic.com



အမျိုးသားနိုင်ငံ (Nation State) ဟာ မော်ဒန်သဘောဆောင်ပြီး မဟာအဖွဲ့အစည်း (Macro - Organization) ဟာ ပို့စ်မော်ဒန်သဘောဆောင်ပါတယ်။

အဲဒီ နှစ်ခုအကြား ဖြစ်တဲ့ စစ်ပွဲပါ။

ꩮ ꩮ ꩮ

ဒီနေရာမှာ . . . တစ်ချို့က နေတိုး (NATO) က သူ့ထက်အင်အားနည်းတဲ့ ယူဂိုဆလားဗီးယားကို အနိုင်ကျင့်တယ် . . . ဘာ . . . ညာ စသဖြင့် ပြောကြတယ်။ တစ်ကမ္ဘာလုံးမှာ တလှုပ်လှုပ်တရွရွအသံ တွေထွက်လာကြတယ်။

ငြင်းကြခုန်ကြတယ်။

တကယ်တော့ ဒါဟာ မဆန်းပါဘူး။

အင်အားကြီးသူက အင်အားနည်းသူကို အနိုင်ယူတဲ့အဖြစ်ဟာ ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးမှာ မရေမတွက်နိုင်အောင် ရှိခဲ့ပြီးသားပါ။ အခုလည်း ရှိနေတယ်။ နောင်လည်း ရှိနေဦးမှာပဲ။

ဒါကိုပြောချင်လို့ ရှေ့မှာ'အတ္တဘောကြီးများခေတ်(Leviathans)' အကြောင်းနဲ့ ကျွန်တော် အစပျိုးခဲ့တာပါ။

အခု ပို့စ်မော်ဒန်ခေတ်မှာလည်း မဟာအဖွဲ့အစည်းကြီးတွေဟာ Leviathans တွေပါပဲ။ ဥစ္စာဓန ကြွယ်ဝချမ်းသာကြ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးကြ၊ အင်အားကြီးမားကြပြီး ရက်လည်း ရက်စက်ကြမ်းကြုတ်ကြမှာပါ။

ဒါကို လက်ညှိုးထိုးပြီး ငိုကြွေးမြည်တမ်းနေဖို့ ကျွန်တော်တို့မှာ အချိန်မရှိတော့ပါဘူး။

အဲဒီခေတ်ထဲမှာ အသက်ရှင်နေထိုင်တတ်ဖို့အတွက် သင်ယူကြရမယ်။ အားထုတ်ကြိုးစားပြီး ပြောင်းလဲကြရမယ်။ အမှီ လိုက်ကြရပါမယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဒီအတိုင်းသာဆိုရင် ယူဂိုဆလားဗီးယားက သူ့တစ်နိုင်ငံတည်း (NATION - STATE) အဆင့်နဲ့ နေတိုးလို အင်အားကြီး မဟာမိတ်အဖွဲ့အစည်း (Macro-Organization) တစ်ခုကို ရင်ဆိုင်အံတုဖို့ မဖြစ်နိုင်တော့ပါဘူး။ ယူဂိုဆလားဗီးယားအနေနဲ့ အခြားသော မဟာအဖွဲ့အစည်းတစ်ခုခုနဲ့ ပူးပေါင်းမှ ဖြစ်တော့မယ်။

ဒါဟာ ယူဂိုဆလားဗီးယားနိုင်ငံရဲ့ 'အမျိုးသားနိုင်ငံ နယ်နိမိတ်စည်းကို ဖျက်ပစ်လိုက်ခြင်း' ပါပဲ။ (ဒီကိစ္စဟာ မျိုးချစ်စိတ်ရှိခြင်း/မရှိခြင်းနဲ့လည်း ဘာမှမဆိုင်ပါဘူး။ သမိုင်းရေး တောင်းဆိုချက်ပါ)

ၓၓၓ

၂၁ ရာစုရဲ့ အထူးခြားဆုံး နိုင်ငံရေးပုံသဏ္ဍာန်ကတော့ . . .

* အမျိုးသားနိုင်ငံရေးနယ်နိမိတ်စည်းများကို ဖျက်ပစ်လိုက်ခြင်းနဲ့
* မဟာအဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်း ပါပဲ။

ၓၓၓ

မဟာ အဖွဲ့အစည်းကြီးတွေဟာ အရောအနှော (Hybrid) ပုံစံတစ်ရပ်ဖြစ်တယ်ဆိုတဲ့ စကားနဲ့ပတ်သက်လို့တော့ ကျွန်တော် ဘာမှ ထွေထွေထူးထူး ထပ်ပြောနေဖို့ မလိုတော့ဘူး ထင်ပါတယ်။

အမျိုးသားရေးလက္ခဏာတွေ၊ ယဉ်ကျေးမှုတွေ . . .၊အဟောင်းနဲ့ အသစ်တွေ ရောနှောနေမှာပါ။

အဟောင်းဆိုတဲ့ နေရာမှာ . . . အမေရိကန်ပြည်ထောင်စု၊ ဂျာမဏီ၊ ရုရှနဲ့ အရှေ့ဘက်ကဆိုရင် တရုတ်၊ ဂျပန်တို့ ပါဝင်ပါတယ်။

အသစ်တွေကတော့ . . . နိုင်ငံမဟုတ်တဲ့ အဖွဲ့အစည်းကြီးတွေ၊

BURMESE CLASSIC .com

www.burmeseclassic.com



ဥရောပသမဂ္ဂအသင်းအပင်းတွေ၊ နိုင်ငံတကာအစည်းအရုံးတွေ၊ အမျိုးသား အုပ်စုပေါင်းစုံပါဝင်တဲ့ စီးပွားရေး အင်တာပရိုက်(စ်)ကြီးတွေ၊ တစ်ကမ္ဘာ လုံးဆိုင်ရာ မီဒီယာတွေ ဖြစ်ပါတယ်။

ဒါကြောင့် . . . ယနေ့ကမ္ဘာ့နိုင်ငံရေး အားပြိုင်ဝင်းကြီးထဲကို လှမ်းကြည့်လိုက်ရင် . . .

☞ ကျွန်တော် အထက်ကပြောခဲ့တဲ့နိုင်ငံကြီးတွေ၊ အဖွဲ့အစည်း ကြီးတွေ အချင်းချင်း ရောမွှေဖို့၊ ပေါင်းစည်းဖို့ ကြိုးစား နေကြတာ၊

☞ အမျိုးသားနိုင်ငံအစွဲ ကြီးမားတဲ့ (နယ်နိမိတ်စည်း မဖျက် ချင်တဲ့) နိုင်ငံတစ်ချို့နဲ့ မဟာအဖွဲ့အစည်းကြီးတွေ ပဋိပက္ခ ဖြစ်နေတာ။

☞ အမေရိကန် ဗဟိုပြုမှုကို ဆန့်ကျင်ရေး (Deamericani-zation) လုပ်လာကြတာ

စတဲ့ လှုပ်လှုပ်ရှားရှားမြင်ကွင်းတွေကို တွေ့ရမှာပါ။

ကျွန်တော့်အယူအဆကိုပြောရရင် . . .

အဲဒီလှုပ်ရှားမှုတွေအားလုံးရဲ့ အနှစ်သာရဟာ

☞ ချွတ်ယွင်းချက်တွေရှိနေတဲ့ အမေရိကန် လစ်ဘရယ်ဝါဒကို ပြောင်းလဲပစ်ရေးနဲ့

☞ ယဉ်ကျေးမှုနဲ့ အတွေးအခေါ်တွေ ခြားနားနေတဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဒေသပေါင်းစုံက ကမ္ဘာ့ လူသားထုတစ်ရပ်လုံး လက်ခံနိုင်မယ့် (သာတူညီမျှ ပေါင်းဆုံနိုင်မယ့်) အခြေခံ 'ဆုံမှတ်' ကို ရှာဖွေရေးပါပဲ။



BURMESE CLASSIC .com

www.burmeseclassic.com



အမေရိကန် သမ္မတ ဘီလ်ကလင်တန်နဲ့ မော်နီကာ လူဝင်းစကီး တို့ရဲ့ လိင်ကိစ္စပြဿနာကို ကြားလိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ နည်းနည်း အံ့သြသလိုဖြစ်မိတယ်။

တကယ်ဆို ဒီလိုပြဿနာမျိုးက အမေရိကန် လူ့အဖွဲ့အစည်း အတွက် ရိုးနေတဲ့ ကိစ္စပါ။ ကလင်တန်တင်မကပါဘူး။ သူ့ရှေ့က သမ္မတ တချို့မှာလည်း ရှိခဲ့၊ ဖြစ်ခဲ့တာပဲ။ တိုးတိုးနဲ့ ကျယ်ကျယ်ပဲ ကွာပါတယ်။

ဒါနဲ့များ . . . ခုကိစ္စမှ ဘာဖြစ်လို့ ဒီလောက်တောင် အုတ်အော် သောင်းတင်း ဖြစ်နေရတာလဲ ? လို့လည်း စဉ်းစားမိတယ်။

အော်ကြ၊ ဟစ်ကြ၊ မဲတွေခွဲကြ . . . နဲ့။ နောက်တော့လည်း အီလည်လည်ကြီး ဖြစ်သွားကြပြန်ရော . . . ။

ပပပ

အခုနောက်ပိုင်းကျမှ . . . ရီပတ်ဘလီကင်ပါတီရဲ့ ခြေရာ လက်ရာတွေဟာ ဆက်စပ် ရုပ်လုံးပေါ်လာတော့တာပဲ။ ပြဿနာအခြေခံ က ဘီလ်ကလင်တန်နဲ့ သူ့ဒီမိုကရက်တွေရဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပေါ် သဘောထား/ဆက်ဆံရေးက စပုံ ရပါတယ်။

ရီပတ်ဘလီကင် ပါတီထဲက လက်ျာအစွန်းရောက်သမားတချို့ က ဘီလ်ကလင်တန်ရဲ့ တရုတ်နိုင်ငံဆိုင်ရာ မူဝါဒကို သဘောမကျနိုင် ဘူးပေါ့။ ဒါကတော့ ရှင်းပါတယ်။ ကမ္ဘာ့အင်အားချိန်ခွင်ညှာ အပြောင်း အလဲတွေ ဘာတွေကို ခဏထား၊ အရှေ့ – အနောက် ယဉ်ကျေးမှု ကူးလူးဆက်ဆံရေးနဲ့ နေရာယူမှု သဘောတရားတွေကို ထည့်မစဉ်းစား နဲ့ဦး . . . ၊

အဲဒါတွေကို ဖယ်ထုတ်လိုက်ရင် အမေရိကန်၊ တရုတ် ဆက်ဆံ ရေးဟာ ဘီလ်ကလင်တန် လက်ထက်မှာ ထင်ထင်ရှားရှားကြီးကို တိုးတက်လာတယ် . . . ဆိုတဲ့ ကောက်ချက်ကိုပဲ ချရမှာ သေချာပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ကွန်မြူနစ်အပြုတ်တိုက်ရေးအစွဲနဲ့ တစ္ဆေအခြောက်ခံနေရတဲ့ ရီပတ်ဘလီကင်တွေအဖို့မှာတော့ ဒါဟာ စိုးရိမ်စရာပဲပေါ့။ အဲဒီမှာ ပြဿနာ တက်တော့တာပဲ။ ကျွန်တော်ပြောချင်တာက **အမေရိကန် လစ်ဘရယ် ဒီမိုကရေစီအဟောင်းနဲ့ တစ်ကမ္ဘာလုံး ပေါင်းစည်းရေး သဘောတရား** တို့ဟာ အဲသည်လို အံမဝင်ခွင်မကျတွေ ရှိနေတယ်ဆိုတာ . . . ။ ဒါပဲလေ။

အဲဒီလို အမေရိကန် အရင်းရှင် ဒီမိုကရေစီဝါဒအစွဲနဲ့ တစ်ကမ္ဘာလုံးကို လွှမ်းမိုးချုပ်ကိုင်ဖို့၊ Americanization လုပ်ဖို့ သဘောထားနဲ့ကတော့ . . . ယဉ်ကျေးမှုနဲ့ အတွေးအခေါ်တွေ ခြားနားနေတဲ့ အရှေ့နဲ့အနောက်ပေါင်းစည်းရေး၊ ကမ္ဘာ့လူသားထု တစ်ရပ်လုံး သာတူညီမျှ ရောနှောကမ္ဘာဖွဲ့ရေး (Globalization) တို့ ဆိုတာတွေဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

ဗဗဗ

'စီးပွားရေး ဖွံ့ဖြိုးမှုဟာ လစ်ဘရယ်ဝါဒဆန်မှုကို ပျိုးထောင်ပေးတယ် . . .' ဆိုတဲ့ အယူအဆ တစ်ရပ်လည်း ထွန်းကားခဲ့ပါသေးတယ်။ တိတိကျကျပြောရင် ၁၉၅၉ ခုနှစ်မှာ Seymour Lipset ဆိုသူ ပညာရှင်တစ်ဦးက စာတမ်းဖတ်ခဲ့တာပါ။ အဲဒီကတည်းက အငြင်းအခုန်တွေ စခဲ့ကြတာပါ။

နောက်ပိုင်း ၁၉၇၀ ခုနှစ်များမှာ နိုင်ငံတချို့ရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကိစ္စတွေ ဖြစ်လာတော့ အဲဒီအယူအဆဟာ ပိုပြီး ခေတ်စားလာခဲ့ပါတယ်။ ပညာရှင်တွေက ဂျပန်ကအစပြုလို့ တောင်ကိုးရီးယားအထိ ခြေဆန့်လာတဲ့ စီးပွားရေးတိုးတက်မှုတွေကို လက်ညှိုးထိုးပြခဲ့ကြပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့်အယူအဆအရတော့ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ဒီမိုကရေစီဟာ တိုက်ရိုက်ဆက်စပ်နေတာမဟုတ်ဘဲ၊ သွယ်ဝိုက်သောနည်းအားဖြင့်သာ ဆက်စပ်နေတယ်လို့ ဆိုချင်ပါတယ်။

ဒီနေရာမှာ နာမည်ကျော် ဖရန်စစ်ဖူကူယားမား (Francis Fukuyama) ရဲ့ သုံးသပ်ချက်ကို နည်းနည်း ထပ်ပြောချင်ပါတယ်။ သူကလည်း ဂျပန်ကိုပဲ ပြန်ထောက်ပြ ဆွေးနွေးတာပါ။ သူက . . .

> 'အနောက်တိုင်း ဒီမိုကရေစီစံနှုန်းနဲ့ တိုင်းတာရင်တော့ ဂျပန်ဟာ လုံးဝ ဒီမိုကရေစီမဟုတ်ဘူး'

လို့ ဆိုပါတယ်။

ဖူကူယားမား အဆိုအရတော့ . . .

ဂျပန်ဟာ နူးညံ့တဲ့ အာဏာရှင်စနစ် ပုံစံပဲ။ အဆင့်ဆင့်တာဝန်ယူ အုပ်ချုပ်ရေးစနစ်တွေ၊ ဒီမိုကရေစီပါတီတွေ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ရောနှောထားတဲ့ ပုံစံပဲ . . . တဲ့။

သူပြောတော့လည်း 'သူ့အပြော' ပေါ့လေ။ ကျွန်တော့်အနေနဲ့ကတော့ ဒီလိုလည်း လှည့်တွေးကြည့်စေချင်ပါသေးတယ်။

* ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ဂျပန် စီးပွားရေး ဦးမော့ လာအောင်
* ဒီမိုကရေစီပါတီ
* အဆင့်ဆင့် တာဝန်ယူအုပ်ချုပ်ရေး
* စီးပွားရေး

သုံးချောင်းထောက်ပုံစံနဲ့ တည်ဆောက်ခဲ့ရတာပါ။ မီယာဇာဝါဟာ ၁၉၈၆ ကနေ ၁၉၈၈ ခုနှစ်အထိ ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ပါတယ်။ အဲဒီကာလမှာပဲ ငွေကြေးဖောင်းပွမှုဟာ မထိမ်းနိုင် မသိမ်းနိုင်ဖြစ်ခဲ့တာပေါ့။ အဆိုးဆုံးက ၁၉၉၁ မှာ

BURMESE CLASSIC .com

www.burmeseclassic.com



မီယာဇာဝါ ဝန်ကြီးချုပ် ဖြစ်လာခဲ့ပြီး ဂျပန်ရဲ့ ပူဖောင်းစီးပွားရေး ပေါက်ကွဲသွားခြင်းပါ။ မီယာဇာဝါလည်း ဘာမှ မတတ်နိုင်ခဲ့ပါဘူး။ ဒါနဲ့ ၁၉၉၃ မှာ ဒီမိုကရေစီပါတီ LDP ပြုတ်ကျသွားခဲ့လေရဲ့။ ဒါပေမယ့် ဂျပန်ရဲ့ဒီမိုကရေစီ မျိုးစေ့ကိုတော့ LDP က အောင်အောင်မြင်မြင် ချပေးနိုင်ခဲ့တယ်လို့ ပညာရှင်များက သုံးသပ်ကြပါတယ်။

မှန်ပါတယ်။ အခု LDP ပြန်ပြီးတော့ အာဏာရနေပါပြီ။ ဒါပေမယ့်လည်း အခြေအနေ မကောင်းပါဘူး။ အထူးသဖြင့် ပြီးခဲ့တဲ့ တစ်နှစ် ၁၉၉၈ မှာ ဂျပန်စီးပွားရေး တိုးတက်မှုနှုန်း သုညမှာ ပြသွားတော့ မီယာဇာဝါဟာ ဂျပန်ပြည်ကို ဒုတိယအကြိမ် ကယ်တင်ဖို့ ကြိုးစားရာမှာ အရေးနိမ့်ဦးလေမလားလို့ လေ့လာသူများက စိုးရိမ်နေကြပါတယ်။

ဒီအချက်အလက်တွေနဲ့ ယှဉ်ထိုးကြည့်လိုက်ရင် စီးပွားရေး ဖွံ့ဖြိုးမှုနဲ့ ဒီမိုကရေစီတို့ တိုက်ရိုက်ဆက်စပ်နေတယ်လို့ တစ်ထစ်ချပြောဖို့ ခက်တယ်ဆိုတာ ထင်ထင်ရှားရှား တွေ့ရမှာပါ။

ဒဒဒ

ဖူကူယားမားက နောက်ထပ် နှုးညံ့တဲ့ အာဏာရှင် ဥပမာ တစ်ခုကို ထုတ်ပြပါသေးတယ်။ အဲဒါကတော့ စင်ကာပူပါ။

စင်ကာပူဝန်ကြီးချုပ် လီကွမ်းယူ ကိုယ်တိုင်ကတော့ ဒါကို ဖခင်အုပ်ထိန်းမှု (Paternalistic) ဆန်တဲ့ အာဏာရှင်ပုံစံဖြစ်တယ် လို့ ဆိုပါတယ်။ အရှေ့တိုင်းအာရှနိုင်ငံတွေ၊ ကွန်ဖြူးရှပ် ယဉ်ကျေးမှု အစဉ်အလာရှိတဲ့ နိုင်ငံတွေအတွက် ပိုသင့်တော်တဲ့ ပုံစံဖြစ်တယ်လို့လည်း ဆိုပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



'သူ့အပြော' အရတော့ အနောက်တိုင်း ဒီမိုကရေစီပုံစံဟာ **ကွန်ဖြူးရှပ် ယဉ်ကျေးမှုအစဉ်အလာ**နဲ့ ဆန့်ကျင်ကွဲလွဲနေပါသတဲ့။

ၓ ၓ ၓ

ဂန္တဝင် ကွန်ဖြူးရှပ်ဝါဒ ကိုင်စွဲတဲ့ တရုတ်နိုင်ငံနဲ့ အဲဒီက ဆင်းသက်လာတဲ့ ကိုးရီးယား၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်ဝမ် . . . နဲ့။

နူးညံ့တဲ့ ကွန်ဖြူးရှပ်ဝါဒသစ် ကိုင်စွဲတဲ့ ဂျပန်နိုင်ငံတို့မှာ . . .

* အုပ်စု/မိသားစု/နိုင်ငံတော်ရဲ့သဘောက လူတစ်ဦးချင်းရဲ့ ပုဂ္ဂလိကသဘောကို လွှမ်းမိုးထားတယ်။
* အာဏာရှင်သဘောက လွတ်လပ်မှုကို လွှမ်းမိုးထားတယ်။
* တာဝန်ရှိမှုသဘောက အခွင့်အရေးသဘောကို လွှမ်းမိုးထားတယ်။

ကွန်ဖြူးရှပ် လူနေမှုစနစ်အတွင်းမှာ နိုင်ငံတော်ကို ဆန့်ကျင်တဲ့ အခွင့်အရေးဆိုတာမျိုး အစဉ်အလာမရှိခဲ့ဘူး။ လူဟာ နိုင်ငံတော်ရဲ့ ဖန်တီးမှုကို ခံနေရတာပဲ။

ကွန်ဖြူးရှပ်ရဲ့ ဩဝါဒအရ . . . လူဟာ သူ့နိုင်ငံရဲ့ အကြီးအကဲ (ဘုရင်) ကို၊ သူ့မိသားစုရဲ့အကြီးအကဲ (အဖေ) ကို / ရံဖန်ရံခါ အစ်ကို (ဒါမှမဟုတ်) ဦးလေး၊ ဘကြီး စသဖြင့် အသက်ကြီးသူကို အဆင့်ဆင့် လေးစားရတယ်။ အမိန့် နာခံရတယ်။

ဒါဟာ သူတို့ရဲ့ ဗဟို (Center) တန်ဘိုးပဲ။

ၓၓၓ

BURMESE CLASSIC .com

www.burmeseclassic.com



(ကွန်ဖြူးရှပ်ဝါဒ သုတေသီတစ်ယောက်ဖြစ်တဲ့ Tu Wei-ming ကတော့ ကွန်ဖြူးရှပ်ဝါဒဟာ နိုင်ငံရေးဩဝါဒမဟုတ်ဘူး။ လူ့ကျင့်ဝတ် ဖြစ်တယ်လို့ ဆိုပါတယ်။ နေ့စဉ် ကြုံတွေ့နေရတဲ့

* မိသားစု
* အလုပ်
* ပညာရေး

တွေအတွက် ပုံမှန်ကျင့်သုံးရမယ့် ဝတ္တရားပေါ့။ **နိုင်ငံရပ်ခြားမှာ ရောက်နေတဲ့ တရုတ်အမျိုးသားတွေ ဘာကြောင့် စီးပွားရေးအောင်မြင်ရသလဲ** ဆိုတဲ့အချက်ကို ကြည့်လိုက်ရင်လည်း အဲဒီကျင့်ဝတ်တွေကြောင့်ပဲ . . . လို့ ဖြေရမှာ ဖြစ်တဲ့အကြောင်း ပြောပါတယ်။)

ဝဝဝ

အဲဒီတော့ . . . တရုတ်ယဉ်ကျေးမှု အစဉ်အလာအတွင်းမှာ ရှိတဲ့ ရှေးရိုး ကွန်ဖြူးရှပ်ဝါဒ ဟာ

ကျစ်လစ်အားကောင်းပြီး အလွန် အစွဲပြင်းထန်တဲ့ **မိသားစုဝါဒ** လို့ ပြောရမှာပါ။ စိတ်ပိုင်းဆိုင်ရာ အရကို 'အမိန့်နာခံမှု' ဆိုတာကို မိသားစုအတွင်းမှာကတည်းက ကြီး၊ ငယ်၊ စဉ်ဆက် ပုံသွင်းခဲ့တယ်။ ဒါဟာ . . . နိုင်ငံနဲ့ချီတဲ့ လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးရဲ့ အခြေခံ အုတ်မြစ်ပါပဲ။

ဝဝဝ

ဂျပန်မှာ ပေါ်ပေါက်လာတဲ့ ကွန်ဖြူးရှပ်ဝါဒသစ် (neo-confucianism) ကတော့ တစ်မျိုး ခြားနားပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဂျပန်ယဉ်ကျေးမှု အစဉ်အလာအရ ဘုရင်ဟာ နေမျိုးနွယ်ဖြစ်တယ်။ သူ့သားမြေးစဉ်ဆက်အတိုင်း ဘုရားသခင်ပေးအပ်ခဲ့တဲ့ အာဏာဟာ တည်မြဲတယ်၊ ဒါကြောင့် လူတိုင်းဟာ 'သူ့မိသားစုရဲ့ အကြီးအကဲထက်' ဘုရင်ရဲ့အမိန့်ကို ပိုနာခံတယ်။

ဒါကြောင့် . . . ဂျပန်မှာ မိသားစုစနစ်ဟာ အားနည်းတယ်။ နိုင်ငံနဲ့ လူမျိုးအကျိုးအတွက် ဆိုတဲ့ အတွေးအခေါ်က ပိုအားကောင်းတယ်။ ချုပ်ပြီးတော့ပြောရရင် ဂျပန်ဟာ . . . **အုပ်စုဝါဒ**ပါ။

ʊʊʊ

**အနောက်တိုင်း**ကတော့ လူတစ်ဦးချင်းစီရဲ့ အသိဟာ သူ့ကိုယ်သူ ကိုယ်တိုင်ပြန်အုပ်ချုပ်တဲ့ **ပုဂ္ဂလိကဝါဒ**ဖြစ်ပါတယ်။

တရုတ်ယဉ်ကျေးမှု အစဉ်အလာနယ်မှာက . . . မိသားစုအတွင်း အနှောင်အဖွဲ့ စည်းကမ်းလိုက်နာမှုတွေ အမိန့်နာခံမှုတွေ အားကြီးသလောက် မိသားစုပြင်ပ (ဆွေမျိုးမတော်စပ်သူတွေ၊ နီးစပ် ပတ်သက်မှုကင်းသူတွေ) အပေါ်မှာ မယုံကြည်မှု သံသယကြီးမားတတ်ပါတယ်။

ဒါဟာ နိုင်ငံတွင်းစည်းလုံးမှုကို မတည်မငြိမ်ဖြစ်သွားစေလောက်တဲ့ကိစ္စပါ။ အချင်းချင်းသံသယတွေနဲ့ ဆက်ဆံပြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားမှာကို စိုးတဲ့စိတ်ဟာ တရုတ်နိုင်ငံခေါင်းဆောင်တိုင်းလိုလိုမှာ ရှိတယ်လို့ ကျွမ်းကျင်သူများက ဆိုပါတယ်။

ဒါကြောင့်ပဲ . . . အုပ်ချုပ်သူ အာဏာပိုင်တွေဟာ နိုင်ငံရေးစနစ်ကို လွတ်လပ်ခွင့်ပေးဘို့ လက်တွန့်နေခဲ့ကြတာပဲ . . . လို့ ဖူကူယားမားက ကောက်ချက်ချလေရဲ့။

www.burmeseclassic.com



ဂျပန်မှာတော့ အဲဒီလို စိုးရိမ်စရာမလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ . . . ဂျပန် လူ့အဖွဲ့အစည်းကိုယ်တိုင်က အုပ်စုသဘောဆောင်နေပြီး အမျိုးသားရေးစိတ်ဓါတ်နဲ့ နိုင်ငံချစ်စိတ်တွေကြောင့် အတွေးအခေါ်အရ အတွင်းသား ပေါင်းစည်းမှုရှိနေလို့ပါပဲ။

ပ ပ ပ

အဲဒီလို တရုတ်နဲ့ ဂျပန်တို့ရဲ့ ယဉ်ကျေးမှုအစဉ်အလာကို လေ့လာကြည့်ခြင်းအားဖြင့် . . .

- ☞ အနာဂါတ်မှာ အာရှတိုက်ဟာ ဒီမိုကရေစီ ကျင့်သုံးမှုကို ထူထောင်မှာ မဟုတ်ဘူး . . . လို့ ပညာရှင်တချို့က သုံးသပ်ကြပါတယ်။
- ☞ တချို့ကလည်း . . . တည်ငြိမ်တဲ့ ဒီမိုကရေစီထွန်းကားဖို့ အတွက် ဟန်ချက်ညီတဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို တည်ဆောက်ရဦးမယ်။
- ☞ တချို့ကလည်း . . . အာရှတိုက်မှာ အခြေကျနေတဲ့ လူ့အဖွဲ့အစည်းပုံစံဟာ သီးသီးခြားခြားကြီးဖြစ်နေလို့ အနောက်တိုင်းသားတွေက နားမလည်နိုင်ကြဘူး . . . လို့ ပြောကြတာရှိပါသေးရဲ့။

ဖူကူးယားမားကတော့

'အရှေ့တိုင်းရဲ့ ကွန်ဖြူးရှပ်ဝါဒနဲ့ အနောက်တိုင်း ဒီမိုကရေစီဟာ ဆန့်ကျင်တယ်လို့ မပြောနိုင်တောင် . . . ကွဲတော့ ကွဲလွဲနေပါတယ်' လို့ သူ့ရဲ့ Confucianism And Democracy ဆောင်းပါးထဲမှာ သုံးသပ်ချက် ပေးထားပါတယ်။

ပ ပ ပ

BURMESE CLASSIC .com

www.burmeseclassic.com



မှတ်ချက်။

အခု ကျွန်တော်ပြောသွားတာတွေ အားလုံးကို ပြန်ချုပ်လိုက်ရင် . . . တရုတ်ရဲ့ **မိသားစုစနစ်** ကျင့်သုံးမှု၊ ဂျပန်ရဲ့ **အုပ်စုစနစ်** ကျင့်သုံးမှု၊ အနောက်တိုင်းရဲ့ **ပုဂ္ဂလိကဝါဒနဲ့ ဒီမိုကရေစီ**ကျင့်သုံးမှု။

. . . အဲဒါတွေအားလုံးကို အပြန်ပြန်အလှန်လှန်ချိန်ဆယှဉ်ထိုးကြည့်ပါ။

ဗဗဗ

အခြေအနေအားလုံးဟာ လမ်းဆုံလမ်းခွမှာ ရောက်နေကြပါပြီ။

၁။ **တရုတ်နိုင်ငံ**ဟာ သူ့နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွေကို တစ်မျိုးတစ်ဖုံ ပြောင်းရတော့မယ်။ (ကျွန်တော့အထင်ပြောရရင် သိသာထင်ရှားတဲ့ အပြောင်းအလဲတွေဟာ ခရစ်နှစ် ၂၀၀၀ ရဲ့ ပထမနှစ်များအတွင်းမှာ ဖြစ်ပါလိမ့်မယ်)

၂။ **အနောက်နိုင်ငံ**တွေ (အထူးသဖြင့် အမေရိကန်) ဟာ သူ့ရဲ့ –

- ☐ လူမှုရေး၊ စီးပွားရေး ပြဿနာတွေကို မဖြေရှင်းနိုင်ရင်၊
- ☐ တစ်ဦးချင်းစီရဲ့ ပုဂ္ဂလိက အခွင့်အရေးနဲ့ အများစုကြီးရဲ့ အကျိုးစီးပွားပြဿနာနှစ်ခုကြားဖြေရှင်းစေ့စပ်မပေးနိုင်ဘူးဆိုရင်၊ အနောက်တိုင်း ဒီမိုကရေစီဟာ လူကြိုက်နည်းလာပါလိမ့်မယ်။

၃။ **ဂျပန်နိုင်ငံ**ကတော့ ချိန်ခွင်လျှာပေါ်မှာ ထိုင်နေရပါပြီ။

- ☐ ပိုပြီး စနစ်မှန်၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဆီကိုပဲ သွားမလား၊
- ☐ နူးညံ့တဲ့ အာဏာရှင်စနစ်ဆီကိုပဲသွားမလား၊ ဘာလုပ်မလဲ။ မပြောတတ်သေးပါဘူး။

ဗဗဗ

BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီလို အမျိုးမျိုး ကွဲပြားခြားနားနေကြတဲ့ နိုင်ငံတွေကို နယ်နိမိတ်စည်းတွေ ပယ်ဖျက်ပြီး **တစ်ကမ္ဘာလုံး ရောနှောပေါင်းစည်းရေး (Globalization)** လုပ်ဖို့ဆိုတာ . . . ဖြစ်နိုင်ပါ့မလား။

ဘယ်လို နိုင်ငံရေးအသွင်အပြင်နဲ့ အဲဒီ (မတူညီတဲ့) နိုင်ငံတွေကို ပေါင်းစည်းကြမလဲ ?

ꩩꩩꩩ

၂၁ ရာစု ကမ္ဘာ့နိုင်ငံရေးအသွင်အပြင်မှာ ဘာတွေကို လက်ခံကြလိမ့်မယ်ဆိုတာ မပြောခင် . . . ဘာတွေကို လက်မခံကြတော့ဘူးဆိုတာ အရင်ပြောပါရစေ . . . ။

အဲဒါတွေကတော့ . . . အရင်းရှင်ဝါဒနဲ့ ကွန်မြူနစ်ဝါဒတို့ပါပဲ။

□□

အရင်းရှင်ဝါဒီ . . . တွေကလည်း ဘာကြောင့်၊ ဘယ်လို အကြောင်းရင်းခံရှိလို့ဆိုတဲ့ကြောင်း–ကျိုးဆက်စပ်မှုတွေထုတ်ပြပြီး သူတို့ရဲ့ အရင်းရှင်ဝါဒကို သိက္ခာတင်ကြတယ်။

ကွန်မြူနစ်ဝါဒီ . . . တွေကလည်း ဒီလိုပါပဲ။ ဘာကြောင့်၊ ဘယ်လို အကြောင်းရင်းခံတွေရှိလို့ စသဖြင့် ကြောင်း–ကျိုးဆက်စပ်မှုတွေ ဆင်ခြင်တွေးခေါ်ပြ . . . ပြပြီး နောက်ဆုံးမှာ သူတို့ရဲ့ ကွန်မြူနစ်ဝါဒသည်သာ လျှင် အကောင်းဆုံး ဖြစ်တယ်လို့ ကြွေးကြော်သွားကြပြန်တယ်။

သူတို့နှစ်ဖက်စလုံးက ပြော . . . ပြောနေတဲ့ ဘာကြောင့်၊ ဘယ်လိုဆိုတဲ့ ကြောင်းကျိုးဆက်စပ်ဆင်ခြင်မှုတွေဟာ ကိုယ်အခြေစိုက်ရာ နောက်ခံလူ့အဖွဲ့အစည်းဆီကနေ ကိုယ်ရည်မှန်းရာ ပန်းတိုင် လူ့အဖွဲ့အစည်းဆီသွားနေတဲ့ ဆင်ခြင်မှုပဓါနဝါဒ (Relationalism) တွေပါပဲ။

www.burmeseclassic.com



ပို့စ်မော်ဒန် ပညာရှင်တစ်ယောက်ဖြစ်တဲ့ ယန်းဖရန်ဆွာလီယိုတာ (Jean-Francois Lyotard) ကတော့ 'အဲဒီ ဝါဒနှစ်ခုလုံးဟာ ကိုယ့်ဟာနဲ့ကိုယ် ဆင်ခြေပေးပြီး ကိုယ့်ဆင်ခြေ ကိုယ်ယုံနေကြတာပါ' လို့ အဓိပ္ပာယ်ထွက်အောင် သာသာနဲ့နာနာ ပြောဖူးတယ်။

ဆိုလိုတာကတော့ . . . ကွန်မြူနစ်ဝါဒလို၊ အရင်းရှင်ဝါဒလို အလားတူ နိုင်ငံရေးစနစ်ဟောင်း၊ ဖက်ရှင်ဟောင်းတွေဟာ **လူ့ဆင်ခြင်မှုကနေ ရလာတဲ့ ယုံကြည်ချက်အပေါ် အခြေခံထားတယ်။** အဲဒီဝါဒတွေ အားလုံး ကျဆုံးသွားရမှာပဲ . . . ပေါ့။

'နိုင်ငံရေး စကားလုံးတွေဟာ 'လွတ်မြောက်မှု' အကြောင်း စိတ်ကူးယဉ်နေတဲ့ စကားလုံးအလှအပ သက်သက်၊ အလင်္ကာသက်သက် မျှသာ ဖြစ်သွားပါပြီ။ လူတွေရဲ့ ဒဏ်ရာကို တကယ်တမ်း မကုသပေးနိုင်တော့ဘူး' လို့ ယန်းဖရန်ဆွာ လီယိုတာက သူ့ရဲ့ကလေးများအတွက် ပို့စ်မော်ဒန် (Postmodern for Children) စာအုပ်မှာ ရေးပါတယ်။

ဝဝဝ

ဘာဖြစ်လို့ **လူ့ဆင်ခြင်မှု (Rationalism)** ကနေ ရလာတဲ့ နိုင်ငံရေးစနစ်၊ ယုံကြည်မှုတွေကို ငြင်းပယ်လိုက်ရတာလဲ၊

အဖြေကတော့ . . . အစွဲမကင်းလို့၊ တကယ့် အစစ်အမှန် တရားဆီကို ရောက်အောင် မသွားနိုင်လို့ပါ . . . တဲ့။

ဝဝဝ

ဆင်ခြင်ခြင်းမှာ ကြိုတင်ပြဋ္ဌာန်းထားရတဲ့ ပန်းတိုင်ရှိရပါတယ်။ မရှိရင် 'ဆင်ခြင်သိ'နဲ့ သိလို့မရပါဘူး။ ဥပမာပေးရရင် ... ကင်မရာ မှန်ဘီလူး ... လို့ပေါ့။ ဓါတ်ပုံဆရာရဲ့ စိတ်က ''ငါ ... ဒီပန်းပွင့်လေး

BURMESE CLASSIC .com

www.burmeseclassic.com



ရဲ့ပုံကို ရိုက်မယ်''လို့ အရင်ဆုံး ကြိုတင် ပြဋ္ဌာန်းရပါတယ်။ ပန်းပွင့်လေး ရဲ့ပုံ ပေါ်လာရေးဟာ သူ့ရဲ့ပန်းတိုင်ပဲ။

ပြီးမှ ... ကင်မရာကို ပန်းပွင့်ဆီချိန်မယ်။ နောက် ... ပန်းပွင့်ပုံ ပြတ်ပြတ်သားသား မပေါ်မချင်း မှန်ဘီလူးဆုံချက် (Focus) ကို ရွှေ့တော့တာပဲ။ အဲဒီလို မှန်ဘီလူးရွှေ့နေခြင်းဟာ 'ဆင်ခြင်ခြင်း'နဲ့ သဏ္ဍာန်တူပါတယ်။

ဗဗဗ

ကွန်မြူနစ်ဝါဒီ တစ်ယောက်အဖို့လည်း ဒီလိုပေါ့ - ။ အရင်ဆုံး သူ့စိတ်ထဲမှာ ပေါ်လာတာက ''သာယာလှပတဲ့ ဘုံလူ့အဖွဲ့အစည်းကြီး''။ ပြီးမှ - အဲဒါနဲ့မကိုက်ညီရင် ကိုက်ညီတဲ့အထိ သူ့ဆင်ခြင်ခြင်း မှန်ဘီလူး ကြီးကို လှည့်လှည့်ပြီး ရွှေ့တော့တာပဲ။

နောက်ဆုံး - သူ့အသိတရား ဖလင်ကော်ပြားပေါ်မှာ 'သာယာ လှပတဲ့ ဘုံလောက'ရဲ့ပုံလည်း ပေါ်လာရော ''ဟာ ပုံတောင်မြင်နေရပြီဟ၊ ဒါဆို ... တကယ်မှန်လို့ပဲ''ဆိုပြီး သူ့ဖာသာသူ ပြန်ယုံကြည်သွားရော (မပေါ်မချင်းလည်း သူကမှန်ဘီလူးကို အတင်းလှည့်နေဦးမှာလေ)

အရင်းရှင်ဝါဒီတစ်ယောက်အဖို့လည်း ဒီလိုပဲနေမှာပဲပေါ့။ ကိုယ်စိတ်ကူးယဉ်ထားတဲ့ဆီ မရောက်ရောက်အောင် အတင်းဆင်ခြင်ပြီး အတင်းယုံကြည်ပစ်လိုက်တတ်ကြတာ။

ဗဗဗ

ဒါကြောင့် ... ပို့စ်မော်ဒန်သမားတွေက ဆင်ခြင်ခြင်းအားဖြင့် တကယ့်အစစ်ရှိတရား (Reality ) ကို တွေ့ထိနိုင်တယ်လို့ မယုံကြည် ကြတော့ပါဘူး။ ဆင်ခြင်မှု ပဓာနဝါဒ (Rationalism) ကို စွန့်ပယ်လိုက် ကြပြီး ဆင်ခြင်မှုအကန့်အသတ်မှ လွတ်မြောက်ရေးအယူအဆ (Anti-Rationalism ) ကို လက်ခံလာကြပါတယ်။

BURMESE CLASSIC .com

စောစောက ပြောခဲ့တဲ့ ...

အရင်းရှင်စနစ်တို့၊ ကွန်မြူနစ်စနစ်တို့ကို ငြင်းပယ်တယ်ဆိုတာက အဲဒါကြောင့်ပါပဲ။

- ☞ ဒီပန်းပွင့်ကို ခုတ်ပုံရိုက်မှတော့ ဒီပန်းပွင့်ပုံပဲပေါ်တော့မှာပေါ့။
- ☞ စနစ်တစ်ခုခုရဲ့ နောက်ကိုလိုက်မှတော့ ... အဲဒီစနစ်ရဲ့ ပုံစံနဲ့ ကိုက်ညီတဲ့ ဆင်ခြင်ပုံတွေ၊ တွေးခေါ်ပုံတွေ၊ လုပ်ဆောင်ပုံတွေပဲ ပေါ်ထွက်လာစေတော့မှာပေါ့။

ဆိုလိုတာကတော့ ...

**စနစ်တစ်ခုရဲ့ နောက်ကိုလိုက်ရင် အဲဒီစနစ်က ဖန်တီးထုတ်လုပ်ပေးတဲ့ အကျိုးရလာဒ်တစ်ခုပဲ ထွက်ပေါ်လာမှာဖြစ်တယ်။**

အဲဒါနဲ့ပဲ ... လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ခြားနားကွဲပြားသွားကြ၊ ဝေးကွာသွားကြ၊ ခြံစည်းရိုးတွေ ခတ်ကြနဲ့ ... ရန်သူတွေတောင်မှ ဖြစ်ဖြစ် သွားကြရတော့တာပဲ။

**ဒီလိုပုံ ဒီလိုအချိုးနဲ့တော့ ကမ္ဘာကြီးကို ဘယ်လိုပေါင်းစည်းမလဲ။**

♉♉♉

ကမ္ဘာကြီးဆိုတာဟာ လူတစ်ယောက်နဲ့ တစ်ယောက် ကြားက ဆက်သွယ်ချက် (Communication ) ပါပဲ။

လူဆိုတာကတော့ (၁) ဆက်သွယ်ချက်တွေကို ပြုလုပ်တဲ့ (၂) ဆက်သွယ်ခံရတဲ့ 'ဖြစ်တည်မှု Being' တစ်ခုပါ။ (ခင်ဗျားကို ဆက်သွယ်လို့မရရင် ဒီလောကကြီးထဲမှာ ခင်ဗျားမရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ပို့စ်မော်ဒန်ယဉ်ကျေးမှု**

အာရပ်တစ်ယောက်ပေါ့ ...

ကုလားအုပ်ကြီးစီးလို့ ဝက်ရုံဖားဖားကြီးကိုလည်း ခြုံထားသေးရဲ့။ ဟုတ်တယ် ... ဒါလောက်ဆိုရင် 'အာရပ်' ဟာ 'အာရပ်အစစ်' မှန်း ခင်ဗျားသိပြီး

ဒါပေမယ့် ... အဲဒီအာရပ်က ခါးမှာ ဂျင်းဘောင်းဘီဝတ်ထားတယ်။ လက်ထဲမှာ ထရန်စစ္စတာ ရေဒီယိုတစ်လုံးနဲ့ ... ၊ ကိုကာကိုလာဘူးကို ဖောက်ပြီး သောက်နေလေရဲ့။

ဝဝဝ

ကျွန်တော် အထက်ကပြောခဲ့တဲ့ အသွင်အပြင်တွေဟာ VACLAV HAVEL ရဲ့ The Search for Meaning in a Global Civilization ဆောင်းပါးထဲက စာတစ်ပိုဒ် ဖြစ်ပါတယ်။

VACLAV HAVEL ကတော့ အဲဒီရုပ်ပုံလွှာကို ယဉ်ကျေးမှုရောနှောစပ်ပေါင်းခြင်း (Amalgamation of Culture) ရဲ့ သင်္ကေတ ဖြစ်တယ်လို့ ဆိုပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



သူ့အဆိုအရ ...

အခု ကျွန်တော်တို့ဟာ 'အသွင်ကူးပြောင်းရေးကာလ' တစ်ခုကို ဖြတ်သန်းနေကြရတာပါ ... တဲ့။ ဟုတ်တယ်။ ကျွန်တော်တို့ဟာ တစ်နေရာရာဆီကို ရွေ့လျားသွားနေကြရတာတော့ သေချာတယ်။ ဒါပေမယ့် ... ဘယ်ဆီဦးတည်သွားနေကြတာလဲ၊ ဒါတော့မသိဘူး။ နောက်ပြီး ... ကျွန်တော်တို့ဟာ တစ်ခုခုဖြစ်ပျက်နေကြတာလည်း သေချာတယ်။ ဒါပေမယ့် ဘာဖြစ်နေကြတာလဲ ... လို့တော့ လာမမေးပါနဲ့။ ပေးစရာအဖြေမရှိဘူး။

တစ်စုံတစ်ရာဟာ သေဆုံးပျောက်ကွယ်သွားတဲ့ အခိုက်မှာပဲ၊ တစ်စုံတစ်ရာဟာ ဝေဒနာကို ညည်းတွားရင်း မွေးဖွားလာတယ်။ တစ်စုံတစ်ရာဟာ အားကုန်နွမ်းနယ်စွာနဲ့ ပြိုလဲဆွေးမြေ့သွားချိန်မှာ တစ်စုံတစ်ရာဟာ ဝိုးတဝါး ထွက်ပေါ်လာနေဆဲ ရှိလေရဲ့။

ဘာတွေ ဖြစ်နေကြတာလဲ၊
အဲဒီလို ဖြစ်နေခြင်းမှာ ဘာတန်ဖိုးတွေ ရှိလေသလဲ။
ဘာတွေ ဖြစ်လာဦးမလဲ၊

အဲဒီ နေရောင်ခြည်ကိုက ရှုပ်တယ် ... ။
မတောက်ပချင်ပါဘူးကွယ် ...
ပြန် ပြန် မှောင်ရတာနဲ့ မကာမိလို့။

☞ ဘာတွေ ဖြစ်နေကြတာလဲ။

အသွင်ကူးပြောင်းရေး ကာလတစ်ခုရဲ့ ထုံးစံအတိုင်းပေါ့ ... ။ ယဉ်ကျေးမှုတွေဟာ ရောနှောနေကြတယ်။ အမျိုးအစားမတူတာတွေ ရောပြွမ်းနေကြတယ်။ ပုခုံးချင်း ယှဉ်တွန်းနေကြတယ်။ ပင်ကိုယ်စရိုက်တွေ

BURMESE CLASSIC .com

www.burmeseclassic.com



ဝိုးတဝါး မှေးမှိန်သွားကြတယ်။ အသိပညာနဲ့ပတ်သက်တဲ့ အယူအဆတွေကို ပြန်ဆန်းစစ်ဖို့ လုပ်လာကြတယ်။ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ ပေါ်လာတယ်။

ဘာတန်ဖိုးတွေ ရှိလေသလဲ။

တန်ဖိုးဆိုတာကို ခင်ဗျား ဘာနဲ့ဆုံးဖြတ်မှာလဲ။ တန်ဖိုး ရှိ၊ မရှိ ဆုံးဖြတ်တဲ့စနစ်တွေ အားလုံးပြိုလဲ ပျက်စီးသွားပါပြီ။

အထူးသဖြင့်တော့ ခေတ်အခြေအနေတစ်ခု ပြောင်းသွားပြီဆိုတာနဲ့ အရင်ကရှိပြီးသားနှုန်း၊ စံတွေ ... ။ စနစ်တွေဟာ ရှေ့နောက်မညီမညွတ် ဖြစ်လာတယ်။

ဘာတွေဖြစ်လာဦးမှာလဲ။

ဘာတွေဖြစ်လာမလဲလို့တော့ မေးမနေပါနဲ့။ အားလုံးဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုဟာ တစ်ညီတညွတ်တည်း စုစည်းထားတဲ့ ကိုယ်ပိုင်ဟန်တွေ ... ။ ကိုယ်ပိုင် သီးသန့်နှလုံးသားတွေ ... ။ ကိုယ်ပိုင်ခံစားမှုတွေ ပျောက်ကွယ်နေပြီ ဖြစ်လို့ပါပဲ ... လို့ Vaclav Havel က ဆိုပါတယ် ... ။

ဒီနေရာမှာ ယဉ်ကျေးမှုဆိုတာနဲ့ ပတ်သက်လို့ နှစ်ပိုင်းခွဲပြောချင်ပါတယ်။ တစ်မျိုးက Civilization လို့ခေါ်တဲ့ 'ယဉ်ကျေးမှု'ပါ။ နောက်တစ်မျိုးက Culture လို့ခေါ်တဲ့ 'ယဉ်ကျေးမှု'ပါ။

ʊʊʊ

ယနေ့ကမ္ဘာကြီးရဲ့ နိုင်ငံပေါင်းစုံ ယဉ်ကျေးမှုပေါင်းစုံ အရော အနှော (Multi Cultural Amalgam) အကြောင်း မပြောခင် ... ။

နိုင်ငံတစ်ခုချင်းစီ အရင်ကြည့်ရအောင်။

BURMESE CLASSIC .com

www.burmeseclassic.com



(၁) နိုင်ငံတစ်ခုရဲ့ လူနေမှုအဆင့်ယဉ်ကျေးမှု (Civilization) ကို ဘာတွေက ဖန်တီးသလဲ။

(၂) နိုင်ငံတစ်ခုရဲ့ လူနေမှုဆင့်အတန်း မြင့်မားလာအောင် ဘာတွေကို ပြုပြင်ပြောင်းလဲပစ်ရမလဲ။

ᘓᘓᘓ

အယ်(လ)ဗင် တော့(ဖ)လာ (Alvin Toffler) ကတော့ သူ့ရဲ့ နိဒါန်းနှင့် ကြိုတင်ဟောကိန်းများ (Premises & Previews) စာအုပ်မှာ 'ယဉ်ကျေးမှု'ကို ဖွဲ့စည်းထားတဲ့ အစိတ်အပိုင်း (၆)ရပ်ကို ဖော်ပြထား ပါတယ်။

အဲဒါတွေကတော့ ... ।

၁။ နည်းပညာ (Techno - Sphere)

၂။ လူမှုဝန်းကျင် ဆက်ဆံရေး (Socio-Sphere)

၃။ သတင်းအချက်အလက် (Info-Sphere)

၄။ အုပ်ချုပ်ရေး (Power-Sphere)

၅။ ခေတ်အလိုက် ဇီဝရှင်သန်မှု (Bio-Sphere)

၆။ စိတ်ပိုင်းဆိုင်ရာ အခြေအနေ (Psycho-Sphere)

တို့ပဲဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ရဲ့ ''လူနေမှုအဆင့်အတန်း''ကို မြှင့်တင်ချင်ရင် ... အဲဒီ (၆)ချက်စလုံးကို သူ့အစိတ်အပိုင်းနဲ့သူ 'အသစ်' ဖြစ်အောင် လုပ်ရမယ်၊ အဆင့်မြှင့် ရမယ်။

ᘓᘓᘓ

BURMESE CLASSIC .com

www.burmeseclassic.com



နည်းပညာ (Techno-Sphere) ဟာ ကုန်စည်တွေကို ထုတ်လုပ်ဖို့ ဖြန့်ဝေဖို့ ကိစ္စတွေနဲ့ တိုက်ရိုက်ဆက်စပ် နေပါတယ်။ လုပ်အားနဲ့လည်း ဆက်စပ်တာပဲ။ နည်းပညာ မြင့်လာတဲ့အလျောက် အလုပ်သမားအင်အားကို လျော့ချပစ်နိုင်မလား။ အလုပ်သမား တစ်ယောက်ချင်းစီရဲ့ ကျွမ်းကျင်မှုကို ပိုလိုအပ်လာမလား? စသဖြင့်ပေါ့လေ ... ။

လူနေမှုအဆင့်အတန်း ဆိုတာကလည်း အဲဒီနည်းပညာအသစ်တွေနဲ့ ဖန်တီးထားတဲ့ စား၊ ဝတ်၊ နေ၊ ရေး အခြေခံ ကုန်ထည်တွေအပေါ် မှီခိုနေတာပဲ မဟုတ်လား။

ဝဝဝ

သတင်းအချက်အလက် (Info-Sphere) ဆိုရင်လည်း ဒီလိုပါပဲ။ အခု ၂၁–ရာစု အကြိုခေတ်ကိုတောင် 'သတင်းခေတ်'လို့ ခေါ်နေကြတာပါ။ သတင်းတွေ အချက်အလက်တွေဟာ ကိုယ်ဖန်တီးချင်တဲ့အရာကို ဖန်တီးနိုင်ဖို့၊ ကိုယ်လိုချင်တဲ့ အသိပညာကိုရဖို့ ရင်းမြစ်တွေ ...၊ သဲလွန်စတွေပဲ ဖြစ်ပါတယ်။

အယ်၊ လ်၊ ဗင်/ တော့၊ ဖ၊ လာ ပြောတဲ့ တတိယလှိုင်းကယနေ့ခေတ် ကမ္ဘာကြီးအတွက် 'လူတန်းစားအသစ်' တစ်မျိုး ထုတ်လုပ်ပေးလိုက်ပါပြီ။ အဲဒီ လူတန်းစားကို (Cognitariat) လို့ ခေါ်ပါတယ်။

သူတို့က စုဆောင်းပြီးသား သတင်းအချက်အလက်တွေကိုပိုင်ဆိုင်တယ်။ သူတို့မှာ စိတ်ကူးတွေရှိတယ်။ ကုန်ပစ္စည်းတစ်ခုကိုထုတ်လုပ်ဖို့၊ ဖြန့်ချိဖို့ ဘာတွေလိုအပ်နေပြီ၊ ဘယ်နေရာမှာ ဘာသွားလုပ်ရင် အောင်မြင်နိုင်မယ်၊ ဘယ်လို ကြော်ငြာရမယ်၊ ဘယ်ဒေသက လူတွေသုံးဖို့ဆိုရင် ဒီကုန်ပစ္စည်းတစ်ခုမှာ ဘယ်လိုအရည်အသွေးတွေရှိမှ လူကြိုက်

BURMESE CLASSIC .com

www.burmeseclassic.com



များမယ် ... စတဲ့ နည်းလမ်းတွေ၊ အသိပညာတွေနဲ့ သတင်းအချက်အလက်တွေကို သူတို့ပိုင်ဆိုင်ကြတယ်။

အဲဒီလူတန်းစားဟာ နည်းပညာ ဖြန့်ဝေမှု၊ ကူးလူးပြန့်ပွားမှု၊ ဈေးကွက်တွင်ကျယ် မြန်ဆန်မှုတွေကို အဓိက အထောက်အကူပေးမယ့် လူတန်းစား ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုစီဟာ သူရဲ့သတင်းအချက်အလက်တိုင်းကို အားလုံးသိနိုင်ဖို့ ပွင့်ပွင့်လင်းလင်းနဲ့ မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ထုတ်ပြန်ပေးဖို့ လိုအပ်တယ်လေ။ ကိုယ်ကလည်း အဆက်မပြတ် သတင်းတွေ ရနေရမယ်။ ဒါမှ Cognitariat လူတန်းစား အသက်ဝင်လာနိုင်မယ်။ ဒါမှ အဲဒီလူ့အဖွဲ့အစည်းအတွက် သင့်တော်လိုအပ်သမျှကို တခြားအိမ်နီးချင်း လူ့အဖွဲ့အစည်းမှာ ပိုလျှံနေတဲ့ အစိတ်အပိုင်းတွေနဲ့ မျှဝေဖြည့်ဆည်းနိုင်မှာပေါ့။ ဒါကို Transparency လို့ ခေါ်ပါတယ်။

၄၄၄

**လူမှုဝန်းကျင် ဆက်ဆံရေး (Socio-Sphere)** လည်း အရေးကြီးတာပါပဲ။ ဒါက လူတစ်ယောက်ချင်းစီဟာ သူ့ရဲ့ပတ်ဝန်းကျင်နဲ့ ဘယ်လိုဆက်ဆံသလဲဆိုတဲ့ ရပ်တည်ချက်နဲ့ဆိုင်ပါတယ်။

လူမှာ (၁) ဆန္ဒ

(၂) တွေးခေါ်စဉ်းစားမှု

(၃) အသိအမှတ်ပြုခံလိုမှု

ဆိုပြီး အစိတ်အပိုင်းသုံးရပ် ရှိတဲ့အနက်က တတိယအစိတ်အပိုင်းဖြစ်တဲ့ 'အသိအမှတ်ပြုခံလိုမှု'ဟာ လူ့ဆက်ဆံရေး အဖွဲ့အစည်းကို မောင်းနှင်တဲ့ အကြီးမားဆုံးအင်အားပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



လူတိုင်းဟာ ကိုယ့်ကို တခြားသူတွေက ဝိုင်းပြီး အသိအမှတ်ပြု တာခံချင်တဲ့ သူတွေချည်းပါပဲ။ နာမည်ကြီးချင်လို့ ပေါက်ကရ လျှောက်လုပ် တဲ့ သူတွေကို တွေ့ဖူးမှာပေါ့။ အဲဒီလူတွေကျတော့ လွန်သွားပြီ။ 'ငါသိ'၊ 'ငါတတ်'၊ 'ငါအတော်ဆုံး'လို့ ကိုယ့်ကိုယ်ကိုလည်း ထင်၊ သူများ အထင်လည်း ခံချင်တဲ့လူတွေ ဆိုပါတော့ ... ။

အဲဒီလူမျိုးကတော့ လူ့အဖွဲ့အစည်းကို အန္တရာယ်ပြုလောက် တဲ့ 'အလွန်အမင်း အသိအမှတ်ပြုခံလိုစိတ်'နဲ့ ရှင်သန်နေတာပါ။ 'လူ' မဟုတ်တော့ပါဘူး။ လွန်သွားပါပြီ။ သူ့ကိုယ်သူ Superman အလား ပြုမူနေတဲ့ သတ္တဝါတစ်ကောင်ပေါ့။

ၓ ၓ ၓ

နောက်တစ်မျိုးကတော့ ဘယ်သူ့ကိုမှ အသိအမှတ်မပြုချင်တဲ့ လူမျိုးပါပဲ။ မစ္ဆရိယစိတ်၊ ဝန်တိုစိတ်နဲ့ အမြဲတမ်း သူများကို မနာလိုဖြစ် နေတဲ့ သူပါ။ အဲဒါမျိုးကလည်း စိတ်ရောဂါသည် တစ်မျိုးပါပဲ။ လူ့အဖွဲ့ အစည်းကို အန္တရာယ် ပေးပါတယ်။

တစ်ခါတစ်လေ ... အဲဒီလူမျိုးတွေဟာ သူတို့ကိုယ်တိုင် လူ့အဖွဲ့အစည်းရဲ့ အသိအမှတ်မပြု၊ စွန့်ပစ်ခံထားရလို့ လူ့အဖွဲ့အစည်း ကို စိတ်နာကျည်းပြီး အကောင်းမမြင်နိုင်တဲ့ လူစားတွေ ဖြစ်နေတတ်ပါ တယ်။

ကိုယ် ကိုယ်တိုင်လည်း ဘာမှမလုပ်နိုင် ... ၊ သူများလုပ်နိုင် တာကိုလည်း အကောင်းမမြင် အသိအမှတ်မပြုချင်တဲ့အဆင့် ရောက်နေ ပြီဆိုရင်တော့ ဒါ - လူ့အဖြစ်ကနေ ယုတ်လျော့သွားပါပြီ။ Inframan ဆိုပါတော့။

www.burmeseclassic.com



ဗဗဗ

အဲဒီနှစ်မျိုးစလုံးဟာ လူ့ဘောင်လောကထဲမှာ အကျုံးဝင်တဲ့ 'လူ'တွေ မဟုတ်ကြပါဘူး။ တကယ့် 'လူစစ်စစ်'က တန်းတူရည်တူ အသိအမှတ်ပြုမှုနဲ့ နေထိုင်တဲ့သူတွေကို ခေါ်တာပါ။

ကိုယ့်ကိုယ်ကို သူများထက်သာချင်စိတ်နဲ့ ခေါင်းတစ်လုံး ပိုမြင့်ပြရအောင် ဆိုပြီးတော့လည်း အတင်းကြီး ခြေဖျားမထောက်ချင်ပါနဲ့။ နောက်ပြီး - ၊ တခြား 'လူ'တွေကိုလည်း အသိအမှတ်ပြုဖို့ ကြည်ကြည် လင်လင် နှလုံးသွင်းပါ။

တကယ်တိုးတက်တဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အတွင်းမှာ လူနဲ့ လူချင်းဆက်ဆံရေးပဲ ရှိရမယ်။

ဗဗဗ

ဆူလီဗန် (Sullivan) ရဲ့ လူမှုဗေဒ (Sociology) စာအုပ် ထဲမှာ Looking Glass Self ဆိုတဲ့ သဘောတရားလေးတစ်ခု ပါပါတယ်။

'တခြားသူတွေက ကိုယ့်အပေါ် ဘယ်လိုမြင်သလဲ'ဆိုတာကို အာရုံစိုက်လွန်းပြီး ကိုယ့်ကိုယ်ကိုပုံဖော်ခြင်းကို ခေါ်တာပါပဲ။

★★

"ကလေးတစ်ယောက်ကို ကျွန်တော်တွေ့ဖူးပါတယ်။ ဘေးက လူကြီးတွေက အဲဒီကလေးက လူကြီးတွေကို သိပ်ရိုသေတတ်တာပဲ" လို့ အဲဒီတီလေးကို ရည်ညွှန်းပြီး ခဏခဏပြောတယ်။

အဲဒီ ကလေးကလည်း ဒီစကားကို အမြဲတမ်းကြားနေရတာ ... ။ ကြာတော့ ဒီငတိလေးက အဲဒီမှတ်ချက်အပေါ် အာရုံစိုက်လွန်း သွားတယ်။ အဲဒီမှာ သူ့ကိုသူ ရိုသေတတ်လွန်းသူကလေး မဖြစ်ဖြစ် အောင် အတင်းပုံဖော် လုပ်ယူတော့တာပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



ဟုတ်တယ်လေ ... ။ ''ဒီကောင် လူကြီးကို မရိုသေတတ်ဘူး''လို့ အပြောခံရမှာ ကြောက်နေပြီကိုး ... ။ အဲဒီမှာ ... လူတွေ့တိုင်း အတင်းကြီးရိုသေပြနေတော့တာပဲ။

''ဟုတ်ကဲ့ပါ ခင်ဗျ''

''ကျွန်တော် နားထောင်နေပါတယ် ခင်ဗျ''

''ကျွန်တော့်ကို ဆုံးမပေးပါခင်ဗျ''နဲ့ လက်ကလေးပိုက်၊ ခါးကလေးကုန်းပြီး၊ လူတွေ့တိုင်းကို ပြောနေတော့တာ - ။ ကြာတော့ အမြင်ကတ်ဖို့ ကောင်းလာတယ်။

ဟုတ်တယ်လေ ... ။ ဒါ 'သူ အစစ်'မှ မဟုတ်တာ။

တခြားသူတွေရဲ့ ထင်မြင်မှုကိုရယူဖို့၊ တခြားသူတွေက သူ့အပေါ် စိတ်ကျေနပ်ဖို့တွက် 'လိုက်လုပ်ယူ'နေတဲ့ အပြုအမူတွေပဲ။

လူကြီးကိုရိုသေတာ မကောင်းဘူးလို့ ကျွန်တော်မဆိုလိုပါဘူး။ ဒါပေမယ့် ... ကိုယ်ကိုယ်တိုင် ဆုံးဖြတ်လုပ်ကိုင်တဲ့ 'အပြုအမူအစစ်' မဟုတ်ပဲ တခြားသူတွေရဲ့အမြင်ကိုမှီခိုပြီး 'အတုလုပ်ပြ'နေတာကတော့ သနားစရာ ကောင်းလွန်းနေပါတယ်။

အဲဒီလိုကိုယ့်ကို အကောင်းပြောတာခံချင်တဲ့ ရောဂါကလည်း အန္တရာယ်မသေးပါဘူး။ ကိုယ်ဘာကို တကယ်ယုံကြည်သလဲ။ ကိုယ်ဘာကို တကယ်လုပ်ချင်တာလဲ။ အရင်ဆုံး ကိုယ့်ကိုယ်ကို သိမြင်နားလည်လာအောင်လုပ်ပါ။ ကိုယ့်လမ်းစဉ်ကို ကိုယ့်အတွေးအခေါ်ပေါ် ကိုယ်ခြေစုံပြီး ဆုံးဖြတ်ပါ။

သူများချီးကျူးတာ ခံချင်လို့လုပ်တာ - ၊ လူမြင်ကောင်းပါစေတော့ဆိုပြီး (ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်မပါပဲ) မျှောလိုက်နေတာတွေကတော့ 'အတု'ပဲ။ ဘယ်တော့မှ 'လူဖြစ်'မှာ မဟုတ်ဘူး။

၀၀၀

BURMESE CLASSIC .com

www.burmeseclassic.com



၂၁ ရာစု လူမှုဆက်ဆံရေး ပုံစံမှာ
– ပတ်ဝန်းကျင်ကို ဂရုစိုက်ရမယ် ... ၊ ပြီးတော့
– ပတ်ဝန်းကျင်ကို ဂရုမစိုက်ရဘူး။

**ပတ်ဝန်းကျင်ကို ဂရုစိုက်ရမယ်** ... ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်က တစ်ခြားသူတွေကို လူကိုလူလို့မြင်တတ်၊ ဆက်ဆံတတ်ရမယ်။ လူ ... လူချင်းဆိုတဲ့အသိနဲ့ ချစ်ခင်ရင်းနှီးရမယ်။ အပြန်အလှန်လေးစားရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

**ပတ်ဝန်းကျင်ကို ဂရုမစိုက်ရဘူး** ... ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်က ကိုယ့်ယုံကြည်ချက်အပေါ်မှာ ကိုယ်ခိုင်ခိုင်မြဲမြဲရပ်တည်ပြီး လုပ်စရာရှိတာကို စစ်စစ်မှန်မှန် လုပ်သွားဖို့ပါ။ ပတ်ဝန်းကျင်က လူတွေက ဘာပဲပြောပြော ... သူတို့ကြိုးဆွဲရာ မကမိဖို့လိုတယ်။

လူဖြစ်လာတာ ကိုယ့်အကြိုက်အတွက်လုပ်ဖို့ ဖြစ်လာတာ ... ။

သူများအကြိုက် လိုက်လုပ်ပြဖို့ ဖြစ်လာတာမဟုတ်ဘူး ... ၊ ကိုယ်ယုံကြည်ရာကိုယ် စစ်စစ်မှန်မှန် လုပ်မယ်။ သူများတွေ ကြိုက်ကြိုက် မကြိုက်ကြိုက် ငါ့အလုပ်ကို အပျက်မခံဘူး ... ဆိုတဲ့ စိတ်ဓာတ်ဟာ **'သခင်စိတ်'** ဖြစ်ပါတယ်။

ကိုယ့်ဖာသာကိုယ် ဘာ ယုံကြည်မှန်လည်းမသိ၊ ဘာလုပ်ချင်မှန်းလည်း မဆုံးဖြတ်ရဲ ... သူများတွေက ငါ့ကိုအကောင်းပြောပါစေ။ ချီးမွမ်းပါစေ - ဆိုပြီး သူများ မျက်နှာကြည့်၊ သူများအကြိုက် လုပ်နေသူရဲ့စိတ်ဟာ **'ကျွန်စိတ်'** ဖြစ်ပါတယ်။

၂၁ ရာစုဟာ သခင်စိတ်ရှိသူတွေအတွက်ပဲ ဖြစ်တယ်။

အခုပြောခဲ့တဲ့ - နည်းပညာနယ်ပယ် (Techno - Sphere)၊ သတင်းအချက်အလက်နယ်ပယ် (Info - Sphere)၊ လူမှုဆက်ဆံရေးနယ်ပယ် (Socio - Sphere) ကိစ္စတွေမှာတင် ဆက်ပြီးတော့ အတွေးဆန့်စရာ အတော်များများ ရှိနေပါသေးတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ကျန်တဲ့ ... အုပ်ချုပ်ရေးနယ်ပယ် (Power - Sphere)၊ ဇီဝနယ်ပယ် (Bio - Sphere)၊ စိတ္တဇနယ်ပယ် (Psycho - Sphere) တွေနဲ့ ပတ်သက်လာရင် ဒီလိုပဲပေါ့။

ပြောစရာတွေ အများကြီးပါ။

ဒါပေမယ့် ... ၊

ကျွန်တော် ဒီမှာတင်ပဲ စကားစဖြတ်ပစ်ခဲ့ပါတယ်။ ကိုယ့်လူနေမှု အဆင့်နဲ့ယဉ်ကျေးမှု (Civilization) မြင့်မားရေးအတွက် အစိတ်အပိုင်း တစ်ရပ်ချင်းစီကို ဘယ်လိုပြုပြင် မြှင့်တင်ကြမလဲဆိုတဲ့ စိတ်ကူးအတွေးစ ကလေးတွေ ကိုယ်စီရှိသွားကြရင်ပဲ ကျွန်တော်ကျေနပ်ပါပြီ ... ။

တကယ်တော့ ...

ကျွန်တော်တို့ တစ်ယောက်ချင်းစီမှာ တာဝန်ရှိပါတယ်။

ဗဗဗ

အခုဆက်ပြီး ...

နိုင်ငံတစ်ခုစီ ... ၊ လူမျိုးတစ်မျိုးချင်းစီရဲ့ ယဉ်ကျေးမှုတွေ ကမ္ဘာကြီးမှာ စုဆုံပေါင်းကွဲ ရောနှောသွားတဲ့ (Multi culturalism) သဘောကို စလေ့လာကြည့်ကြရအောင် ... ။

ခင်ဗျားကတော့ ...

အာရပ်ကြီးတစ်ယောက် ဂျင်းဘောင်းဘီဝတ်၊ ကုလားအုပ်စီးပြီး ကိုကာကိုလာသောက်တာ ဘာများအရေးကြီးလို့လဲ ... လို့ ပြောချင် ပြောမှာပေါ့ ... ။

ဟုတ်ပါတယ် ... ၊ အရေးမကြီးပါဘူး။

ဒါပေမယ့် အဲဒီ အရေးမကြီးတာလေးတွေပဲ ကမ္ဘာ့ယဉ်ကျေးမှု သမိုင်းကြီးတွေကို ချိုးကွေ့ ပြောင်းလဲပစ်လိုက်တာပါ။

www.burmeseclassic.com



ပပပ

ဟိုး ... တုန်းကလည်း ဒီလိုပဲပေါ့။

တရုတ်နိုင်ငံက စက္ကူနဲ့စာရေးတာ ဘာများအရေးကြီးလို့လဲ ... လို့ ပြောသူတွေ ရှိခဲ့ကြမှာပါ။ ဒါပေမယ့် ကြာတော့ စက္ကူနဲ့ပုံနှိပ်လုပ်ငန်းဟာ ဥရောပတိုက်ကြီး တစ်တိုက်လုံးရဲ့ ယဉ်ကျေးမှုသမိုင်းကို ပြောင်းလဲပစ်လိုက် နိုင်ခဲ့တယ် မဟုတ်လား။

သံလိုက်အိမ်မြှောင်ဆိုရင်လည်း ဒီလိုပဲ။

တြီဂိုသင်္ချာဘာသာရပ်ဟာ ရှေးခေတ်အီဂျစ်ပြည်ကနေ မြစ်ဖျားခံလာတာ။ ဥရောပဂဏာန်းသင်္ချာ ရေတွက်တဲ့စနစ်က အိန္ဒိယ ဟိန္ဒူတွေဆီက ရတာ။

(ဒါပေမယ့် အဲဒီဂဏာန်းသင်္ချာစနစ်ကို အာရဗစ်သင်္ချာဆိုပြီး နာမည်တပ်ထားတာတော့ မျက်စိလည်မသွားပါနဲ့ဦး။ ဟိန္ဒူတွေဆီကနေပြီး အာရပ်တွေဆီရောက်၊ အဲဒီကနေတဆင့် အလယ်ခေတ်ဥရောပကို ရောက်လာတာ။ နာမည်က အာရဗစ်ဆိုပေမယ့် တကယ်က အာရပ်တွေက ကြားခံတစ်ဆင့်ပါ။)

ဒီလိုပဲ ... ၊ ရှေးခေတ်ဂရိ အတွေးအခေါ်တွေဟာလည်း အနောက်ဥရောပကို အာရဗီဘာသာပြန်ပြီးမှ ရောက်လာကြတာပဲ။ ပြီးတော့မှ ... လက်တင်ဘာသာ (ဒါမှမဟုတ်) တခြား ဥရောပဘာသာစကားတစ်ခုခုအဖြစ် ဘာသာထပ်ပြန်ယူရတယ်။

ပပပ

ပြောချင်တာက ဒီလိုပါ။ အနောက်တိုင်း ယဉ်ကျေးမှုဆိုတာကြီးထဲမှာ အစိတ်အပိုင်း အတော်များများက အနောက်တိုင်းဒေသမဟုတ်တဲ့နေရာတွေ (အာရှ ... တို့၊ အရှေ့အလယ်ပိုင်းဒေသ ... တို့)က လာတဲ့ ယဉ်ကျေးမှုတွေ ပါဝင်ရောနှောနေတယ် ဆိုတာပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



ဥပမာ ... စစ်တုရင်ကစားနည်းဆိုရင် အိန္ဒိယကလာတာ။ သေနတ်ယမ်းမှုန့်ဆိုရင် တရုတ်ကလာတာ။ သင်္ချာအယူအဆတွေဆိုရင် အစ္စလာမ်ကမ္ဘာက လာတာ ... ။

ဒီလိုပဲ ... ၊ ဥရောပတိုက် တိုးတက်တယ်ဆိုတာ တကယ်တော့ မြေထဲပင်လယ်ဒေသနဲ့ အရှေ့က နက္ခတ္တဗေဒပညာရပ်တွေ၊ ဆေးပညာရပ်တွေ၊ ဂျီသြမေတြီ ပညာရပ်တွေအပေါ် အခြေခံပြီး သိပ္ပံနဲ့ နည်းပညာသစ်တွေ တည်ဆောက်လာနိုင်လို့ပါ။

ဗဗဗ

ဒါကြောင့်ပြောတာ ယဉ်ကျေးမှု ပေါင်းစည်းခြင်းဟာ အရေးကြီး ပါတယ် ... လို့။ တိုးတက်တယ် မတိုးတက်ဘူးဆိုတာ တခြားက လာတဲ့ ယဉ်ကျေးမှုတွေအပေါ် ကိုယ်က ဘယ်လောက်ထပ်ဆင့် ဖန်တီး နိုင်သလဲ။ အတူတူသင်ကြားနိုင်သလဲ၊ အသုံးဝင်အောင် လုပ်နိုင်သလဲ ဆိုတဲ့ အချက်တွေပေါ် မူတည်ပါတယ်။

☪☪

တခြားယဉ်ကျေးမှုတွေကို လုံးဝ ဝင်မလာအောင် ပိတ်ဆို့ထား မယ်ဆိုရင် ကိုယ့်အသိ၊ ကိုယ့်ယဉ်ကျေးမှုဟာ ကန့်သတ်ခံထားရတဲ့ အဆင့်မှာတင် ရပ်တန့်နေပါလိမ့်မယ်။

ဗဗဗ

တခြားက ယဉ်ကျေးမှုတွေ ဝင်ရောက်ထိုးဖောက်လာရင် ကိုယ့် ယဉ်ကျေးမှု ဆုံးပါးအားလျော့သွားမယ် ... ဆိုတဲ့ အတွေးကလည်း မှန်ပါတယ်။ ဒါပေမယ့် အဲဒီအပိုင်းနဲ့ ပတ်သက်ပြီး အများကြီး ပြောစရာ တွေ ရှိပါသေးတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ယနေ့ မလေးရှားဟာ ရော်ဘာနဲ့ ပတ်သက်လာရင် နာမည်ကြီးပါ။ ဒါပေမယ့် ... သမိုင်းနောက်ကြောင်း ပြန်ကြည့်လိုက်ရင် အဲဒီရော်ဘာတွေဟာ အစက ဘရားဇီးလ်ကနေ မလေးရှားကိုဝင်ရောက်လာတယ်ဆိုတာ တွေ့ရမှာပါ။

ယနေ့ ဂျုံကို အကြီးအကျယ်စိုက်ပျိုး ရောင်းချနေတဲ့ အာဂျင်တီးနားဆိုရင်လည်း တစ်ချိန်ကဂျုံကို တင်သွင်း ဝယ်စားခဲ့ရတဲ့ တိုင်းပြည်ပါ။

ဒါတွေဟာ သူတို့ရဲ့ မူရင်းဒေသ ထွက်ကုန်တွေ မဟုတ်ပါဘူး။ ယဉ်ကျေးမှု ကူးလူးပြန့်ပွားရာက သူတို့ဆီရောက်လာခဲ့တဲ့ အပင်တွေပဲလေ။

တိုင်းပြည်တစ်ခု အဲဒီလိုပြောင်းလဲသွားလို့ ဘယ်သူကမှ အပြစ်မတင်ပါဘူး။ မကဲ့ရဲ့ပါဘူး။

ကမ္ဘာက တိုင်းပြည်တစ်ခုခုကို အသိအမှတ်ပြုတယ်ဆိုတာ အဲဒီတိုင်းပြည်ရဲ့ ထူးခြားထင်ရှားတဲ့ ထွက်ကုန်ပစ္စည်းတွေ၊ နည်းပညာတွေ၊ ကျွမ်းကျင်မှုတွေ၊ အရည်အချင်းတွေ၊ စိုက်ပျိုးရေးထွက် ကုန်စည်တွေ၊ အသိပညာအယူအဆတွေ ဘယ်လောက်ထူးချွန်တယ် ... ကမ္ဘာကြီးအတွက် ဘယ်လောက် အကျိုးကျေးဇူးများစေတယ် ဆိုတဲ့ အချက်ကိုပဲကြည့်ပြီးဆုံးဖြတ်တာပါ။

အဲဒီနေရာတွေမှာသာ ကိုယ်က ထူးချွန်နေမယ်ဆိုရင် ကိုယ့်နိုင်ငံကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုဟာ ပျောက်ကွယ်ဖုံးလွှမ်းခံရစရာ အကြောင်းမရှိဘူး။

၄၄၄

BURMESE CLASSIC .com

www.burmeseclassic.com



ကမ္ဘာ့သမိုင်းစဉ် တလျှောက်လုံးကို ပြန်ကြည့်လိုက်ရင် ယဉ်ကျေးမှုကို ဦးဆောင်တဲ့ အခန်းကဏ္ဍဟာ တစ်ဦးတစ်ယောက်တည်း၊ တစ်နိုင်ငံတည်းက အပိုင်စီးထားလို့ရတဲ့ ကိစ္စမဟုတ်မှန်း တွေ့ရမှာပါ။

၀၀၀

အင်ပါယာကြီးတွေ ထွန်းကားလာတာ၊ ကျဆုံးသွားတာ (Rises and Falls of Empires) ကို လေ့လာလိုက်ရင် ရှင်းပါတယ်။ ဆိုလိုတာက … ဥပမာ၊ A.D.8 ရာစုလောက်မှာ စပိန်ကို မွန်စလင်တွေက တိုက်ခိုက် သိမ်းပိုက်လိုက်ပြီးတဲ့နောက် မြေထဲပင်လယ်ဒေသနဲ့ အရှေ့ဒေသဆီက အသိပညာတွေကို အနောက်ဥရောပဒေသဆီ ဖြန့်ဖြူးဖို့အတွက် စပိန်ဟာ ဗဟိုအချက်အချာကျတဲ့ ဒေသဖြစ်လာခဲ့တယ်။

ဟိုး … ရှေ့ရှေ့ဖြစ်ရပ်တွေမှာကတည်းက၊ ရောမအင်ပါယာကြီးထွန်းကားလာတာ၊ ကျဆုံးသွားတာ၊ စပိန်အလယ်ခေတ်ဟာ 'ရွှေခေတ်' လို့ သမိုင်းဆရာတွေ အမည်ပေးရလောက်တဲ့အထိ ဖွံ့ဖြိုးပြီး လူ့ယဉ်ကျေးမှုသမိုင်းကို ဦးဆောင်ခဲ့တာ။ နောက်တော့လည်း – မှေးမှိန်ပျောက်ကွယ်သွားရတာပဲ မဟုတ်လား။

နောက်ပြီး ရှိပါသေးတယ်။ ရပ်ရှင်းအင်ပါယာ – တို့၊ ဩတိုမန်အင်ပါယာ – တို့ပေါ့။ ဩတိုမန် အင်ပါယာတစ်ခေတ် အောင်ပွဲခံခဲ့တာများ … ရာစုနှစ်တွေ တရှည်တလျားကြီး။ နောက် … ဥရောပနဲ့ အရှေ့အလယ်ပိုင်းဒေသတွေက စစ်ပွဲကြီးတွေ … ။

ဒီလိုပါပဲ။

ယဉ်ကျေးမှုတစ်ခေတ်ကို ထူထောင်လိုက်၊ ကျဆုံးသွားလိုက်နဲ့ ကမ္ဘာ့ယဉ်ကျေးမှု ဦးဆောင်သူနေရာ ချန်ပီယံရွှေခါးပတ်ကို လက်လွှဲပေး

BURMESE CLASSIC .com

www.burmeseclassic.com



လိုက်ရတာတွေ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ဆက်ပြီး တစ်ဆက်ပဲ။

အဲဒီ ချန်ပီယံခါးပတ် လုပွဲတွေကနေ ရလာတဲ့ အကျိုးအမြတ်ကတော့ လူသားမျိုးနွယ်တွေအတွက် 'တိုးတက်မှု'ပါပဲ။ ယဉ်ကျေးမှုပြိုင်ပွဲဟာ ပေါင်းလဒ်သုည ဖြစ်တတ်တဲ့ ကစားနည်း မဟုတ်ပါဘူး။ ကမ္ဘာကြီးအတွက် တစ်ခုမဟုတ်တစ်ခုတော့ အကျိုးဖြစ်ထွန်း ကျန်ရစ်ခဲ့တတ်တယ်ဆိုတာ သေချာပါတယ်။

ဗဗဗ

☞ ဘာဖြစ်လို့ အကျိုးဖြစ်ထွန်းလာခဲ့သလဲ။

ကိုယ့်ဆီမှာမရှိတဲ့ ယဉ်ကျေးမှုကို သူ့ဆီကသင်ယူ၊ သူ့ဆီမှာမရှိတဲ့ယဉ်ကျေးမှုကို ကိုယ့်ဆီကသင်ယူ ... နဲ့ အဲဒီလို အပြန်အလှန်သင်ယူမှုတွေကနေ ကမ္ဘာ့လူသားတစ်ရပ်လုံးဟာ အသိပညာ ဖွံ့ဖြိုးကျယ်ပြန့်လာကြလို့ပါပဲ။

ဗဗဗ

☞ အဲဒီလို ယဉ်ကျေးမှုတွေ ဖလှယ်ရောနှောပစ်လိုက်တော့ လူမျိုးတစ်မျိုးချင်းစီရဲ့ ကိုယ်ပိုင်လက္ခဏာတွေ မပျောက်ပျက်ကုန်ဘူးလား။

ဟင့်အင်း၊ မပျောက်ပါဘူး။ ဥပမာ ... ဂျူးတွေကိုပဲကြည့်။ ၁၉–ရာစုကာလများဆီမှာ ဂျူးတွေဟာ တိုင်းပြည်တောင်မရှိတဲ့ ဘဝနဲ့ လွင့်ပါးပြန့်ကျဲနေရတာပါ။ အထူးသဖြင့် အမေရိကန်ကို ရောက်သွားတဲ့ ဂျူးတွေ ... ။ အစကတည်းက အမေရိကန်ဟာ ယဉ်ကျေးမှုတွေ ရောနှောနေတဲ့ နယ်မြေပဲ။ အဲဒီကိုရောက်သွားတဲ့ ဂျူးတွေရဲ့ အမျိုးသားလက္ခဏာဟာ အဖုံးလွှမ်းခံရပြီး ပျောက်ကွယ်သွားဖို့ပဲ ရှိပါတော့တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဒါပေမယ့် ... မပျောက်ပါဘူး။ အမေရိကန်နဲ့ ဥရောပရဲ့ သိပ္ပံပညာနယ်ပယ်၊ အနုပညာနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ အားကစားနယ်ပယ်အသီးသီးမှာ ဂျူးတွေဟာ “ဂျူးလူမျိုး အဖြစ်”နဲ့ကို ထင်ရှားအောင်မြင်လာပါတယ်။ ဂျူးဆိုတဲ့လူမျိုးကို ဘယ်သူမှ အသိအမှတ်မပြုလို့ မရတော့ဘူး။

အဲဒါ - သူတို့လူမျိုးရဲ့ လူတစ်ယောက်ချင်းစီ ကြိုးစားမှုကြောင့်၊ ထူးချွန်မှုကြောင့်ပါ။

ကျွန်တော် ပြောချင်တာ အဲဒါပါပဲ။

အခုလို အသည်းအသန်ယှဉ်ပြိုင်ရမယ့် ယဉ်ကျေးမှုတွေ ရောနှောနေမယ့် ၂၁–ရာစုကြီးထဲမှာ ကိုယ်ညံ့ရင် ကိုယ်အလွှမ်းမိုးခံရမှာပဲ။ ကိုယ့်မျက်နှာ ပျောက်ကွယ်သွားမှာပဲ။ အချေမှုန်းခံရမှာပဲ။

အချေမှုန်း မခံချင်ရင် - ကိုယ့်ကိုယ်ကို တော်အောင်ကြိုးစား။

ယဉ်ကျေးမှုကို ထိန်းသိမ်းတယ်ဆိုတာ ...

ကိုယ့်ယဉ်ကျေးမှုကို ကမ္ဘာကြီးအတွက် အသုံးတည့်အောင်၊ ကမ္ဘာကြီးက ကိုယ့်ကို လိုအပ်လာအောင် လုပ်မှ ... ဖြစ်မယ်။

ထူးချွန်မှုဖြစ်မယ်။

ႀႀႀ

ဝိုင်အရက်လို့ပြောလိုက်တာနဲ့ ခင်ဗျားစိတ်ထဲမှာ ပြေးသတိရလိုက်မှာက အီတလီပဲမဟုတ်လား။ အီတာလျှံဝိုင်ဆိုတဲ့ လက္ခဏာရပ်က ကမ္ဘာကို ရာစုနှစ်ပေါင်းများစွာ စိုးမိုးခဲ့ပြီလေ။

အခုနောက်ပိုင်း ဝိုင်အရက်တွေ ထုတ်လုပ်နေတာ အာဂျင်တီးနားနဲ့ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားကပါ။ ဒါပေမယ့် ... သောက်သုံးသူတွေကတော့ အီတာလျှံဝိုင်မှ အီတာလျှံဝိုင်ပဲ။

www.burmeseclassic.com



အဲဒီသဘောတရားဟာ ‘စီးပွားရေးလုပ်ငန်း’ မှာလည်း အရေး ကြီးပါတယ်။ အထူးသဖြင့် ယဉ်ကျေးမှုဈေးကွက်မှာ တစ်ကမ္ဘာလုံး ရောနှောသွားကြမယ့် အခုလိုကာလမျိုးမှာပေါ့။

အဲဒီသဘောပဲ … ၊ ဘီယာဆိုရင်လည်း ဂျာမန်ဘီယာမှ - ။ ဒါတွေဟာ ယဉ်ကျေးမှု အရောအနှော ကြမ်းပြင်ပေါ်က ထိုးထောင် ထွက်နေတဲ့ တသီးတသန့် လက္ခဏာတွေပါ။

ကျွန်တော်တို့ ဘာဖြစ်လို့ အဲသည်လို မလုပ်နိုင်ရမှာလဲ။

♉ ♉ ♉

ယဉ်ကျေးမှုရောနှောရေး အနာဂါတ်ဟာ ရှောင်ပြေးလို့ရတဲ့ ကိစ္စမဟုတ်ဘူး။ ကြောက်နေလို့လည်း ဘာမှအဓိပ္ပာယ်မရှိဘူး။ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရတော့မယ်။

♈ ♈

☞ ယဉ်ကျေးမှုတွေ ရောနှောသွားတာ။

☞ သတင်းအချက်အလက်တွေ အပြန်အလှန်ကူးလူးပွင့်လင်း သွားတာတွေကြောင့် မကောင်းတဲ့အချက်တွေ ရှိလာနိုင်တယ်ဆိုတာ မငြင်းလိုပါဘူး။ ဒါပေမယ့် ကောင်းတဲ့ အကျိုးအမြတ်တွေလည်း ရလာဦး မှာပါ။ စီးပွားရေး ကျွမ်းကျင်သူများကတော့ အဲဒီလိုနိုင်ငံစုံ ယဉ်ကျေးမှု နယ်ပယ်အစုံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်

- ကုန်ထုတ်လုပ်မှုစွမ်းအား ၂၀ ရာခိုင်နှုန်း တိုးတက်လာမယ်
- အမှားအယွင်းတွေ နည်းလာမယ်
- ကုန်ပစ္စည်းဖြန့်ချီရေးအတွက် လိုအပ်တဲ့အချိန်ဟာ တိုတောင်း သွားမယ် … လို့ ဆိုပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ကမ္ဘာနဲ့ချီပြီး စီးပွားရေးလုပ်ချင်သူတွေအတွက် စဉ်းစားစရာပေါ့။ ကိုယ့်ဖာသာကိုယ် လမ်းဘေးမှာ ဈေးဗန်းလေးချခင်းပြီး ရောင်းနေလို့ မရတော့ဘူး ... ၊ ယဉ်ကျေးမှုရောနှောရေးနယ်ပယ် ကျယ်ပြန့်လာတာနဲ့အမျှ ကိုယ့်လုပ်ငန်းကို ချဲ့ထွင်ချင်ရင် ကမ္ဘာ့အရပ်ရပ်နဲ့ လက်တွဲရတော့မယ်။ အဲဒီအတွက် ဘာတွေလိုအပ်သလဲ ... ၊

၁။ သတင်းအချက်အလက်တွေနဲ့ ဆက်သွယ်ရေးတွေ ပွင့်ပွင့်လင်းလင်း လျှင်လျှင်မြန်မြန် ကူးလူးရရှိနေဖို့ လိုတယ်။
၂။ ယုံကြည်မှုနဲ့ ကိုယ့်ကိုသူများက ယုံကြည်ခံရမှုရှိဖို့ လိုတယ်။
၃။ အပြန်အလှန် လေးစားဖို့လိုတယ်။
၄။ အများရဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်တတ်မှုနဲ့ စီးပွားရေးကိုယ်စားလှယ်စနစ် လိုပါတယ်။
၅။ ရှေ့ကနေ နမူနာယူလောက်အောင် လုပ်ပြပြီး လှုံ့ဆော်ပေးတတ်ဖို့လိုတယ်။
၆။ လျှင်မြန်ထိရောက်တဲ့ စီမံခန့်ခွဲရေး အတတ်ပညာနဲ့ ပြဿနာ ကို ကိုင်တွယ်ဖြေရှင်းနည်းတို့ လိုအပ်ပါတယ်။

အခုကျွန်တော်ပြောသွားတဲ့ အချက် (၆)ချက်ဟာ ၁၉၉၉ (ဖေဖော်ဝါရီ/မတ်)လထုတ် DIALOG စာစောင် Management & Training ကဏ္ဍရဲ့ အာဘော် ဖြစ်ပါတယ်။

အဲဒီအထဲမှာပဲ ၂၁–ရာစု စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ အချက်တစ်ချက် တွေ့လိုက်ရပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ...

ထိရောက်တဲ့ ၂၁–ရာစု စီမံခန့်ခွဲရေးစနစ်ဆီကို ကူးပြောင်းဖို့ အရေးကြီးဆုံး ပထမခြေလှမ်းကတော့ ...

www.burmeseclassic.com



ဝန်ထမ်းတွေကို 'အလုပ်သမားတွေ၊ အခိုင်းခံတွေ'အဖြစ်နဲ့ မမြင်ဘဲ … ကိုယ့်ရဲ့ 'လက်တွဲဖော်၊ လုပ်ဖော်ကိုင်ဖက်တွေ'အဖြစ် မြင်တတ်ရမယ်

ဆိုတဲ့သဘောထား အပြောင်းအလဲပါပဲ … တဲ့။

ပပပ

ဒီနေ့ ကမ္ဘာ့နိုင်ငံအများစုဟာ ၂၁–ရာစုထဲကို ကူးပြောင်းဝင်ရောက်ဖို့တွက် ပြင်ဆင်နေကြပါပြီ။ နိုင်ငံသားတွေ၊ ကျောင်းသူကျောင်းသားတွေ၊ စီးပွားရေးသမားတွေ၊ အလုပ်သမားတွေ၊ ကလေးတွေကို လိုအပ်တဲ့သင်ကြားမှုတွေ ပေးနေကြပါပြီ။

ကျွန်တော်တို့ရဲ့ အိမ်နီးချင်း မလေးရှားနိုင်ငံမှာဆိုရင် ခရစ်နှစ် ၂၀၀၀ အတွက် ပြင်ဆင်ကြ (Prepare for 2000) ဆိုတဲ့ တပ်လှန့်လှုပ်နှိုးသံကို တီဗွီကဆယ့်ငါးမိနစ်တစ်ခါလောက် လွှင့်ထုတ်လှုံ့ဆော်နေခဲ့တယ်လို့ ဆိုပါတယ်။

ပပပ

တစ်ကမ္ဘာလုံးဟာ ရာသီပြောင်းချိန် ကြိုးကြာငှက်တွေလို တောင်ပံတွေခတ်အား ပြင်နေကြပြီ။ လေဆန်ကိုတိုးဖို့ ရင်အုပ်က အမွေးနုနုတွေကို နှုတ်သီးနဲ့ သပ်ကြပြီ။

မကြာခင်မှာ သူတို့တွေ ကောင်းကင်ထဲ ထိုးတက်သွားပြီး

အုပ်စုဖွဲ့ပျံသန်းသွားကြတော့မှာ … ။

မိုင်ထောင်ချီဝေးတဲ့ ခရီးအတွက် …

ကျွန်တော် ကောင်းကင်ကြီးကို မလှုပ်မယှက်ငေးကြည့်နေဖြစ်တယ်။ ကျွန်တော့်နံဘေးက ကောင်လေးတွေ၊ ကောင်မလေးတွေ

BURMESE CLASSIC .com

www.burmeseclassic.com



ကတော့ … နှုတ်ခမ်းဆိုးခဲတံတွေအကြောင်း၊ လီယိုနာဒိုရဲ့ ဆံပင်ပုံစံအကြောင်း၊ ဘောလုံးပွဲအကြောင်း၊ တီဗွီကြော်ငြာတွေအကြောင်း၊ ဗီဒီယိုဂိမ်းအကြောင်း၊ မင်းသမီးတစ်ယောက်ရဲ့ တိတ်တိတ်ပုန်း ပြဿနာတစ်ခုအကြောင်း … တတွတ်တွတ် ပြောနေကြလေရဲ့။

ကောင်လေးတွေ၊ ကောင်မလေးတွေ ဆိုပေမယ့် သိပ်ငယ်လှတော့တာ မဟုတ်ဘူး။ ပြီးခဲ့တဲ့နှစ်က ဆယ်တန်းအောင်ထားကြတာဆိုတော့ ၁၆–နှစ်၊ ၁၇–နှစ်တော့ ရှိကြရောပေါ့။

အင်း – ကမ္ဘာကျော်စာရေးဆရာကြီး ဂျက်လန်ဒန်က ဒီအရွယ်မှာ ပူလစ်ဇာစာပေဆုကို ရသွားတာပေါ့ … လို့ ကျွန်တော်တွေးဖြစ်တယ်။

ဒါနဲ့ … ကျွန်တော်က … ကလေးတွေကို

''မင်းတို့စာအုပ်တွေ ဘာတွေကော မဖတ်ကြဘူးလား'' လို့ မေးလိုက်တော့ ကောင်မလေးသုံးယောက်လောက်က

''ဖတ်တာပေါ့ ဆရာရဲ့'' ဆိုပြီး သူတို့ဖတ်တဲ့ အရောင်းရဆုံးစာရင်းဝင် စာရေးဆရာမ ငယ်ငယ်လေးတစ်ယောက်ရဲ့ ဝတ္ထုခေါင်းစဉ်တွေကို ရွတ်ပြကြရော။ အဲဒီဝတ္ထုတွေအားလုံးကို ပြန်ရိုက်ထားတဲ့ ဗီဒီယိုကားတွေကိုပါ ကြည့်ပြီးကြောင်းလည်း ပြောကြတယ်။

ကျွန်တော် ကောင်းကင်ကြီးကို မော့မကြည့်ရဲတော့ဘူး။

ကြိုးကြာတွေ ပျံသွားတာကို မြင်ရမှာကြောက်တယ်။

… ကျွန်တော်က သူတို့လေးတွေကို အနည်းဆုံးကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရဲတဲ့ အတွေးအခေါ် ကိုယ်လုပ်သမျှ ကိုယ်တာဝန်ယူရဲတဲ့ သတ္တိလောက်တော့ ရှိစေချင်တယ်။ ဒါနဲ့ …

''မောင်ကြည်သစ်ရေးတဲ့ ငြင်းပယ်ခြင်း၏အလှဆိုတဲ့ ဒဿနစာအုပ် ဖတ်ကြည့်ပါလား''လို့ ပြောလိုက်မိတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



သူတို့က မျက်လုံးလေးတွေ ကလယ်ကလယ်နဲ့ … ။ မောင်ကြည်သစ်ဆိုတဲ့ နာမည်ကိုမကြားဘူးတော့ ဖတ်ကြည့်ချင်စိတ်မရှိ ဘူးနဲ့ တူပါတယ်။ ခက်တာက ပြဿနာဆိုတာ ဘာမှန်းလည်း သူတို့ ရေရေရာရာ မသိကြဘူး။ ကလေးမလေးတစ်ယောက်ကတော့ ပြောတယ်။

''မဖတ်တော့ပါဘူး၊ အဲဒီစာအုပ်ကို ဗီဒီယိုခွေထွက်မှပဲ ကြည့်လိုက်တော့မယ်''

ၓ ၓ ၓ

ကလေးတွေ အဲဒီလိုဖြစ်နေတာကို ဘာကြောင့်၊ ညာကြောင့် ဆိုပြီး လက်ညှိုးထိုး တရားခံရှာနေတဲ့ကိစ္စ ခဏထားပြီး …

'ငါ့မှာ တာဝန်ရှိတယ်'ဆိုတဲ့စိတ်ဓာတ်နဲ့ ကျွန်တော်တို့ တစ်ယောက်ချင်းစီက လုပ်စရာရှိတာ ထလုပ်လိုက်ကြရင် မကောင်းဘူးလား။

ၓၓၓ

လူမှုလေ့လာရေးသုံးသပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကနေပြီး ကမ္ဘာတစ်ဝှမ်းက လူမှုရေးနဲ့ယဉ်ကျေးမှုကို သင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက် စီမံထားတဲ့ အချက် (၆)ချက်ကို ဒီနေရာမှာ နည်းနည်းထည့်ပြောပါရစေ … ။

အဲဒါတွေကတော့ …

၁။ ကမ္ဘာဆန်တဲ့ အမြင်ရှိဖို့ … ။ ဆိုလိုတာက ဟောဒီကမ္ဘာကြီးဟာ (လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး) လူသားအားလုံး စုပေါင်းနေထိုင်ရာ အိမ်ဂေဟာကြီးတစ်လုံးဖြစ်တယ်ဆိုတဲ့ အမြင်နဲ့ကြည့်တတ်ဖို့။ … ဟောဒီ

BURMESE CLASSIC .com

www.burmeseclassic.com



ကမ္ဘာမြေကြီးပေါ်မှာ ရှိတဲ့ လူသားတွေ၊ ယဉ်ကျေးမှုတွေ၊ သယံဇာတတွေအားလုံးကို ကိုယ့်ပစ္စည်းလို သဘောထားဖို့ ... ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖို့၊ ဘယ်လူသားရဲ့ ဝေဒနာကိုမဆို ကိုယ်ကပါ စာနာမျှဝေခံစားတတ်ဖို့။ ကိုယ့် အောင်မြင်မှုတွေကိုလည်း တစ်ကမ္ဘာလုံးကို ပေးမျှပိုင်ဆိုင် ခွင့်ပြုစေဖို့ ... ဖြစ်ပါတယ်။

၂။ တစ်ကမ္ဘာလုံးကို လွှမ်းခြုံပေါင်းစည်းတယ်ဆိုတာ 'နိုင်ငံငယ် ကလေးတွေကို ဝါးမျိုတယ်' ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဆန့်ကျင်ဘက် ပါ။ တန်းတူရည်တူ ပေါင်းစည်းဖို့ဆိုရင် တစ်ယောက်က တစ်ယောက်ကို အနိုင်ကျင့်လွှမ်းမိုးလို့ မဖြစ် ဘူး။ တစ်ယောက်က တစ်ယောက်ကို မှီခိုလို့ မဖြစ်ဘူး။ နိုင်ငံတိုင်းဟာ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်စွမ်း ရှိဖို့ လိုပါတယ်။ ဒါမှလည်း သူများရဲ့ဝန်ထုပ်ဝန်ပိုးက ကိုယ့် အပေါ် မကျရောက်ဘဲ၊ ကိုယ့်ဝန်ထုပ်ဝန်ပိုးကပဲ သူများပေါ် မကျရောက်ပဲ ပေါင်းသင်းဆက်ဆံလို့ရမှာပေါ့။

ဒါကြောင့် ... ဒုတိယအချက်က **နိုင်ငံတိုင်းကို ကိုယ့်အချုပ် အခြာအာဏာနဲ့ ကိုယ်၊ ရပ်တည်နိုင်အောင် အားပေးကူညီဖို့ နိုင်ငံတစ်ခုချင်းစီနဲ့ရဲ့ ကွဲပြားခြားနား နေတဲ့ ယဉ်ကျေးမှုတွေ လက္ခဏာတွေ၊ ဝိသေသတွေကို လေးစားတတ်ဖို့...** ဖြစ်ပါတယ်။

၃။ **တခြားနိုင်ငံတွေဆီကနေ ဝင်ရောက်လာမယ့် အသိပညာ သစ်တွေ၊ အမြင်သစ်တွေ၊ ကုန်ပစ္စည်းတွေအတွက် တံခါးဖွင့် ထားဖို့ ...** ∎ တခြားနိုင်ငံကဝင်လာမယ့်

www.burmeseclassic.com



အရာတွေဟာ ကိုယ်နဲ့အမြဲတမ်း အပ်စပ်ပါမလားလို့ မေးစရာရှိပါတယ်။ ဟုတ်တာပေါ့။ တစ်ခါတစ်လေမှာ ကိုယ်ရဲ့ အခံအခြေအနေ နဲ့ ဆန့်ကျင်ဘက် ဖြစ်နေတာ တွေလည်း ပါလာနိုင်တာပဲ။ အဲဒီအခါကျရင်တော့ ပဋိပက္ခ ဖြစ်ရမှာပေါ့။ ဖြစ်ပါစေ။ **လူ့သမိုင်းဆိုတာ အဲဒီ လွတ်လပ်စွာ ပဋိပက္ခဖြစ်မှုတွေကမှ တစ်ဆင့်ပြီး တစ်ဆင့် တက်လာခဲ့ရတာပဲ။** အတွေးအခေါ် ပဋိပက္ခ ဖြစ်လို့ လူ့သမိုင်းကြီး မျိုးတုံးသွားတယ်ဆိုတာ မရှိခဲ့ပါဘူး။ အသစ် ... အသစ် တွေသာ ဖြစ်လာစရာ ရှိပါတယ်။

၄။ လူငယ်တွေဟာ (သူတို့ရဲ့ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ခံယူချက်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေကို သုံးပြီး ယဉ်ကျေးမှုနဲ့ လူ့အဖွဲ့အစည်းကို ပြောင်းလဲသူတွေ ဖန်တီးသူတွေနေရာမှာ တက်တက်ကြွကြွ ဝင်ရောက်ဦးဆောင်ဖို့ ... ။ ဘာတွေကို ဘယ်လိုတန်ဖိုးသတ်မှတ်ရမယ်၊ ဘယ်လိုပြုမူရမယ်၊ ဘယ်လိုခွဲခြမ်းစိတ်ဖြာရမယ်၊ ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတဲ့ လက်နက်ကိရိယာတွေ ဖွံ့ဖြိုးအောင်တော့ သူတို့ကို ကူညီရပါလိမ့်မယ်။

၅။ မဟာလူမှုအဖွဲ့အစည်းကြီးတွေ ... ဖွဲ့စည်းဖို့၊ နိုင်ငံတစ်ခုချင်းစီကို ထူထောင်တည်ဆောက်ဖို့အတွက် အခြေခံအဖြစ် **လူသားတိုင်းရဲ့ဆန္ဒ ထုတ်ဖော်ပါဝင်နိုင်ခွင့်** ဆိုတဲ့ **တန်ဖိုး** အပေါ် အလေးအနက်ထားဖို့၊ ကျင့်သုံးဖို့။

၆။ **ပညာလူမှုအဖွဲ့အစည်းထွန်းကားရေး**ကို အဓိကပစ်မှတ်ထားပြီး လူမှုလေ့လာသင်ကြားရေးတွေလုပ်ဖို့။ သင်ကြား

www.burmeseclassic.com



တယ် ဆိုတဲ့နေရာမှာ သတင်းအချက်အလက် ပေးရုံ သက်သက်မဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံ၊ သက်ဆိုင်ရာ ယဉ်ကျေးမှု တစ်ခုစီရဲ့ ကာလ၊ ဒေသအလျောက် လူမှု အကျိုးစီးပွားနဲ့အညီ ဖြစ်ပေါ်ထွန်းကားလာတဲ့ **အဖြစ်အပျက် တွေ . . . အတွေးအခေါ်တွေကို ဝေဖန်ဆန်း စစ်တတ်အောင်** သင်ကြားပေးရမှာပါ။

ဒါတွေဟာ ယဉ်ကျေးမှုပေါင်းစုံ ရောနှောနေမယ့် ၂၁–ရာစု လူ့အဖွဲ့အစည်းဆီ သွားရာ လမ်းကြောင်းပါပဲ။

ဝဝဝ

BURMESE CLASSIC .com

www.burmeseclassic.com



**ပို့စ်မော်ဒန် အတွေးအခေါ်**

၂၁–ရာစုအကြိုကာလမှာ လူသားတွေရဲ့ အထင်ရှားဆုံးအတွေးအခေါ်၊ အပြောင်းအလဲ ကတော့ 'အသိပညာ'နဲ့ဆိုင်တဲ့ အယူအဆဟောင်း တွေကို ဖြိုချစွန့်ပစ်လိုက်တာပါပဲ။

အဲဒီ 'အသိပညာ'ဆိုတာ ဘာလဲ?

♉ ♉ ♉

အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကတော့ အမျိုးမျိုးပါပဲ။

အသိပညာဆိုတာ 'စိတ်ကူးထည်' နဲ့ 'အတွေ့အကြုံ'တွေ ပေါင်းစပ်ထားတဲ့ အချက်အလက်တွေပါပဲလို့ ပြောကြတယ်။ အဲဒီအချက်အလက်တွေနဲ့ လောကကြီးကိုချဉ်းကပ်မှ အောင်မြင်နိုင်မယ်။ အဲဒီအချက်အလက်တွေနဲ့ တိုင်းတာမှသာ အမှန်တရားကို သိမြင်ဆုံးဖြတ်နိုင်မယ် ... စသည်ဖြင့်ပေါ့။

တချို့ကလည်း 'အသိပညာ'ဆိုတာ နည်းလမ်းတွေ၊ လမ်းကြောင်းတွေပါပဲလို့ ဆိုကြတယ်။ မိမိရဲ့ပုဂ္ဂလိက ဘဝကို၊ ပတ်ဝန်းကျင်ကို၊ လောကကိုပိုပြီး သက်သာ ချောမွေ့သာယာတဲ့ အဆင့်တစ်ဆင့်ဆီ ထပ်မြှင့်တင်နိုင်မယ့် နည်းလမ်းတွေ့လို့ ဆိုလိုလိုက်တာပဲပေါ့။

www.burmeseclassic.com



ခြုံငုံပြီးပြောရင် ...
အသိပညာဆိုတာကို 'အရာရာဖန်တီးနိုင်စွမ်းတဲ့ တန်ခိုးရှင် တစ်ပါး'လို့ အောက်မေ့ဆည်းကပ်ခဲ့ကြပါတယ်။

ᘎᘎᘎ

ကဲ ... ကျွန်တော် မေးစမ်းပါရစေ။

အသိပညာဆိုတာ တကယ်ပဲ အမှန်တရားကို ညွှန်ပြနိုင်သလား? အဲဒီအသိပညာဆိုတဲ့ဟာကြီးက ကျွန်တော်တို့ လူသားတွေအားလုံးကို လည်ကုပ်ကနေဆွဲမပြီး နတ်ပြည်ရောက်အောင် ပို့ပေးနိုင်တာ ဟုတ်ရဲ့ လား။

ခင်ဗျားကော ဘယ်လိုထင်ပါသလဲ?

၈၇

ရီးဒါးဒိုင်ဂျက်(စ်)ထဲက ဟာသကလေးတစ်ခုကို ဖတ်ဖူးမှာပေါ့။ ဒီလိုလေ ... လူနှစ်ယောက် လမ်းမှာဆုံကြတယ်။ ပထမလူက

'ဟိုဖက်ကလမ်းပေါ်မှာ လူတစ်ယောက်သေနေတယ်။ လူတွေ ဝိုင်းအုံကြည့်နေလိုက်ကြတာ။ ငါတောင်ဝင်တိုးကြည့်ခဲ့သေးတယ်။ မှောက်လျက်ကြီးသေနေတာ ... မျက်နှာတော့မမြင်ရဘူး။ ငါက မင်း အောက်မေ့လို့'

'ဟင် - သေတဲ့ လူကဘယ်လိုပုံစံလဲ။ ငါ့လို အရပ်ရှည်လား'

'အင်း ... သိပ်တော့မရှည်ဘူး'

'ဆံပင်ကောက်လား'

'ဟင့် အင်း'

'သေတဲ့လူက အင်္ကျီဘာရောင် ဝတ်ထားလဲ'

'အနီရောင်'

BURMESE CLASSIC .com

www.burmeseclassic.com



'ဟူး ... တော်ပါသေးရဲ့။ ဒါဆိုသေတဲ့လူက ငါမဟုတ်ဘူး။ ငါ့မှာ အကျီအနီရောင်မှ မရှိတာ' အချက်အလက်တွေနဲ့ ဆုံးဖြတ်မှသာ အမှန်တရားကို သိနိုင်မယ်လို့ထစ်ထစ်ချ ယုံကြည်နေတာမျိုးတာ ရယ်စရာ မကောင်းဘူးလား။

ဝ ဝ ဝ

ဒါကြောင့် ၂၁-ရာစုမှာ အသိတရားအချက်အလက်တွေရဲ့ ခေတ်ကုန်ဆုံးသွားပြီ ဖြစ်တယ်။ ဒါအပြင် 'ဆင်ခြင်ခြင်းသဘော'နဲ့ အရာရာကို တိုင်းတာဆုံးဖြတ်မှုဟာလည်း မြေမြှုပ်သင်္ဂြိုဟ် ခံလိုက်ရပါပြီ။

'ဆင်ခြင်ခြင်း'ဆိုတဲ့ အတွေးအခေါ်ဟာ လူတွေကိုချုပ်ကိုင်တယ်၊ ကန့်သတ်တယ်၊ လွဲချော်တဲ့မျှော်လင့်ချက်နဲ့ ပန်းတိုင်တွေကို ဖြစ်ပေါ်စေတယ်။

ဆင်ခြင်ခြင်းသဘောတွေ ... ဆင်ခြင်တုံကျ ချဉ်းကပ်မှုကို တိုးပွားသန်မာစေတဲ့ ခွဲခြမ်းစိပ်ဖြာ တွေးခေါ်မှုတွေနဲ့ အမှန်တရားကို အကဲ ဖြတ်ရတာဟာ ကြည်သွန်ဥကို ခွာရသလိုပါပဲ။ အထပ်ထပ်သာ ခွာလိုက် ရတယ် ... အထဲကျတော့ ဘာမှလည်းမတွေ့ရဘူး။

ဝဝဝ

အဲဒီလို နည်းနဲ့ ကျွန်တော်တို့ဟာ နိစ္စဓူဝ တွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ စားဝတ်နေမှု အခက်အခဲတွေ၊ လူမှုရေးဒုက္ခတွေအတွက် တကယ်လက်တွေ့ကျ အသုံးဝင်တဲ့ 'အဖြေ'ကို မရနိုင်ကြတော့ပါဘူး။

မျှော်လင့်ချက်ချမှတ်တဲ့ ပုံစံမမှန်တော့ အဲဒီ လက်တွေ့မကျ၊ မမှန်ကန်တဲ့ စိတ်ကူးယဉ်ပန်းတိုင်ဆီ မရောက်နိုင်တော့ဘူး။ ဘာကြောင့် ကိုယ့်မျှော်လင့်တဲ့အတိုင်း ဖြစ်မလာရသလဲ ဆိုတာလည်း မတွေးခေါ် မသုံးသပ်တတ်တော့ဘူး။

BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီမှာတင် လူဟာ ကိုယ့်ဘဝကို ကိုယ်စိတ်ပျက်လာတယ်။ အားငယ် ညစ်နွမ်းလာတယ်။ ထွက်ပြေးချင်လာတယ်။

ပြီးတော့ 'မျှော်လင့်ချက်မှား'ပေးတဲ့ အတုအယောင် ဘာသာရေးတွေ၊ လက်တွေ့မကျတဲ့ စိတ်လွန်လောက တန်ခိုးရှင်လောကတွေကို ရှာဖွေလာတယ်။ ပတ်ဝန်းကျင်အခြေအနေနဲ့ တခြားသူတွေအပေါ် အပြစ်ပုံချတဲ့ စိတ်ဟန်ချက် ပျက်ယွင်းမှုတွေ ဖြစ်ပေါ်လာပြီး ကိုယ့်ကိုယ်ကိုယ် လိမ်ညာစိတ်ထွက်ပေါက်ရှာ၊ သက်သာရာရှာလာတော့တာပါပဲ။

အဲဒီအခြေအနေကို **'စိတ်ကျုံ့ခြင်း'**လို့ ခေါ်ပါတယ်။

ခင်ဗျားမှာကော အဲဒီစိတ်ကျုံ့ခြင်း ရောဂါလက္ခဏာတွေ ရှိနေပြီလား ... ဆန်းစစ်ကြည့်ပါဦး။

လူဟာ လက်ရှိ ကိုယ်ရောက်နေတဲ့ အနေအထားကို နားမလည်နိုင်တော့ဘူး။ ဘာလုပ်ရမှန်း မသိတော့ဘူး။ နောက်တော့ .. အားငယ်လာမယ်၊ ကြောက်လာမယ်။ လွဲမှားတဲ့ အားကိုးမှုနဲ့ ထွက်ပေါက်တွေ ရှာလာမယ် (လွဲမှားတဲ့ အားကိုးမှုအဖြစ်နဲ့ ဘိုးတော်ယောင်ယောင်၊ တန်ခိုးရှင်ယောင်ယောင်တွေကို နဖူးပွန်းအောင် ကုန်းကုန်းပြီး ကန်တော့ရတာတွေ လာဘ်ခေါ်ဂါထာ၊ ဈေးခေါ်ဂါထာတွေကို တစ်နေ့ တစ်နေ့ တံတွေးဆယ်ပိဿာလောက် ထွက်အောင် ရွတ်ရတာတွေ ငွေရဖို့ ထွက်ပေါက်အဖြစ်နဲ့ ထီထိုးတာ၊ လောင်းကစားတာတွေ ပါတာပေါ့)။

ဒါ့အပြင် ကိုယ်မအောင်မြင်ရတာ တခြားသူတွေကြောင့်၊ ပတ်ဝန်းကျင်ကြောင့်၊ အခြေအနေကြောင့်လို့ အပြစ်ပုံချလာမယ်။ စဉ်းစားပုံ စဉ်းစားနည်းအသစ်တွေလည်း ခေါင်းထဲကမထွက်တော့ဘဲ အတွေးဟောင်းတွေ လုပ်နည်းလုပ်ဟန်ဟောင်းတွေနဲ့ ညစ်နွမ်းပြီး အကြံတုံး ဉာဏ်တုံး ဖြစ်လာပါလိမ့်မယ်။

အဲဒါ ... လူဟာ ကိုယ့်ကိုယ်ကို ပျောက်ဆုံးသွားတာ (loss of identity) ပဲ ဖြစ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ကဲ -- အဲဒီအခြေအနေကနေ လွတ်မြောက်ဖို့ ကိုယ့်ကိုယ်ကို ဘယ်လို ကယ်တင်ကြမလဲ။

အသိတရားနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ဟောင်းတွေကို စွန့်ပစ်လိုက်ပြီ ... ။

ဆင်ခြင်ခြင်းသဘောနဲ့ အရာရာကို တိုင်းတာတဲ့ ကန့်သတ်ချက်ဟောင်းတွေလို စွန့်ပစ်လိုက်ပြီ ... ။

အဲဒီနေရာမှာ - (လောကကို ရှုမြင်ပုံအတွက်)၊ (ပိုပြီးကျယ်ပြန့်၊ ပိုပြီးကောင်းတဲ့) တစ်ခုတည်းသော အမြင်ကို ပေးနိုင်သလားဆိုတော့ ... အဖြေက

''ဟင့်အင်း'' ပါပဲ။ အဲဒီအစား မွစာကြဲနေတဲ့ ရှုမြင်သုံးသပ်ပုံ အတွေးထောင့် သေးသေးကလေးတွေ၊ လွတ်လပ်တဲ့အယူအဆ ဒဿနအမျိုးမျိုးတွေ ထွက်ပေါ်လာပါတယ်။ အဲဒီ အယူအဆတွေဟာလည်း တစ်ခုနဲ့တစ်ခု မညီမညွတ်ဖြစ်နေတာ ဆန့်ကျင်နေတာတွေ ရောထွေးလို့ပေါ့။

ဒါဟာ အခုတင်ပြမယ့် ပို့စ်မော်ဒန် အတွေးအခေါ်တွေအတွက် နိဒါန်းပါပဲ။

ဗဗဗ

ယနေ့ (၂၁-ရာစုရဲ့ ရှေ့ဆုံးနေ့ရက်များအတွင်း) ကမ္ဘာမှာ အကျော်ကြားဆုံး ဖြစ်နေတဲ့ တွေးခေါ်ပညာရှင်သုံးဦးနဲ့ သူတို့ရဲ့အတွေးအခေါ်တွေကို နားလည်အလွယ်ဆုံးလည်းဖြစ်၊ လိုရင်းတိုရှင်းလည်း ဖြစ်အောင်ကြိုးစားပြီး တင်ပြသွားဖို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့် - တချို့ အချက်အလက်တွေကို ချန်လှပ်ပစ်ခဲ့ရတာနဲ့ ပတ်သက်လို့တော့ ခွင့်လွှတ်ကြပါလို့ပဲ ပြောရတော့မှာပဲ)။

၁၉၈၀-ကနေ အခုခရစ်နှစ် ၂၀၀၀ ကာလအတွင်း ကမ္ဘာမှာ အကျော်ကြားဆုံး တွေးခေါ်ပညာရှင် သုံးဦးကတော့ ...

BURMESE CLASSIC .com

www.burmeseclassic.com



Michel Foucault (1926-1984)
Jacques Derrida (b 1930)
Richard Rorty (b 1931) တို့ပဲ ဖြစ်ပါတယ်။

ဗဗဗ

သူတို့သုံးယောက်အကြောင်းကို မပြောခင် ပို့စ်မော်ဒန် အတွေး အခေါ်ရဲ့ ကျောရိုးကို ကျွန်တော် နည်းနည်းကြိုပြီး ရှင်းပြထားပါရစေ။

တကယ်တော့ ...

ယနေ့အချိန်အထိ ပို့စ်မော်ဒန်အတွေးအခေါ်နဲ့ပတ်သက်ပြီး ဖွင့်ဆိုချက် တိတိကျကျ တစ်ခုမှမရှိသေးပါဘူး။ သဘောထားတွေ ဖွင့်ဆို ချက်တွေကလည်း တစ်ယောက်တစ်မျိုးစီ ကွဲပြားနေကြတာပါပဲ။

အဲဒီတော့ နားလည်အလွယ်ဆုံးဖြစ်အောင် ပြောရရင် ပို့စ် မော်ဒန်ဆိုတာ အကန့်အသတ်ရှိတဲ့ အမြင်တစ်ခုပါပဲ။ အားလုံးကိုလွှမ်းခြုံ ပြီး 'တစ်ခုတည်းသော မှန်ကန်တဲ့ အမြင်'ရယ်လို့ မရှိပါဘူး။ ဒီအမြင် တစ်ခုဟာ အခြေအနေတစ်ခု၊ ကာလတစ်ခု၊ အတွေ့အကြုံ တစ်ခုအတွက်ပဲ ကန့်သတ်ထားတာပါ။

အဲဒီ အမြင်ကိုလည်း ခင်ဗျားအနေနဲ့ ငြင်းဆန်ချင်ရင် ငြင်းဆန် နိုင်တယ်လေ။ ခင်ဗျားစိတ်ကြိုက် အတွေးအခေါ်တွေ ထပ်ပေါင်းထည့် လို့လည်းရတယ်။ တခြားသူကဖွင့်ဆိုထားတဲ့ အဓိပ္ပာယ်သတ်မှတ်ချက် ကို ခင်ဗျားက ရည်ရွယ်ချက်တစ်မျိုးနဲ့ တမင်ပြောင်းလဲဖွင့်ဆို ဘာသာပြန် လို့လည်း ရပါတယ်။ ခင်ဗျား ကြိုက်သလိုလုပ်ပေါ့။

ခင်ဗျားရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ခင်ဗျားရဲ့အတွေးအခေါ်ဟာ လည်း အခြေအနေ တစ်ခု၊ ကာလတစ်ခု အတွက်ပဲ အကန့်အသတ်ရှိ နေတဲ့ အမြင်တစ်ခုသာ ဖြစ်မှာပါ။ ခင်ဗျားတင် မဟုတ်ဘူး။ တခြား ဘယ်သူကမှလည်း လုံးဝဥဿုံ ပြီးပြည့်စုံတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခု၊

BURMESE CLASSIC .com

www.burmeseclassic.com



အတွေး အခေါ်တစ်ခု၊ အမှန်တရားတစ်ခုကို မပေးစွမ်းနိုင်ဘူး ... လို့ ဆိုလိုပါ တယ်။

အဲဒါပါပဲ။

ဗ ဗ ဗ

အဲဒါဟာ ပို့စ်မော်ဒန်အတွေးအခေါ်ရဲ့ အဓိက အသက်သွေးကြော ဖြစ်တယ်။ ထပ်ပြောပါဦးမယ်။

ပို့စ်မော်ဒန်အမြင်ဆိုတာ - ''လုံးဝပြီးပြည့်စုံတဲ့ ရုပ်ပုံကားချပ်တစ်ခုအဖြစ်ကို ဘယ်တော့မှ မရောက်ရှိနိုင်ဘူး၊ မရနိုင်ဘူး - ''ဆိုတဲ့ အတွေးအခေါ်ပါပဲ။

ဗဗဗ

စကားစပ်မိလို့ ပြောရဦးမယ် ... ။ ခင်ဗျားလည်း ကြားဖူးမှာပေါ့။ ဘဝဆိုတာ ဘာလဲ? (What is Life?) ဆိုတဲ့မေးခွန်းလေ ... အဲဒီမေးခွန်းကိုပြန်ဖြေတဲ့ အဖြေတွေက အမျိုးမျိုးကွဲပြားနေတဲ့ ရှုဒေါင့်တွေ၊ အမြင်တွေကို ထပ်ဟပ်နေတာပဲ မဟုတ်လား? ကြည့်လေ ... ။ အဖြေတွေကို ...

✌

BURMESE CLASSIC .com

www.burmeseclassic.com



- ဘဝဆိုတာ တိုက်ပွဲတစ်ခုဖြစ်တယ် ... လက်ခံလိုက်ပါ။
  Life is a struggle . . . accept it.
- ဘဝဆိုတာ အိမ်မက်တစ်ခုဖြစ်တယ် .. အကောင်အထည်ဖော်ပါ
  Life is a dream . . . realize it.
- ဘဝဆိုတာ လောင်းကစားခြင်းတစ်မျိုးပါပဲ .. စောင့်ကြည့်ပါ။
- ဘဝဆိုတာ အလွမ်းဇာတ်တစ်ပုဒ်ပါပဲ ... ခံစားပါ။
  Life is a tragedy . . . feel it.
- ဘဝဆိုတာ စိန်ခေါ်မှုတစ်ခုပါပဲ ... ပြေးတွေ့ပါ။
  Life is a challenge . . . meet it.
- ဘဝဆိုတာ သီချင်းတစ်ပုဒ်ပါပဲ ... ဆိုလိုက်ပါ။
  Life is a song . . . sing it.
- ဘဝဆိုတာ ပျော်ရွှင်မှုတစ်ခုပါပဲ ... ဖြန့်ဝေပါ။
  Life is a joy . . . spread it.
- ဘဝဆိုတာ ခရီးတစ်ခုပါပဲ ... အရောက်သွားလိုက်ပါ။
  Life is a journey . . . complete it.
- ဘဝဆိုတာ ပဟေဠိတစ်ခုပါပဲ ... ဖြေရှင်းလိုက်ပါ။
  Life is a puzzle . . . solve it.
- ဘဝဆိုတာ ဘုရားသခင်ရဲ့ လက်ဆောင်မွန်ပါပဲ ... အမြတ်တနိုးထားပါ။
  Life is a gift of God . . . cherish it.

၀၀၀

BURMESE CLASSIC .com

www.burmeseclassic.com



ကဲ ... အဲဒီအမြင်တွေဟာ ဘယ်မှာ ‘ပြီးပြည့်စုံတဲ့ ရုပ်ပုံကားချပ်တစ်ခု’ကို ပေးနိုင်စွမ်းလို့လဲ? ဒါတွေအားလုံးဟာ အကန့်အသတ် နဲ့ မှန်ကန်နေတဲ့ သဘောထားတွေ မဟုတ်ဘူးလား။

တကယ်ဆိုရင် ...

ပြီးပြည့်စုံတဲ့ ရုပ်ပုံကားချပ်ရယ်လို့ ဘယ်အရာမှ မရှိပါဘူး။ ရုပ်ပုံကားချပ်ဆိုတာ ဘယ်လောက်ပဲကျယ်ပြန့် ကြီးမားနေပါစေ ... အဲဒီ ရုပ်ပုံကားချပ်ထဲမှာ တစ်ခုခုကတော့ လွဲချော် ပျောက်ဆုံးကျန်ရစ်နေစမြဲ ပါပဲ။

ဗဗဗ

ပို့စ်မော်ဒန်သမားတွေရဲ့ ပါးစပ်က ထွက်လာတဲ့

‘ပြည့် – စုံ – မှု’ ဆိုတဲ့ စကားလေးသုံးလုံးရဲ့ အဓိပ္ပာယ်ကိုက တစ်စုံတစ်ရာကတော့ ကျန်ရစ်ပျောက်ဆုံးနေသေးတယ်’လို့ သဘောဆောင်နေပါတော့တယ်။

ဗဗဗ

အဲဒီဥပမာကို ဒဿနဆန်တဲ့ မေးခွန်းတစ်ခုနဲ့ အစားထိုးကြည့်ရအောင် ...

What is Reality?

အစစ်အမှန် အရှိတရားဆိုတာ ဘာလဲ?

အဲဒီမေးခွန်းကိုဖြေရင်လည်း စောစောကလိုပဲ အကန့်အသတ်နဲ့ မှန်ကန်တဲ့အဖြေတွေကိုသာ ရရှိမှာဖြစ်ပါတယ်။

တစ်စုံတစ်ခုကို ဖော်ပြချင်လို့၊ တစ်စုံတစ်ရာသော အဓိပ္ပာယ်ကို ဖွင့်ဆိုချင်လို့ ... ကျွန်တော်က ရုပ်ပုံကားချပ်တစ်ခုခုကို ချယ်မှုန်းသီကုံးပြလိုက်တယ် ဆိုပါစို့။

BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီထဲမှာ ကျွန်တော်တို့ပြောချင်တဲ့ စကားတွေ အများကြီးပါသွားမယ်။ အဲဒီ ရုပ်ပုံကားချပ်က စကားတွေအများကြီး ပြောနေမယ်။ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေ ဗရပွပါဝင်နေမယ်။ သဘောအမျိုးမျိုးကို ဆောင်နေမယ်။

ပို့စ်မော်ဒန်သမားတွေက အဲဒီလိုမျိုး ဖြစ်နေတာကို (စကားတွေ အဓိပ္ပာယ်တွေ၊ ဆိုလိုရင်းတွေ၊ သဘောထားတွေ၊ ရှင်းလင်းချက်တွေဟာ) ကင်ဆာဆဲလ်တွေနဲ့ တူတယ်လို့ ဥပမာပေးပါတယ်။

ကင်ဆာဆဲလ် ဆိုတာမျိုးက ... တဖြေးဖြေး၊ ဖွံ့ဖြိုးကြီးထွားများပြားလာတတ်တာမျိုး မဟုတ်လား။ ဖွံ့ဖြိုးလွန်းနေပြီး နောက်ဆုံးမှာ ကိုယ့်ကိုယ်ကို ပြန်ဖျက်ဆီးရော ရောက်သွားစေတဲ့ ရောဂါတစ်မျိုးပဲ။

အဲဒါဟာ 'အဓိပ္ပာယ်' တွေပေါ့။

အဲဒါဟာ 'ဖွင့်ဆိုချက်' တွေပေါ့။

အဲဒါဟာ 'စကားလုံး' တွေပေါ့။

ဗဗဗ

ပိုင်းစစိတ်မွှာစတွေ (Fragments) လို့ ကျွန်တော်ပြောရင် အဲဒီ ဝေါဟာရဟာ ခင်ဗျားနဲ့ရင်းနှီးပြီးသား ဖြစ်လိမ့်မယ် ... လို့ မျှော်လင့်ပါတယ်။

အဲဒါတွေကို စုရုံးပေါင်းစပ်ထားခြင်းဟာ ပို့စ်မော်ဒန်ပါပဲ။

ဟုတ်တယ် ... ။

ပို့စ်မော်ဒန်ဆိုတာ ... ဒါပဲ။

'ခင်ဗျားဟာ' အများကြီးကို ရှာဖွေသိမ်းပိုက်ရရှိပါလိမ့်မယ်။

ဒါပေမယ့် ... ဘယ်တော့မှ ပြီးပြည့်စုံမှာမဟုတ်ဘူး။'

BURMESE CLASSIC .com

www.burmeseclassic.com



## Michel Foucalt ( 1926 - 1984 )

မစ်ရှေးဖူးကိုးဟာ သမိုင်းလေ့လာသူတစ်ဦးဖြစ်သလို ဒဿန ပညာရှင်တစ်ယောက်လည်း ဖြစ်ပါတယ်။

အရင့်အရင်ခေတ်တွေက ရှိခဲ့ဖူးတဲ့ စာပေတွေ၊ အရေးအသား တွေကို ခွဲခြမ်းစိပ်ဖြာလေ့လာပြီးတော့ ဟိုး ... သမိုင်းတစ်လျှောက်လုံး မှာ အသိပညာ (knowledge) ဆိုတာကို ဘယ်လိုဖွင့်ဆို၊ သတ်မှတ်၊ ပုံဖော်ခဲ့ကြသလဲဆိုတာကို တူးဆွရှာဖွေခဲ့သူပါပဲ။

ဒါကြောင့် သူက သူ့စာအုပ်ကို Archeology of knowledge လို့ အမည်ပေးခဲ့တာပေါ့။

ɗɗɗ

ဒီနေရာမှာ အချက်နှစ်ချက်ကို အလေးအနက်ထားပြီး ကြည့်ရ အောင်။

အဲဒါတွေကတော့

၁။ Language လို့ခေါ်တဲ့ ဘာသာစကား နဲ့

၂။ Truth (အမှန်တရား)လို့ခေါ်တဲ့ ဆက်စပ်ပတ်သက်ခြင်း၊ ဆက်နွှယ်ခြင်းသဘောတို့ပါပဲ။

ɗɗɗ

ရီနေဆန်းခေတ် (၁၄–ရာစု၊ ဉာဏ်သစ်လောင်းခေတ်) တုန်းက ဆိုရင် လူတွေရဲ့စကားလုံး (words) တွေအပေါ် သဘောထားပုံက အံ့မခန်း အထွတ်အမြတ်ပါပဲ။ သူတို့ခေတ်က စကားလုံးတွေထဲမှာ အမှန် တရား (Truth) ကို ရှာဖွေတွေ့ရှိနိုင်တော့မလိုလို အောက်မေ့ခဲ့ကြတဲ့ ခေတ်ကိုး။

BURMESE CLASSIC .com

www.burmeseclassic.com



ဒါပေမယ့် နောက်တစ်ခေတ် ( ၁၇–ရာစု )ကျတော့ အဲဒီအယူအဆက ပြောင်းလဲသွားပြန်ရော ... ။

အဲဒီမှာ ... လူတွေက စကားလုံးတွေကို 'အမှန်တရား'လို့ မယူဆတော့ဘူး။ စကားလုံးတွေကို အသုံးပြုခြင်းအားဖြင့် အမှန်တရားရှိရာဆီ ညွှန်ပြနိုင်လိမ့်မယ် ... လို့ပဲ သဘောထားကြတော့တယ်။

ဒီလိုပါပဲ ... ၊

ခေတ်အမျိုးမျိုးကို လိုက်ပြီး သမိုင်းနောက်ခံ အခြေအနေအမျိုးမျိုးကို မူတည်ပြီး နယ်ပယ်အမျိုးမျိုး၊ ဒေသအမျိုးမျိုးအပေါ် မှီခိုပြီး

၁။ ဘာသာစကားနဲ့ စကားလုံး (words) တွေ

၂။ အမှန်တရားလို့ခေါ်တဲ့ ဆက်သွယ်ချက်တွေ ... ရဲ့

အထူးအပါးအဓိပ္ပာယ်ဟာ သဘောကွဲပြား ခြားနားခဲ့ကြတာပေါ့။ ကောင်းပြီ ... ဒီနေရာမှာ အမှန်တရား (Truth )ရဲ့ အဓိပ္ပာယ်ပြောင်းလဲမှုကို လေ့လာကြည့်ရအောင်။

အမှန်တရားဆိုတာ ဘာလဲ?

အမှန်တရားကို ဘာနဲ့ဆုံးဖြတ်မလဲ?

ဒီမှာတင် အသိပညာ (knowledge) ဆိုတာကြီးရဲ့ အခန်းကဏ္ဍ ပါဝင်လာတော့တာပဲ။

ဆိုပါစို့ ...

နစ်ချေး (Nitzche) အပါအဝင် ဒဿနပညာရှင်အများစုဟာ Truth ဆိုတာကြီးကို လူ့သဘာဝရဲ့ထူးခြားတဲ့ အသိပညာ (knowledge) အဖြစ် မှတ်ယူခဲ့ကြတယ်။

ဖူကိုးကတော့ ... အဲဒါကို 'မှားတယ်'လို့ ပြတ်ပြတ်သားသား ငြင်းဆိုခဲ့တာပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



ဟုတ်ပါတယ်။ ၂၁–ရာစု အရဏ်တက်ချိန်မှာ အသိပညာ (knowledge) ကို ဖွင့်ဆိုတည်ဆောက်ပုံ ပြောင်းလဲသွားခဲ့ပါပြီ။

ဖူကိုးရဲ့ ဖွင့်ဆိုပုံက ...

"အသိပညာဆိုတာ ... လူတွေရဲ့ အသက်ရှင်နေထိုင်ရေး ဆက်ဆံရှေ့လျှားရေး အဝန်းအဝိုင်းကြီးကို ပုံမှန်လည်ပတ်နေအောင် ကူညီတဲ့အရာလည်းဖြစ်တယ်။ ပြီးတော့ အဲဒီလူမှုဘဝကြီးကို အဓိပ္ပာယ် သတ်မှတ်ဖွင့်ဆိုနိုင်အောင် အကူအညီပေးတဲ့ အရာလည်းဖြစ်တယ်'... တဲ့။

ᛰᛰᛰ

ဒီနေရာမှာ ကျွန်တော်အလေးအနက် ပြောချင်တာက အသိပညာ (knowledge) ရဲ့အနက်အဓိပ္ပာယ်ဟာ ဘာကြောင့် အဲသည်လိုတစ်ခေတ်နဲ့တစ်ခေတ် မတူဘဲ ပြောင်းလဲနေရတာလဲ – ဆိုတဲ့ ကိစ္စပါ။

ဖူကိုးရဲ့ သဘောထားက ရှင်းပါတယ်။

အသိပညာ ဆိုတာဟာ 'ရှိနေတဲ့အရာ၊ ဖြစ်နေတဲ့အရာ'တွေကို အဲသည် ရှိနေ၊ ဖြစ်နေတဲ့အတိုင်း ရောင်ပြန်ဟပ်ဖော်ပြရုံ သက်သက် မဟုတ်ဘူး ... တဲ့။ 'လူတွေကို ပုံစံသွင်းတဲ့စနစ်' တစ်ခုကိုပါ ဖြစ်ပေါ်စေပါသတဲ့။

အဲဒီ အယူအဆဟာ အရေးကြီးဆုံးပါပဲ။

၂၁–ရာစုရဲ့ အသိပညာဆိုင်ရာ ဒဿနကို တစ်ဆစ်ချိုး ပြောင်းလဲသွားအောင် ရိုက်ခတ်လိုက်တဲ့ လှိုင်းတံပိုးတစ်ခုလည်း ဖြစ်ပါတယ်။

ᛰᛰᛰ

BURMESE CLASSIC .com

www.burmeseclassic.com



၂၀–ရာစုနှောင်းပိုင်းနားအထိ အသိပညာကို တည်ဆောက်ထားတဲ့ 'စဉ်းစားခြင်း'ဆိုင်ရာ အတွေးအမြင်ကိုက အခု ဖူကိုးပြောသလို မဟုတ်သေးဘူး။ အဲဒီတုန်းက Levi Strauss က ပြောတယ် ...

''အသိပညာဟာ လူ့စိတ်သဘာဝကိုရောင်ပြန်ဟပ် ဖော်ပြတယ်'' ဖူကိုးကတော့ အဲဒီအတွေးအခေါ်ကို ငြင်းဆိုပါတယ်။ သူပြောတာက ဘာတွေကိုပဲ ရောင်ပြန်ဟပ် ဖော်ပြသလဲဆိုတော့

''အသိပညာဟာ ... လူတွေကို ဘာလုပ်ရမယ်။ ဘာမလုပ်ရဘူး။
ဘယ်လိုပဲတွေးရတယ်။ ဘယ်လိုတော့ မတွေးရဘူး။ ဘယ်ဟာကဖြစ်သင့်တယ်။ ဘယ်ဟာက မဖြစ်သင့်ဘူး ... လို့ လွှမ်းမိုးကန့်သတ်ထားတဲ့ အသိကိုပဲ ရောင်ပြန်ထင်ဟပ်ပေါ်လွင် စေပါတယ်''

... တဲ့ ။

ၓ ၓ ၓ

ခင်ဗျားကော ဘယ်လို ထင်ပါသလဲ?

အသိပညာ (knowledge) ဟာ လူတွေကို ပုံစံသေကန့်သတ် ထားတဲ့ ဩဇာတစ်ခုလား၊ လူတွေကို စနစ်တစ်ခုထဲ မောင်းသွင်းနေတဲ့ အသိအာဏာ တစ်ခုလား?

ဖူကိုးကတော့ အဲသည်အတိုင်းပဲ ပြောပါတယ်။

ကျွန်တော်တို့ဟာ အသိပညာ (knowledge) တစ်ခုကို ရရှိလိုက်ပြီးတဲ့နောက်မှာ အဲဒီအသိပညာရဲ့ ပုံစံသွင်းတာကို ခံလိုက်ရတဲ့ လူသားတွေ ဖြစ်သွားတော့တာပါပဲ ... တဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



"ငါတို့ရဲ့ အသိပညာက ပြောလိုက်တဲ့အရာမှ မှန်တယ်၊
ငါတို့ရဲ့အသိပညာက ငြင်းပယ်လိုက်တဲ့ အရာဆိုရင် မှားတယ်" ဆိုပြီး ဖြစ်သွားတယ် ... တဲ့။
ကိုယ်သင်ယူထားတဲ့ အသိပညာက ကိုယ့်အပေါ်ပြန်ပြီး အာဏာလွှမ်းမိုးနေတာပဲ။ ဒါကိုလုပ်ရမယ်၊ ဒါကိုမလုပ်ရဘူး၊ ဒါကိုလက်ခံရမယ်၊ ဒါကိုလက်မခံရဘူးဆိုပြီး ... အသိပညာက ချမှတ်ပေးတဲ့ လမ်းကြောင်းအတိုင်း လူတွေကို နေထိုင်လိုက်နာ စေတော့တာပဲ။
လူဟာ သူ့အသိပညာကိုလွန်ပြီး၊ ဆန့်ကျင်ပြီး မနေထိုင်၊ မတွေးခေါ်နိုင်တော့ပါဘူး။ အသိပညာရဲ့ အကန့်အသတ်ကို ခံလိုက်ရပါတော့တယ်။

ဗ ဗ ဗ

ခင်ဗျားကော ဘယ်လိုလဲ?
ခင်ဗျားရဲ့ အသိတရားက မသင့်တော်ဘူးလို့ ကန့်သတ်ထားတဲ့ အပြုအမူ တစ်ခုခုကို လုပ်မိရင် အပြစ်ရှိသလိုလို၊ အမှားကျူးလွန်မိသလိုလို မခံစားရဘူးလား။
ဒါကြောင့် ဖူးကိုးက ပြောပါတယ်။
အသိပညာ (knowledge) ဆိုတာကို power က မွေးဖွား ထုတ်လုပ်ပေးလိုက်တာပဲ ဖြစ်ပါတယ် ... တဲ့။
ဒီနေရာ Power ဆိုတာ
'အစွမ်းသတ္တိ' ဆိုတဲ့ အဓိပ္ပာယ်အပြင်၊
'အဟန့်' ဆိုတဲ့ သဘောကိုပါ ဆောင်ပါတယ်။
လူတွေရဲ့ အတွေးနဲ့ အကျင့်အကြံ၊ အပြုအမူတွေကို ထိန်းချုပ်ကန့်သတ်ဖို့အတွက် Power (အဟန့်)က အသိပညာကို အသုံးပြုခိုင်းစေနေတယ် ... လို့ ဆိုလိုလိုက်တာပါပဲ။

ဗဗဗ

BURMESE CLASSIC .com

www.burmeseclassic.com



ဖူကိုး ပြောခဲ့တဲ့ ဥပမာလေးက အတော်လှပသလို အတော်လည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ သူ့ဥပမာက ဉာဏ်အလင်းခေတ်လောက် က ပေါ်ထွန်းခဲ့တဲ့ 'အရူးထောင်'တွေပေါ့။

အဲဒီ ခေတ်လောက်တုန်းက လူတွေဟာ အရူးတွေကို တိရစ္ဆာန်တွေ၊ အကျဉ်းသားတွေလို သော့ခတ် ပိတ်လှောင်ထားကြတာကိုး။

တစ်ချိန်တည်းမှာပဲ အဲဒီခေတ်က လူသားတွေဟာ အတွေး၊

အခေါ်အရ

– ဆင်ခြင်မှု (Reason) နဲ့

– လွတ်လပ်ခြင်း (Freedom) တို့ကို သိပ်အလေးအနက်ထား အထွတ်အမြတ်ထား ကိုးကွယ်နေခဲ့ကြတဲ့ ကာလလည်း ဖြစ်ပါတယ်။

အဲဒီ အချက်နှစ်ချက်ဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်။ ဒင်္ဂါး တစ်ခုရဲ့ ခေါင်းနဲ့ပန်းဖြစ်တယ်လို့တောင် ပြောလို့ရပါရဲ့။

အဲဒီခေတ်ကဆိုရင် ဆင်ခြင်မှာ (Reason) နဲ့ လွတ်လပ်ခြင်း (Freedom) တို့ဟာ အရေးကြီးတဲ့ ကောင်းမြတ်ခြင်း တန်ဖိုးတွေ ဖြစ်ကြပါတယ်။

ကောင်းပြီ ...

အဲသည်လို လွတ်လပ်ခြင်း (Freedom) တို့ လေးစားကိုးကွယ် တဲ့ လူသားတွေဟာ (အရူးလို့ သတ်မှတ်ခံရတဲ့) လူသားတွေကိုကျတော့ ဘာဖြစ်လို့ အကျဉ်းချထားရတာလဲ။ အဲဒီလူတွေရဲ့ လွတ်လပ်မှုကို ဘာဖြစ်လို့ ဆုံးရှုံးအောင် လုပ်ကြတာလဲ။

အဖြေကတော့ ရှင်းပါတယ်။

'အဲဒီလူတွေဟာ ရူးနေလို့ပါပဲ' ... ပေါ့။

အဲဒီအဖြေကို နောက်တစ်ဆင့် ထပ်ရှင်းရအောင်။ ဟောသည် လို ..

.

www.burmeseclassic.com



“အဲဒီလူတွေဟာ ရူးနေလို့ = အဲဒီလူတွေရဲ့ ဆင်ခြင်တုံ
ဆင်ခြင်နည်း (Reason) ဟာ
လူကောင်းဆိုတဲ့ လူတွေရဲ့
ဆင်ခြင်တုံ ဆင်ခြင်နည်း
(Reason) နဲ့ မတူလို့” ပါပဲ။

ဆင်ခြင်မှု (Reason) ဟာ လွတ်လပ်ခြင်း (Freedom) နဲ့ ဆက်စပ်နေတယ်ဆိုတာ အလေးအနက်ထားပြီး ထပ်ပြောပါရစေ ... ။

လူကောင်းလို့ သူတို့ကိုယ်သူတို့ သတ်မှတ်ထားတဲ့လူတွေက သူတို့ရဲ့ ‘ဆင်ခြင်မှု’နည်းလမ်းတွေနဲ့ မတူခြားနားတဲ့ လူတွေကို ‘အရူး’ လို့သတ်မှတ်လိုက်ပြီး အကျဉ်းချ သော့ပိတ်ထားလိုက်ကြတယ်။ အများရဲ့ ဆင်ခြင်ခြင်း (Reason ) နဲ့ လိုက်လျောညီထွေ မဖြစ်တဲ့သူဟာ လွတ်လပ်မှု (Freedom) ကိုပါ ဆုံးရှုံးရတော့တာပါပဲ။

ကဲကဲ ... အဲဒီ အဖြစ်ကို ခင်ဗျားသဘောတူပါရဲ့လား။

၀၀၀

ဖူကိုးကတော့

“လွတ်လပ်ခြင်းနဲ့ ဆင်ခြင်နည်းတကျဖြစ်ခြင်း ဆိုတာတွေဟာ လူ့အဖွဲ့အစည်းက လူတွေကို ထိန်းချုပ်ဖို့စီမံထားတဲ့ စိတ်ကူးသက်သက် နာမ်ဝေါဟာရ စကားလုံးတွေပဲ” လို့ ဆိုလိုပါတယ်။

ရှေ့မှာ ကျွန်တော်တင်ပြခဲ့သလိုပေါ့ ...

လူ့အဖွဲ့အစည်းအတွင်းမှာ ဘာကိုလုပ်ရမယ်၊ ဘယ်လိုတွေးရမယ်၊ ဘာလိုခံယူရမယ် ... ဆိုပြီး ပြဋ္ဌာန်းကန့်သတ်ထားတဲ့ အဟာန့် (Power) တွေရှိတယ်။ အဲဒီအတန့် (Power) တွေနဲ့ လိုက်လျောညီထွေဖြစ်အောင် လူကလိုက်ပြီး နေထိုင်ကျင့်ကြံရမယ့်သဘော ဖြစ်နေတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီလို ... အဟာန့်တွေရဲ့ ထိန်းချုပ်မှုအောက်မှာ ပြဋ္ဌာန်းတဲ့အတိုင်း လိုက်နေထိုင်တာကိုက ‘လုပ်သင့်လုပ်ထိုက်တာကို လုပ်နေခြင်း’ သဘောဆောင်နေတယ်။ အဲဒီအတိုင်း လိုက်မနေထိုင်နိုင်ရင်၊ မနေထိုင်ချင်ဘူးဆိုရင် ခင်ဗျားဘဝတော့ . . . သွားပြီ။ လူ့အဖွဲ့အစည်းက ခင်ဗျားကို ‘ဆင်ခြင်တုံတရားမဲ့တဲ့ကောင်’ ‘ပရမ်းပတာလွတ်လပ်ချင်တဲ့ကောင်’လို့ နာမည်ဆိုးပေး၊ တံဆိပ်ကပ်လိုက်မှာပဲ။ နောက်ဆုံးမှာ သူတို့ က ခင်ဗျားကို ‘အရူး’လို့ ခေါ်ကြလိမ့်မယ်။

ကဲ ... ဘာလဲ? ဆင်ခြင်တုံတရား?

ဘာလဲ ? လွတ်လပ်မှု ?

အဲဒီစကားလုံးတွေရဲ့ ကန့်သတ်ထိန်းချုပ်မှုအောက်မှာ နေထိုင်တဲ့ လူတွေကတော့ သူတို့ကိုယ်သူတို့ ဆင်ခြင်တုံတရားရှိတယ်။ လွတ်လပ်တယ်လို့ အောက်မေ့နေကြမှာ။ ဒီတော့ - ခင်ဗျားလည်း သူတို့နဲ့အတူ လိုက်လျောညီထွေ ဖြစ်ချင်ရင်၊ တစ်သွေးတည်း တစ်သားတည်း ပူးပေါင်းချင်ရင် ...

သူတို့ တွေးသလို တွေး ...

သူတို့ လုပ်သလို လိုက်လုပ် ...

သူတို့ ခံယူသလို ခံယူ ...

တဲ့ ကန့်သတ်ချုပ်ချယ်မှု Power အောက်ကို ခေါင်းငုံ့ဝင်ပြီး နေထိုင်ပေတော့ . . . ။ ဒီလိုမှမဟုတ်ရင် ခင်ဗျားကို သူတို့က (သူတို့ရဲ့ ဆင်ခြင်မှု/ Reason နဲ့ မတူတာကြောင့်) အရူးလို့ သတ်မှတ်ပြီး အရူးထောင်ထဲထည့်၊ သော့ခတ်အကျဉ်းချထား လိုက်ကြလိမ့်မယ်။ ခင်ဗျားရဲ့လွတ်လပ်မှု (Freedom) ကိုပါ ဆုံးရှုံးသွားစေလိမ့်မယ် ... ။

ဒါက - (၁၆-၁၈)ရာစုလောက်တုန်းက ပေါ်ခဲ့တဲ့ အရူးထောင်တွေနဲ့ ပတ်သက်ပြီး ပေးခဲ့တဲ့ ဥပမာပါ။

ဝဝဝ

BURMESE CLASSIC .com

www.burmeseclassic.com



ဒီနေရာမှာ တစ်ပါတည်းဆက်စပ်ပြီး ပြောရဦးမယ်။ လူဆိုတဲ့ သတ္တဝါမှာ တခြားသူကိုနင်းပြီး ကိုယ့်ကိုယ်ကိုမြှင့်တင်တတ်တဲ့ သဘာဝ ရှိပုံလေး ... ။ အဲဒီသဘာဝကို ဖူကိုးက Othering လို့ အမည်ပေး ပါတယ်။ (ဒီစကားလုံးရဲ့ မူရင်းပိုင်ရှင်က ဆိုင်မွန် ဒီ ဗူးဗွား ... ပါ)

စောစောက ပြောခဲ့သလိုပေါ့ ...

အဟန့် (Power) အောက်မှာ ပြဋ္ဌာန်းထိန်းချုပ်ခံထားရတဲ့ အတိုင်း နေသားကျတဲ့သူတွေဟာ သူတို့ကိုယ်သူတို့ ''ငါတို့လူကောင်း တွေပါ၊ အရူးတွေမဟုတ်ပါဘူး''လို့ ဘယ်လောက်ပြောပြော၊ သူတို့ကိုယ် သူတို့ ဆင်ခြင်တုံနည်းလမ်းကျတယ်၊ လွတ်လပ်တယ်လို့ ဘယ်လောက် ကြွေးကြော် ကြွေးကြော် ... ။

တကယ်တမ်းကျတော့ ... အဲဒီလူတွေဟာ လွတ်လပ်မှု ဆိုတာဘာလဲ? ဆင်ခြင်တုံတရားဆိုတာ ဘာလဲ? လို့ သေသေချာချာ မသိကြပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ... ''လွတ်လပ်မှု''ဆိုတဲ့ အဓိပ္ပာယ် ဟာ ''မလွတ်လပ်မှု''ဆိုတဲ့အရာနဲ့ ယှဉ်တွဲဆက်စပ်ပြီးမှ နားလည်နိုင်တဲ့ ကိစ္စမျိုး။ အလားတူပဲ - ''ဆင်ခြင်တုံ နည်းလမ်းကျတယ်''ဆိုတာဟာ လည်း ''ဆင်ခြင်တုံ နည်းလမ်းမကျဘူး''ဆိုတဲ့အဖြစ်နဲ့ ယှဉ်တွဲဆက်စပ် ပြီးမှ အဓိပ္ပာယ်ရှိလာရတဲ့ ကိစ္စတွေပဲ။

ဒီတော့ ...

တစ်သက်လုံး ''ငါတို့ဟာ အရူးတွေမဟုတ်ဘူး။ ဘယ်တုန်း ကမှ ဆင်ခြင်တုံတရား မကင်းမဲ့ခဲ့ဘူး။ ဘယ်တုန်းကမှ မလွတ်မလပ် မဖြစ်ခဲ့ဖူးဘူး''လို့ ကိုယ့်ကိုယ်ကို အောက်မေ့နေကြတဲ့ လူတွေဟာ အဲဒီ အဓိပ္ပာယ်နှစ်ရပ်ကို တကယ်စစ်စစ် မသိနိုင်ကြဘူးပေါ့။

www.burmeseclassic.com



ကဲ ... အဲဒီ အခြေခံသဘောကို သိထားပြီးရင် ဖူကိုးရဲ့ Othering ကိစ္စကို ဆက်ပြောလို့ ရပါပြီ။

ဖူကိုး ပြောတာကဒီလိုပါ ...

''လူဆိုတဲ့သတ္တဝါဟာ သူတို့နဲ့မတူတဲ့ တခြားလူတွေနဲ့ယှဉ်ထိုးတိုင်းတာကြည့်ပြီး ကိုယ့်ကိုယ်ကို အဓိပ္ပာယ်သတ်မှတ် ဖွင့်ဆိုကြတယ်'' ... တဲ့။ ဒီသဘောကို လွယ်လွယ်ဥပမာပေးရရင် ... ကိုယ့်ထက် အသားပိုမဲတဲ့ တခြားလူတစ်ယောက်ကိုကြည့်ပြီး ''ငါကတော့ အသားဖြူသားပဲ''လို့ တိုင်းတာသတ်မှတ် အဓိပ္ပာယ်ဖွင့်ဆိုတာမျိုးပါ။

အဲသည်လိုကြည့်တဲ့ နေရာမှာလည်း နှိမ့်ချလိုတဲ့စိတ်နဲ့ ကြည့်တာ ဖြစ်တယ်။ ကိုယ့်ထက်နိမ့်ကျတယ်လို့ သတ်မှတ်ထားတဲ့ တခြားလူတွေ ကိုပဲရွေးပြီး ကြည့်တာဖြစ်တယ်။

ဟုတ်တာပေါ့။ ကိုယ့်ကိုယ်ကို အသားဖြူတယ်လို့ သတ်မှတ်ချင်တဲ့လူဟာ ကိုယ့်ထက်အသားပိုဖြူတဲ့လူနဲ့ သွားနှိုင်းယှဉ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ကိုယ့်ထက်အသားပိုမဲတဲ့ လူနဲ့ယှဉ်မှ ကိုယ်ကဖြူတယ်ဆိုတဲ့ တိုင်းတာသတ်မှတ်ချက်ထဲ ဝင်မှာပေါ့။

ဒါကြောင့် ... ကျွန်တော်က (ကိုယ့်ထက်နိမ့်ကျတဲ့) တခြားသူကိုနင်းပြီး ကိုယ့်ကိုယ်ကို မြှင့်တင်ချင်တဲ့ သဘာဝရှိတယ်လို့ ပြောခဲ့တာ ... ။ အဲဒီသဘောကို ဖူကိုးက Othering လို့ အမည်ပေးခဲ့တာ ဖြစ်ပါတယ်။

၀၀၀

BURMESE CLASSIC .com

www.burmeseclassic.com



ကဲ ... စကားစတွေကို အားလုံးဆက်စပ် ပေါင်းစုလိုက်ကြရအောင်။ ရှေ့မှာပြောခဲ့တဲ့ (တစ်သက်လုံး ငါတို့ဟာ အရူးတွေ မဟုတ်ဘူး။ ဘယ်တုန်းကမှ ဆင်ခြင်တုံတရား မကင်းမဲ့ခဲ့ဖူးဘူး။ 'ဘယ်တုန်းကမှ မလွတ်မလပ် မဖြစ်ခဲ့ဖူးဘူး' လို့ အောက်မေ့နေခဲ့ကြသူတွေဟာ 'လွတ်လပ်မှု'ရဲ့ အဓိပ္ပာယ်၊ 'ဆင်ခြင်မှု'ရဲ့ အဓိပ္ပာယ်ကို တကယ်မသိနိုင်ကြဘူး) ဆိုတဲ့အချက်နဲ့ အခုရှင်းပြခဲ့တဲ့ Othering သဘောတရားနဲ့ ပြန်ဆက်စပ် ပြပါ့မယ်။ ထင်ရှားအောင် ကျွန်တော် အချက် (၃)ချက် ခွဲပြပါမယ်။

၁။ ကိုယ့်ကိုယ်ကို 'ငါတို့ဟာ လူကောင်းတွေပါ'လို့ ပြောနေကြတဲ့လူတွေဟာ 'လွတ်လပ်မှု'ရဲ့အဓိပ္ပာယ် 'ဆင်ခြင်မှု' ရဲ့အဓိပ္ပာယ်ကို တကယ်မသိကြဘူး (တစ်နည်းအားဖြင့် ပြောရရင်) ကိုယ့်ကိုကိုယ် 'မရူးဘူး'လို့သာ ကြွေးကြော်နေပေမယ့် 'ရူးခြင်း' ရဲ့အဓိပ္ပာယ် 'မရူးခြင်း'ရဲ့အဓိပ္ပာယ်ကို အသေအချာမသိကြဘူး။

၂။ ဒါကြောင့် သူတို့ဟာ သူတို့နဲ့မတူတဲ့ လူတွေကို 'ရူးတယ်' လို့ တံဆိပ်ကပ်လိုက်ပြီး 'ငါကတော့ အဲဒီလူတွေ (အရူးတွေ) နဲ့ မတူဘူး။ ဒါကြောင့် ငါဟာအရူးမဟုတ်ဘူး။ 'ငါဟာ လူကောင်းဖြစ်တယ်'... လို့ ကိုယ့်သံသယကို ကိုယ်ပြန်ဖြေဖျောက်ရတယ်။ ကိုယ့်ဖာသာကိုယ် စိတ်နှစ်သိမ့်ရတယ်။

၃။ အဲဒါဟာ Othering ပဲ။ ဒီလိုနဲ့ ရေလိုက်ငါးလိုက် လူ့အဖွဲ့အစည်းထဲက လူတွေဟာ တခြားသူတွေ (စည်းအပြင်ဘက်ကလူတွေ) ကို ကိုယ့်အောက်နိမ့်ကျတယ်၊ စံမမှီဘူးဆိုတဲ့ သတ်မှတ်ချက်နဲ့ ချနင်းပြီး ကိုယ့်ကိုကိုယ်မြှင့်တင်၊ ဟုတ်လှပြီထင်နေတဲ့ အတွေးစွဲရောဂါ ရလာကြတာပေါ့။

BURMESE CLASSIC .com

www.burmeseclassic.com



♏ ♏ ♏

ဖူကိုးက - အဲဒီအဖြစ်ကနေထပ်ပြီး အတွေးတွေ ဆန့်ထုတ်ပြပါတယ်။

''လူ''ဆိုတာ ပင်ကိုယ်သဘာဝအားဖြင့် တစ်ယောက်နဲ့တစ်ယောက် ကွာခြားလှတာ မဟုတ်ပါဘူး ... တဲ့။

ဒါပေမယ့် စောစောကပြောသလို တခြားလူတွေကို နင်းပြီး ကိုယ့်ကိုကိုယ် မြှင့်တင်တဲ့ အတွေးစွဲ (Othering) ကို ကျင့်သုံးရင်း ကျင့်သုံးရင်းနဲ့ တစ်ဦးနဲ့တစ်ဦး တကယ် အလှမ်းဝေးလာခဲ့ကြတယ်။ ''ဟိုကောင်တွေက ငါတို့ထက်နိမ့်ကျတယ်၊ ငါတို့ကမှ တကယ့်လူအစစ်'' ... လို့တွေးရင်း၊ စိတ်စွဲရင်းကနေ။

* ယောက်ျားလေးတွေက သူတို့ကိုယ်သူတို့ မိန်းမတွေထက် ပိုမြင့်မြတ်သလိုလို အောက်မေ့လာခဲ့ကြတယ် ...

* လူဖြူတွေက သူတို့ကိုယ်သူတို့ လူမည်းတွေထက် ပိုမြင့်မြတ်သလိုလိုလို့ ခံယူလာခဲ့ကြတယ် ...

* ကိုယ့်ဘာသာရေးက တခြားလူတွေရဲ့ ဘာသာရေးထက် ပိုစစ်မှန်သလိုလို အစွဲကြီးမားလာခဲ့ကြပါတော့တယ် ... ။

♉♉♉

ကဲ ... ဒီနေရာမှာပဲ ဖူကိုးရဲ့ဒဿနကို 'ကျွန်တော် နိဂုံးချုပ်လိုက်ပါတော့မယ်။ (ကျွန်တော် ရေးသွားခဲ့သမျှတွေထဲက) အပိုင်းပိုင်းအစစ လိုဖြစ်နေတဲ့ ဖူကိုးရဲ့အတွေးအခေါ်တွေကို တစ်ပေါင်းတည်းစုပြီး နံပါတ် စဉ်တပ်၊ မှတ်စုထုတ်ကြည့်ရအောင်။

BURMESE CLASSIC .com

www.burmeseclassic.com



## (၁) ဘာသာစကားနှင့် ဒဿန

အတွေးအခေါ်ဆိုတာ သီးခြားတောက်ပ လင်းလက်နေတဲ့စိတ်က (စိတ်ကူးသက်သက်) ထုတ်လုပ်လိုက်တာ မဟုတ်ဘူး ... လို့ ဖူကိုးက ယုံကြည်ပါတယ်။ အတွေးအခေါ်စိတ်ကူးဆိုတာ ဘာသာစကားစနစ်ကြီးတစ်ခုလုံးရဲ့ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ ဖွံ့ဖြိုးလာတာ ဖြစ်တယ်။ ဥပမာ သဘောပြောရင် ...

- မြန်မာစကား (Discourse) မှာသုံးတဲ့ "မေတ္တာ" ဆိုတာနဲ့
- အင်္ဂလိပ်စကားမှာသုံးတဲ့ Love တို့ဟာ တကယ်တမ်း ဘယ်လိုမှ မတူညီနိုင်ပါဘူး။

မြန်မာတစ်ယောက်ပြောလိုက်တဲ့ 'မေတ္တာ' ဆိုတဲ့ စကားလုံးလေးနှစ်လုံးထဲမှာ မြန်မာ့ရှေးရိုးစဉ်လာတွေ၊ မြန်မာ့ယဉ်ကျေးမှုတွေ၊ မြန်မာ့လူနေမှုစရိုက်တွေ၊ အတွေးအခေါ်နဲ့ ကျင့်သုံးပုံတွေ အားလုံးပါနေတယ်။

အဲဒါကို အနောက်တိုင်းသားတစ်ယောက်က ဘယ်လိုနားလည်နိုင်မလဲ။ Love လို့ ဆိုလိုက်ပြန်ရင်လည်း အဲဒီ စကားလုံးတွေရဲ့ အရိပ်နဲ့ အနံ့ အရအသာထဲမှာ အနောက်တိုင်းယဉ်ကျေးမှုတွေ အနောက်တိုင်း ထုံးထမ်းစဉ်လာနဲ့ စရိုက်တွေ ပါဝင်နေတယ်။ သူတို့က Love ဆိုတာကို သူတို့ယဉ်ကျေးမှုနဲ့ သူတို့ပဲ နားလည်ပစ်လိုက်မှာပဲ။

ဆိုလိုတာက 'မေတ္တာ' ဆိုတဲ့စကားလုံးဟာ မြန်မာလူမျိုးတစ်မျိုးလုံးရဲ့ အရှိတရား (Reality ) ဖြစ်တယ်။ မြန်မာလူမျိုးရဲ့ အတွေးအခေါ်ကို နားလည်ချင်ရင် မြန်မာစကားလုံးတွေရဲ့ Reality ကို တကယ်သိပြီးမှ သဘောပေါက်နိုင်မယ်။

အလားတူပဲပေါ့ ...

'ရေခဲ' ဆိုတဲ့ ဝေါဟာရတစ်လုံးကို ပြောလိုက်ရင် ခင်ဗျားရင်ထဲ

BURMESE CLASSIC .com

www.burmeseclassic.com



ဘယ်လိုရှိသလဲ။ သိပ်လေးလေးနက်နက်ကြီး ခံစားရမှာမဟုတ်တာတော့ သေချာပါတယ်။ (ဘယ်နှယ့်မှတောင်နေမယ် မထင်ဘူး)

ဒါပေမဲ့ ... အက်စကီးမိုးလူမျိုး တစ်ယောက်အတွက်တော့ 'ရေခဲ'ဆိုတဲ့စကားထဲမှာ သူ့ဘဝကြီး တစ်ခုလုံး၊ သူ့ယဉ်ကျေးမှုကြီး တစ်ခုလုံး၊ သူဖြစ်တည်မှု၊ သူ့အတွေးအခေါ်တစ်ခုလုံး နက်နက်ရှိုင်းရှိုင်း ပါဝင်နေမှာပဲ ဖြစ်တယ်။

အဲဒီ Reality ကို ကျွန်တော်တို့က ဘယ်လိုမှလိုက်ခံစား နားလည်ပေးနိုင်မှာ မဟုတ်ဘူး။ ထပ်တူမကျနိုင်ဘူး။ ဟုတ်တယ်လေ ... ကျွန်တော်တို့က ရေခဲနေတဲ့ ဝန်းရိုးစွန်းဒေသမှာ နေမှ မနေဘူးတာ။

## (၂) သမိုင်း၊ စကားနှင့် ပြောင်းလဲမှု

အထက်မှာ တင်ပြခဲ့တဲ့ 'စကားလုံးတွေရဲ့ အရှိတရား' ကိုယ်တိုင်က ခေတ်တစ်ခေတ်နဲ့ တစ်ခေတ် မတူညီပဲ ပြောင်းလဲနေပါတယ်။

၁၆–ရာစုတုန်းက ပြောခဲ့တဲ့ အသိပညာ (Knowledge)ဆိုတဲ့ စကားလုံးရဲ့ Reality ဟာ

၁၇–ရာစုမှာ ပြောတဲ့ အသိပညာ (Knowledge)ဆိုတဲ့ စကားလုံးနဲ့ (စာလုံးပေါင်းချင်းသာ တူမယ်) Reality ချင်းတော့ မတူညီတော့ဘူး။ အဲသည်လို ပြောင်းလဲသွားတာတွေကို ဖူကိုးက အလေးပေးပြီး လေ့လာခဲ့ပါတယ်။

## (၃) အသိပညာနှင့်အမှန်တရား

ဖူကိုးက ... ''အသိပညာဆိုတာ အမှန်တရား (Truth) ကို ဖော်ပြတဲ့အရာမဟုတ်ဘူး။ ဘာလုပ်သင့်တယ်၊ ဘာမလုပ်သင့်ဘူး ဆိုတဲ့ အဟန့် (Power) ကို ဖော်ပြတဲ့အရာပဲ ဖြစ်တယ်''လို့ ဆိုပါတယ်။ အသိပညာဆိုတာ ... (လူတစ်ယောက်အဖို့) သူရဲ့အတိတ်ကို

BURMESE CLASSIC .com

www.burmeseclassic.com



သူ့ဘာသာ စကားကို သူ ပါဝင်တဲ့ လူ့အဖွဲ့အစည်းကို သူ ဘယ်လိုကြည့်မြင်သလဲ ဆိုတဲ့ နည်းလမ်းပါပဲ။

လူတစ်ယောက်ရဲ့ အသိပညာကနေ အဟန့် (Power) ဖြစ်သွားတာဟာ အန္တရာယ်ရှိတယ် ... လို့ ဖူကိုးက ဆိုပါတယ်။

လူတွေကို ... ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုတွေးခေါ် ရမယ်၊ ဘယ်လိုပြုမူရမယ် … ဆိုပြီး ပိုင်စိုးပိုင်းနင်း ချုပ်ကိုင်လမ်းညွှန်တဲ့ ''တစ်ခုတည်းသော အသိပညာအဆောက်အဦ''ကြီး ဖြစ်ပေါ် ထွန်းကားလာမှာထက် … ကိုယ့်နည်း၊ ကိုယ့်ဟန်၊ ကိုယ်ပိုင်လွတ်လပ်တဲ့ နည်းလမ်းများစွာနဲ့ (အမျိုးမျိုးအထွေထွေ ကွဲပြားစွာနဲ့) အသိပညာဆိုတာကို ဖွဲ့စည်းထားတဲ့ အုပ်စုငယ်ကလေးတွေ၊ အဆောက်အဦ ပုံစံ ကွဲကလေးတွေ အနှံ့အပြား ဖြစ်ပေါ်ထွန်းကားလာဖို့ ဖူကိုးက ပိုလိုလား ပါတယ်။

ဗဗဗ

လူတွေရဲ့ စိတ်ကူးဝေါဟာရနာမ်တွေက သူတို့ရဲ့ကိုယ်ပိုင် လှုပ်ရှားလုပ်ဆောင်မှုတွေကို လွှမ်းမိုးနေတာ ... ၊ တခြားသူတွေရဲ့ လုပ်ဆောင်ချက်ကို တားမြစ်ကန့်သတ်ဟန့်တားနေတာ ... ၊ အစရှိတာတွေပါဝင်နေတဲ့ နည်းလမ်းအပေါင်းကို လူတွေသိမြင်နားလည်လာအောင် ကူညီတဲ့အတွေးအခေါ်မှသာ တကယ့်ကို ကောင်းမြတ်တဲ့ အတွေး အခေါ်ဖြစ်တယ် ... တဲ့။

ဒါပါပဲ။

ဗဗဗ

BURMESE CLASSIC .com

www.burmeseclassic.com



## Jacques Derrids (1930-)

ဂျက်ဒါရိဒါဟာ အရေးအသား ဘာသာစကားနဲ့ပတ်သက်ပြီး အင်မတန်မှ ဩဇာလွှမ်းမိုးခဲ့တဲ့ 'Deconstruction' လှုပ်ရှားမှုကို ထွန်းကားအားကောင်းစေခဲ့သူပါပဲ။

Deconstruction ဆိုတာက **'စကားလုံးကြိုးထုံးဖြေခြင်း'** လို့ အဓိပ္ပာယ်ရပါတယ်။

(ရေးထားတဲ့) စာသားဝါကျတစ်ခုကို တစ်ဆစ်ချင်း၊ တစ်ပိုင်းချင်း၊ တစ်လွှာချင်း ရှင်းလင်းဖွင့်ဆိုသွားတဲ့အခါ အဲဒီရေးထားတဲ့ စကားလုံးတွေဟာ မူရင်းရည်ရွယ်ထားတဲ့ အဓိပ္ပာယ်ဆိုလိုရင်းကို (ရှေ့နောက်ညီညွတ်လောက်အောင်၊ ယုံကြည်အားထား စိတ်ချလောက်အောင်) မပေးစွမ်းနိုင်တဲ့အကြောင်း တွေ့ရှိရတာကို ဆိုလိုတာပါပဲ။

ꩤꩤꩤ

ဒီကိစ္စကို ကျွန်တော်တတ်နိုင်သလောက် တစ်ပိုင်းချင်းစီ ရှင်းပြသွားပါ့မယ်။ လွယ်တော့ မလွယ်လှဘူး။

လူ့အတွေးအခေါ်၊ လူ့ယဉ်ကျေးမှု၊ လူ့အရှိတရား Reality ကြီးတစ်ခုလုံး ပါဝင်နေတဲ့ ဘာသာစကားကို တစ်လွှာချင်း၊ တစ်ဆစ်ချင်းစီ ရှင်းလင်းပြီး ယက်လုပ်ထားတဲ့ ကြိုးမျှင်တွေလို တစ်စစီထုတ်ယူပြတဲ့ ကိစ္စက အတော်တော့ နားရှုပ်စရာကောင်းမှာ သေချာပါတယ်။

ꩤꩤꩤ

လူသားတွေရဲ့ ရှာဖွေတွေ့ရှိမှုတွေ ဖန်တီးမှုတွေအားလုံးထဲမှာ ဘာသာစကားကို တွေ့ရှိဖန်တီးနိုင်မှုဟာ အကြီးအကျယ်ခမ်းနားဆုံး အရေးပါဆုံးဖြစ်တယ်လို့ အဆိုရှိတယ် မဟုတ်လား။

BURMESE CLASSIC .com

www.burmeseclassic.com



ဟုတ်တယ်လေ ... ။

ဘာသာစကားမရှိပဲ ကျွန်တော်တို့ ဒီနေ့ တွေးနေတဲ့ အတွေးတွေ အတတ်ပညာတွေ တိုးတက်မှုတွေကို ဘယ်လိုဖန်တီးယူနိုင်မှာလဲ၊ လက်ဆင့်ကမ်းနိုင်မှာလဲ။

ဒါပေမယ့် ... တစ်ပြိုင်နက်ထဲမှာ အဲဒီဘာသာစကားဆိုတဲ့ အရာကြီးဟာ ကျွန်တော်တို့ရဲ့ 'ပကတိအသိ'ကို ကန့်သတ်ဘောင်ခတ် အရောင်ဆိုးလိုက်တဲ့ ပညတ်မြူမှောင် တိမ်တိုက်မည်းကြီးလည်း ဖြစ်ပေတယ်။

Levi Strauss ဆိုတဲ့ ပညာရှင်က ပြောဖူးတယ်။

'ကျွန်တော်တို့ဟာ မွေးလာကတည်းက ဘာသာစကားနယ်ပယ် တစ်ခုခုထဲ ပစ်ချခံလိုက်ရတာပဲ' ... တဲ့။

ဆန့်ထွက်တွေးကြည့်လိုက်ရင် ဆိုလိုရင်းကို ခင်ဗျားသဘော ပေါက်မှာပါ။

ကျွန်တော်တို့ဟာ မွေးကတည်းက ပတ်ဝန်းကျင်က အရာဝတ္ထု တွေ ... ကို ဘယ်လိုသိလာခဲ့ကြသလဲ။ ဘာသာစကားကို တစ်ဆင့်ခံ ဖြတ်သန်းပြီးမှ သိလာရတာမဟုတ်လား။ ဒီလို အဆင့်(၄)ဆင့် ခွဲလိုက် ရအောင် ... ।

၁။ ကျွန်တော်က တစ်စုံတစ်ရာကို မြင်လိုက်တဲ့တခဏငယ် ကလေးအတွင်းမှာ 'ပကတိအသိ' ဖြစ်ပေါ်တယ်။ ဘာ ပညတ်၊ ဘာနာမည်မှ မတပ်ရသေးဘူး။ အဲဒီ ပြောပြလို့ မရတဲ့ 'ပင်ကိုယ်သက်သက် တစ်စုံတစ်ရာ'ကိုသိတာ။ နှလုံး အိမ်မှာ အမည်နာမ မရှိတဲ့အရိပ်ကလေးတစ်ခု ထင်ဟပ် တာပဲဖြစ်တယ်။ ဒါကို Presence လို့ ဒါရိဒါက သတ်မှတ် ပါတယ်။

www.burmeseclassic.com



၂။ ''အဲဒါကို ထီးလို့ခေါ်တယ်'' - လို့ ကျွန်တော့်အမေဖြစ်တဲ့ သူက ဘာသာစကားကိုသုံးပြီး အမည်တပ်ပေးလိုက်တယ်။ ဒီအဆင့်ရောက်တော့ ကျွန်တော့်စိတ်မှတ်အာရုံ အရင်းအမြစ် ထဲမှာ စောစောက ပုံရိပ်ကလေးဟာ 'ထီး' ဆိုတဲ့ မြန်မာ ဘာသာစကားလုံးရဲ့ ဖုံးအုပ်သိမ်းပိုက်ခြင်းကို ခံလိုက်ရပါ တော့တယ်။

၃။ နောင် ... ဘဝတစ်လျှောက်လုံးမှာလည်း 'အဲဒီအရာ' ကို မြင်လိုက်တိုင်း အဲဒီအရာနဲ့ပတ်သက်လို့ စဉ်းစားလိုက်တိုင်း၊ အတွေးဖြစ်ပေါ်လာတိုင်းမှာ 'ဘာသာစကားကို ဖြတ်သန်းထားတဲ့ အသိ'နဲ့သာ သိနေ၊ တွေးနေတတ်ပါ တော့တယ်။

၄။ အဲဒီမှာ ဘာတွေပါသလဲဆိုတော့ ပြင်ပအသိတွေ၊ ဂယက်တွေ ဆင့်ပွား ဖွင့်ဆိုမှုတွေနဲ့ 'သိ'ရတဲ့ အဓိပ္ပာယ်အဆောက် အဦးကြီး ဖြစ်နေပါပြီ။

အဲဒီ 'ထီး' ဟာ နဂိုမူလထင်ဟပ်တဲ့ အရိပ်ကလေးသက်သက် မဟုတ်တော့ဘဲနဲ့ ဘာသာစကားရဲ့ ကိုယ်စားပြုဖုံးကွယ်ခြင်းကို ခံလိုက် ရပါပြီ။

ဒါကြောင့် ...

'ကိုယ့်ထီးကိုယ်နန်းနဲ့ နေထိုင်ခဲ့ကြတာ ... ' လို့ ပြောလိုက်ရင် သိတဲ့အသိက တစ်မျိုးဖြစ်သွားတယ်။ အဲဒီမှာ မြန်မာလူမျိုး တစ်မျိုးလုံး ရဲ့ ရာဇဝင်၊ အစဉ်အလာ၊ ထုံးတမ်းနဲ့ လူ့အဖွဲ့အစည်းပုံစံ ကြီးတစ်ခုလုံး ပါဝင်ထင်ဟပ်နေတဲ့ 'ထီး'ဖြစ်သွားပါပြီ။

www.burmeseclassic.com



အလားတူပဲ ... 'ထီးချက်စောင့် နတ်သမီး'လို့ ဆိုလိုက်ရင် ကျွန်တော်တို့ နားလည်ပစ်လိုက်ပုံများ ... ဇာတ်ကြီး ဆယ်ဘွဲ့၊ ဗုဒ္ဓဝင် ... စတဲ့ ယဉ်ကျေးမှုအဆောက်အဦးကြီးတစ်ခုလုံး နှလုံးသားထဲ ခုန်ဝင်လာသလိုပဲ။

'ထီးကျိုး စည်ပေါက်ခဲ့ရတဲ့ ကျွန်ဘဝ' ဆိုတဲ့ ဝါကျမျိုးမှာလည်း အလားတူပါပဲ။

ဒီဝါကျကပေးတဲ့ ဂယက်ကို ဆင့်ပွားခံစားမှုကို မြန်မာတစ်ဦးကသာ တိတိကျကျ သိနိုင်မယ်။ ဒါမြန်မာ့ Reality ပဲ။

အင်္ဂလိပ်လည်း ဘုရင်စနစ် ကျင့်သုံးခဲ့တာပဲ။ ဒါပေမယ့် 'ထီး' ဆိုတဲ့ ဝေါဟာရကို 'ကိုယ့်ဘုရင်၊ ကိုယ့်နန်း၊ ကိုယ့်အချုပ်အခြာ အာဏာ' လို့ နားလည်နိုင်ဖို့ Reality မရှိဘူး။

ဒါဖြင့် အဓိပ္ပာယ်ဆိုတာ ဘာလဲ?

ᛝᛝᛝ

ကျွန်တော့်မိတ်တွေ အနောက်တိုင်းသားတစ်ဦးနဲ့ စကားစပ်မိလို့ပြောရင်း သူက

''သင်္ဘော (ship) ဆိုတဲ့ ဝေါဟာရရဲ့နောက်ကွယ်က ပုံရိပ်ဟာ အလွမ်းပဲ။ အိမ်ကို တမ်းတရတဲ့ နိမိတ်ပုံပဲ။ ငါကတော့ Ship ဆိုတဲ့ စကားလုံးကို မြင်ရုံကြားရုံနဲ့ ရင်ထဲမှာ အလွမ်းရနံ့ကလေး ရလိုက်သလို ခံစားရတယ်'' လို့ ပြောဖူးပါတယ်။

သူပြောတာကို ခင်ဗျားနားလည်ပါရဲ့လား။ ကျွန်တော်အခု ပြန်ရေးပြတာကို တစ်လုံးချင်းဖတ်ကြည့်ရင်တော့ ရှင်းနေတာပဲ။ ဘာ

BURMESE CLASSIC .com

www.burmeseclassic.com



နားမလည်စရာရှိလဲလို့ မေးမယ်။ ဟုတ်ပါတယ်။ ဒါပေမယ့် ... သူ့ရင်ထဲကဟာကို ကျွန်တော်တို့ နားမလည်ဘူး၊ သူ့ခံစားမှုကို နားမလည်ဘူး၊ သူရဲ့ ‘မူရင်းအဓိပ္ပာယ်’ကို နားမလည်နိုင်ပါဘူး။

ဗဗဗ

ကျွန်တော်လည်း သင်္ဘောကြီးတွေကို ထိုင်ကြည့်ဘူးတာပဲ။ တစ်နေကုန် ထိုင်ကြည့်လို့မှ တစ်စက်ကလေး လွမ်းချင်စရာမကောင်းဘူး။

အဲဒါ သူတို့လူမျိုးရဲ့ Reality ကျွန်တော်တို့ ရင်ထဲမှာမှ မရတာ။ သူတို့က ... ဟိုး ရာစုနှစ်ပေါင်းများစွာကတည်းက အိမ်ကို စွန့်ခွာပြီး ပင်လယ်ထဲ ရွက်လွှင့်ကြတဲ့ လူမျိုး။ အဲဒီပုံရိပ်တွေ အဲဒီအနက်တွေဟာ ship ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ကျွန်တော်တို့ နားမလည်နိုင်တဲ့ အဓိပ္ပာယ်တစ်မျိုး ပေါင်းထည့်ပေးထားတယ်လေ။

ကဲ ... မလွမ်းပဲ နေနိုင်ရိုးလား။ မျက်ရည်တွေတောင် ဘူးသီးလုံးလောက်ကျဖို့ ရှိပေရဲ့။

(ဒါကြောင့် အင်္ဂလိပ်စကားမှာ အိမ်ကိုစွန့်ခွာတာ ... ၊ အလုပ်ထွက်တာကို ship out လို့ သုံးနှုန်းတဲ့ဝေါဟာရ ရှိနေတာပေါ့။

ဗဗဗ

ဂျက်ဒါရီဒါ ပြောတဲ့ အခေါ်အဝေါ်တစ်ခု ရှိတယ်။ ဘာသာစကား ရဲ့ ‘စွမ်းရည်မဲ့မှု’ ... တဲ့။ ဟုတ်ပါတယ်။ ‘တည်ငြိမ်တဲ့၊ မလွဲမသွေ၊ မဖောက်ပြန်တဲ့။ အားလုံးအတွက် တသမတ်တည်းသော အဓိပ္ပာယ်’ကို ဘာသာစကားက မပေးစွမ်းနိုင်ခြင်းကို ဆိုလိုတာပါ။

စောစောက ပြောခဲ့တဲ့ ဥပမာလိုပေါ့။

BURMESE CLASSIC .com

www.burmeseclassic.com



အက်(စ်)–အိတ်(ချ်)–အိုင်–ပီ ဆိုတဲ့စကားလုံးတွေထဲမှာ 'အိမ်' ဆိုတာလည်း မပါဘူး။ 'လွမ်းတယ်'ဆိုတာလည်း မပါဘူး။

တကယ်ရှိတဲ့ စာလုံး ship တွေက တကယ်မရှိတဲ့ စာလုံးတွေကို ကျောထောက်နောက်ခံပြုထားတယ်။ ကျွန်တော်တို့က အဲသည်မရှိတဲ့ စာလုံးတွေနောက်ကို ခြေရာကောက်လိုက်နေရရော ... ။

အဲဒီ 'အိမ်'တို့ 'လွမ်းတယ်'တို့ ဆိုတာတွေကိုကော ဘယ်လို နားလည်နေရတာလဲ ... ။ စကားလုံးတွေကို အမည်၊ ပညတ်ဘာသာ စကားကိုဖြတ်သန်းပြီး နားလည်နေရတာ မဟုတ်လား။

အဲသည်လို လိုက်ရင်းလိုက်ရင်းနဲ့ မူရင်းဝါကျကြီးတစ်ခုလုံး အရည်ပျော်သလို ပျောက်ပျက်သွားတော့တာပါပဲ။

အဲသည်လို ... ကြိုးထုံးတွေရစ်ပတ်နေတဲ့ စကားလုံးတွေကို တစ်မျှင်ချင်း၊ တစ်စချင်းစီ ဖြေထုတ်ယူတာကို Deconstruction လို့ ခေါ်တာပါပဲ။

(သာမန် စာဖတ်ပရိသတ်အတွက် နားလည်ရ မခဲယဉ်းအောင် ဝါကျအလိုက်တောင်မဟုတ်ဘဲ စကားလုံးတစ်ခုတစ်လေနဲ့ ဥပမာပြရ တာပါ။ ဒါရိဒါ တင်ပြထားတဲ့အတိုင်းဆိုရင် အတော်ရှုပ်ထွေးကုန်ပါလိမ့် မယ်။ ဒါရိဒါက Western Philosophy ဟာ အဲဒီလို 'မူရင်းအဓိပ္ပာယ် ရှာဖွေခြင်း'ကိစ္စထဲမှာ အကျုံးဝင်တယ်လို့တောင် ဆိုတာပါ)

၀ ၀ ၀

စကားလုံးရဲ့ အဓိပ္ပာယ်ဟာ သူ့မူလရည်ညွှန်းတဲ့ အရာပေါ်မှာ သိပ်ပြီးမှီခိုလှတာ မဟုတ်ပါဘူး။ တခြားစကားလုံးတွေနဲ့ ဘယ်လိုဆက်စပ် သလဲ? ဘယ်လို ကွာခြားသလဲ? ဆိုတဲ့အပေါ်မှာသာ မှီခိုပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



''ရေလိုအေးလို့ ပန်းလိုမွှေးပါစေ''
''ရေအသက် တစ်မနက်''
''မိုးရေထိုးတဲ့ ဆရာဝန်''
''မိုးရေထဲ ချစ်သူနှစ်ဦး လမ်းလျှောက်ကြသည်''

စတဲ့ ဝါကျတွေမှာ 'ရေ'ရဲ့အဓိပ္ပာယ်အထူအပါးဟာ တခြားစကားလုံးတွေနဲ့ ဆက်စပ်ပြီး အမျိုးမျိုးပြောင်းလဲနေတာကို တွေ့ရပါလိမ့် မယ်။

ဂျက်ဒါရီဒါရဲ့ အဆိုအရ ...

စကားလုံးတွေထဲမှာ အဓိပ္ပာယ် (Meaning) မပါရှိပါဘူး။ စကားတွေရဲ့ အဓိပ္ပာယ်ပေးနိုင်စွမ်း၊ အဓိပ္ပာယ်ရှိနိုင်စွမ်းဟာ ဘာသာစကားထဲမှာပါရှိတဲ့ တခြားစကားလုံးတွေနဲ့ ဘယ်လိုဆန့်ကျင်တယ်၊ ဘယ်လိုဆက်စပ်တယ်ဆိုတာပဲ မြင်ရတာဖြစ်တယ် ... လို့ ဆိုပါတယ်။

ㄹㄹㄹ

ဂျက်ဒါရီဒါက အဲဒီသဘောကို ဖော်ပြဖို့ ဝေါဟာရအသစ်တစ်ခု တီထွင်ပါတယ်။ Differance - တဲ့။ ပေါင်းရိုးပေါင်းစဉ် စာလုံးပေါင်း 'ကွဲပြားခြားနားခြင်း'မှာလို့ ... ence နဲ့ပေါင်းတာ မဟုတ်ဘူးနော်။-ance ဆိုတာ သတိပြုပါ။

ရှေ့မှာပြောခဲ့သလို စာ/စကားလုံးနဲ့ မူရင်းအဓိပ္ပာယ်တို့ကြားမှာ ကွာဟတာကို ရည်ညွှန်းတာပါပဲ။

ဒါပေမဲ့ ... ပြင်သစ်စကားမှာ Differ ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်က ( – နှင့်မတူ သဘောကွဲလွဲသည်၊ ကွာခြားသည်)လို့ ရပြီးတော့ Defer ရဲ့ အဓိပ္ပာယ်က ( – လမ်းပေးသည်၊ အသိအမှတ်ပြုသည်၊ မတူညီသောအရာနှင့်အတူ ယှဉ်တွဲပူးပေါင်းနေထိုင်သည်)လို့ ရပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



နှစ်ခုစလုံးကို Differance ဆိုတဲ့ စကားလုံးနဲ့ ကောက်ယူလို့ရပါတယ်။ Jacques Derrida ရဲ့ အဆိုအရ စကားလုံးရဲ့ အဓိပ္ပါယ်ဟာ 'စကားလုံးကိုယ်တိုင်'နဲ့ ခြားနားနေတယ် ... ပေါ့။ ဒါ ... အနှစ်ချုပ်ပါပဲ။

ကဲ . ဒီနေရာမှာပဲ Jacques Derrida ရဲ့ 'စကားလုံးကြိုးထုံးဖြေခြင်း'နဲ့ပတ်သက်လို့ ပြောခဲ့သမျှအားလုံးထဲက လိုရင်းအချက်တွေကို နံပါတ်စဉ်ထိုး ဖော်ပြပြီး နိဂုံးချုပ်ပါတော့မယ်။

(၁)အရာဝတ္ထု၊ စိတ်ခံစားမှုအားလုံးကို အာရုံခြောက်ပါးနဲ့ ထိတွေ့သိမြင်လိုက်ရတဲ့ (ခဏငယ်ကလေးရဲ့ ပထမအစိတ်အပိုင်းမှာ ရတဲ့အသိဟာ ဘာပညတ်မှ မပါတဲ့ ပကတိရှင်းသန့်သော အသိသက်သက် (Presence ) ဖြစ်တယ်။

(၂) အဲဒါဟာ စကားလုံးတွေရဲ့ အမည်ပညတ်တပ်မှုအောက်မှာ အသိမ်းပိုက်ခံလိုက်ရတယ်။

(၃) အဲဒီဝင်ရောက်လာတဲ့ 'ပညတ်စကားလုံး'တွေဆိုတာကလည်း မိမိရဲ့စိတ်အခံမှာ ရှိနှင့်ပြီးသား အတွေ့တွေ၊ မိမိရဲ့ယဉ်ကျေးမှုတွေ မိမိရဲ့ဖြတ်သန်းမှုတွေ၊ လူ့အဖွဲ့အစည်းကြီး တစ်ခုက မိမိအပေါ်ထင်ဟပ်နေတဲ့ အရိပ်တွေ၊ အရောင်ဆိုးခံရမှုတွေ၊ အစွဲတွေ ပါဝင်နေတဲ့ ကြိုးထုံးကြီးတစ်ခု ဖြစ်တယ်။

(၄) ဒါကြောင့် စကားလုံးတွေပါဝင်ပြီး သိတဲ့အသိဟာ သန့်စင်တဲ့ မူရင်းပကတိအသိ (presence) မဟုတ်တော့ဘူး။ အစွဲမကင်းတဲ့ အရောင်ဆိုးခံထားရတဲ့ အသိသာလျှင် ဖြစ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



(၅) Deconstruction ရဲ့အလုပ်က အဲဒီကြိုးထုံးကို တစ်စစီ ဖြေပြဖို့ပဲ။

ဒီကိစ္စကို ...

မြန်မာတွေ အယဉ်ပါးဆုံးစကားနဲ့ အနှစ်ချုပ်ရရင် ...

''ကိုယ့်ရဲ့ အသိစိတ်ပေါ်က ပညတ်တွေကို ခွာပြီးကြည့်'' ဖို့ပါပဲ။ ဒါကြောင့်မို့ ထင်ပါတယ်။

''ဗုဒ္ဓဟာ အစဦးဆုံး Deconstructionist ဖြစ်တယ်''. . . လို့ . . . က ရေးခဲ့တာပါ။ (ဒီစကားကို Fontana တိုက်ထုတ် Postmodern Reader စာအုပ်မှာ တွေ့နိုင်ပါတယ်)

BURMESE CLASSIC .com

www.burmeseclassic.com



**Richard Rorty (1931)**

ရစ်ချက်ရော်တီရဲ့ ဒဿနဟာ

''အရာရာတိုင်းရဲ့ အဓိပ္ပာယ်ဟာ လက်တွေ့အကျိုးသက်ရောက် မှုအပေါ်မှာ တည်တယ်''

ဆိုတဲ့ ပရက်ဂမက်ဝါဒ (Pragmatism) ကို အခြေခံထား ပါတယ်။

သူကတော့ သူ့ဝါဒကိုသူ Postmodern Bourgcois **Liberalism** လို့ အမည်တပ်လေရဲ့။

ꩤꩤꩤ

လူသားတွေရဲ့ သက်ဝင်ယုံကြည်မှုတွေ၊ အသက်ရှင်နေထိုင် ရေးနည်းလမ်းတွေကို အဆုံးအဖြတ်ပေးနေတဲ့ အရာကတော့ ''လူ့အဖွဲ့ အစည်း အပြန်အလှန်ဆက်ဆံသက်ရောက်မှု''ပဲ ဖြစ်တယ်လို့ ရော်တီ က ဆိုပါတယ်။

ခင်ဗျားက ခင်ဗျားရဲ့ လူ့အဖွဲ့အစည်းကို ဘယ်လိုဆက်ဆံ သလဲ? ခင်ဗျားရဲ့ လူ့အဖွဲ့အစည်းကို ဘာတွေပေးနေသလဲ။ အဲသည်လို ပဲ အပြန်အလှန်အားဖြင့် လူ့အဖွဲ့အစည်းက ခင်ဗျားကို ဘာတွေပြန်ပေး သလဲ?

အဲသည်အပေါ်မူတည်ပြီး ''ကောင်းတယ်၊ ဆိုးတယ်''ဆိုတဲ့ တန်ဖိုးသတ်မှတ်ချက်တွေဟာ အဓိပ္ပာယ်သက်ဝင်လာမယ်။

''ခင်ဗျား ဘယ်လိုအသက်ရှင်နေထိုင်မှာလဲ''ဆိုတဲ့ ကိစ္စကို အဆုံးအဖြတ်ပေးမယ်။ ''မှားသလား၊ မှန်သလား?''ဆိုတာကိုလည်း အဲသည်လူ့အဖွဲ့အစည်း အပြန်အလှန် သက်ရောက်မှုနဲ့ တိုင်းတာမှ အဓိပ္ပာယ်ရှိမယ် ... လို့ ရော်တီက ဆိုပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဒါတွေဟာ . . . စာအုပ်ကြီးတွေထဲက (ဒဿနပညာရှင်တစ်ယောက်ယောက်၊ ဝါဒတစ်ခုခုရဲ့) ဟောကြားချက်တွေ၊ ဒဿနသီအိုရီတွေအပေါ် မှီခိုနေတာ မဟုတ်ပါဘူး။ လူ့အဖွဲ့အစည်း ဆက်ဆံရေးပုံသဏ္ဍာန်ကို "ဘယ်လိုနေရမယ်၊ ဘယ်လိုတွေးရမယ်၊ ဘယ်အရာကပဲမှန်ပြီး၊ ဘာတွေကတော့ မှားရမယ်"- လို့ သတ်မှတ်ပုံစံခွက် ချပေးလို့ မရနိုင်ပါဘူး။

ပြောင်းပြန် ... ပါ။

ဒဿနကသာ လူ့အဖွဲ့အစည်း ဆက်ဆံရေးအပေါ် မှီခိုနေရတာဖြစ်တယ်။

နိုင်ငံရေးဒဿနနဲ့ပတ်သက်လို့ ရော်တီရဲ့ မြင်ပုံကလည်း တစ်မျိုးပါပဲ။ လူသားတွေက သူတို့ကြုံတွေ့နေရတဲ့ လူမှုရေးပြဿနာတွေ၊ စားဝတ်နေရေးဒုက္ခတွေ၊ စိတ်လွတ်လပ်မှုနဲ့ အခွင့်အရေးကိစ္စတွေကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ဖြေရှင်းဖို့ ကြိုးပမ်းအားထုတ်နေကြရတယ်။

အဲဒီအချိန်မှာ "နိုင်ငံရေးဒဿန"ဆိုတဲ့ဟာကြီးက ဘေးကထိုင်ကြည့်နေတာမျိုး ဖြစ်နေတယ် ... လို့ ရော်တီက ဝေဖန်ချင်တာပါပဲ။

ပပပ

ရော်တီက ...

"လူ့အဖွဲ့အစည်းဟာ အစစ်အမှန်အရှိ (Reality)နဲ့ပတ်သက်ပြီး မဖောက်မပြန် မှန်ကန်တဲ့ 'သစ္စာတရားအမြင်'ပေါ် အခြေခံနေတာ မဟုတ်ဘူး" ... လို့ ဆိုပါတယ်။

ဘာအမြင် ဘာအမြင် ရှိရှိ၊ မရှိရှိ။

www.burmeseclassic.com



လူ - လူချင်း ဆက်ဆံမိပြီဆိုရင် 'လူ့အဖွဲ့အစည်း' ဖြစ်သွားတာပါပဲ

ရောတီရဲ့ အဆိုအရ ...

လူအချင်းချင်း ဆက်ဆံ၊ ဆက်သွယ် ကူးလူးမှုကသာ လူ့အဖွဲ့အစည်းရဲ့အခြေခံကို ဖြစ်ပေါ်စေတယ်။ သစ္စာတရားတွေ၊ အမှန်တရားတွေ ... စတဲ့ အတွေးအခေါ်တွေဆိုတာလည်း ... လူ ... လူချင်းဆက်ဆံရာက ပေါက်ဖွားလာတာတွေပါပဲ ... တဲ့။

ဒါကြောင့်

''အကြွင်းမဲ့ မှန်ကန်တဲ့သစ္စာ''ဆိုတာ လုံးဝမရှိပါဘူး ... လို့ ရော်တီက ဆိုပါတယ်။

ၓ ၓ ၓ

ဒသနပညာရှင်တွေ၊ ကြေးစားတရားဟောဆရာတွေ၊ စာအုပ်ကြီးတွေက

''ဘယ်လိုလုပ်မှ ကောင်းတယ်''

''ဘယ်လိုနေထိုင်မှ မြင့်မြတ်တယ်''

''ဘယ်လို ပြုမူကျင့်သုံးတာမျိုးမှ မှန်ကန်တယ်''

... စသဖြင့် အတင်းကြီး စံမူနာပြနေတာ အကျိုးနည်း 'တောင်း' ပြနေတာတွေ ဖတ်ဘူးမှာ၊ ကြားဖူးမှာပေါ့။

မလိုပါဘူး၊ အဲဒါတွေ မလိုပါဘူး။

လူအချင်းချင်း ဆက်ဆံတဲ့နေရာတိုင်းမှာ (အဲဒါကြီးတွေအပေါ် အခြေခံပြီး) အဲဒီ မဟာလမ်းညွှန်ချက်တွေနဲ့ ကိုက်ညီအောင် ညှိနေလို့ မလိုပါဘူး။

လူ ... ကို လူလိုမြင်ဖို့၊ လူကို ... ကို လူလို ဆက်ဆံဖို့၊

**အလုပ်ဖြစ်** ... ဖို့ပဲ လိုပါတယ်။

ၓၓၓ

BURMESE CLASSIC .com

www.burmeseclassic.com



လူတွေကို ဘယ်လို ကူညီရမလဲ? ကူညီလိုက်ပေါ့။

ရွေးချယ်စရာနှစ်ခုတွေ့ရင် ‘အလုပ်ဖြစ်မယ့်ဟာ’တစ်ခုကို ရွေးချယ်လိုက်ပေါ့။ ဒါပါပဲ။

အဲဒီနေရာမှာ - ‘ဟာ - ဒီနည်းလမ်းကတော့ ငါ့ကွန်မြူနစ်ဝါဒနဲ့ မကိုက်ညီလို့’၊ ‘ငါ့အရင်းရှင်ဝါဒနဲ့ မကိုက်ညီလို့’ဆိုပြီးတော့ ပုံစံသွင်းစရာ မလိုပါဘူး။

ခင်ဗျားလုပ်တဲ့လုပ်ရပ်ရဲ့ ‘အဓိပ္ပာယ်’ဟာ လက်တွေ့အကျိုးသက်ရောက်မှုပေါ်မှာ မူတည်ပြီး အဖြေထွက်လိမ့်မယ်။

ခင်ဗျားရဲ့ မဟာအတွေးအခေါ်ကြီးကသာ ‘ငါကွ’လို့ လက်မထောင်နေပေမယ့်၊ လက်တွေ့အကျိုးသက်ရောက်မှုဟာ ‘သုည’ဖြစ်နေရင် ခင်ဗျားရဲ့အဓိပ္ပာယ်ဟာလည်း ‘သုည’ပါပဲ။

ဒီနေရာမှာ ရော်တီရဲ့ ဒဿနက ...

လူ့အဖွဲ့အစည်းဟာ (သူတို့မလုပ်ချင်တာကို အတင်းလုပ်ခိုင်းနေတဲ လူ့အဖွဲ့အစည်းမျိုး မဟုတ်ဘူးဆိုရင်) လူအမျိုးမျိုးအထွေထွေရဲ့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုယ် ကွဲပြားနေတဲ့ စိတ်ကူးထည်အားလုံး၊ အတွေးအခေါ်အားလုံး၊ အသက်ရှင်နေထိုင်မှု နည်းလမ်းအားလုံး ... ကို အခြေခံအားဖြင့် လက်ခံနိုင်ဖွယ် ရှိပြီးသားလို့ ယုံကြည်ထားတာပါပဲ။

လူ့အဖွဲ့အစည်းကို ဒဿနစနစ်တစ်ခုရဲ့ လောင်းရိပ်ပုံစံခွက်အောက်ထဲ ဆွဲသွင်းဖို့မဟုတ်ဘူး။ ဒဿနစနစ်ဖယားရဲ့ကိုက်ညီအောင်ပြင်ဆင်ဖို့မဟုတ်ဘူး။ သီအိုရီသစ်တွေ ထပ်မံဖော်ထုတ်ဖို့လည်း မလိုဘူး ... လို့ ရော်တီက ဆိုပါတယ်။

ရော်တီဆိုလိုတာက ...

BURMESE CLASSIC .com

www.burmeseclassic.com



ဒဿနအတွေးအခေါ်ဆိုတာ လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တယ်။ အတွေးအခေါ်ပညာရှင်ရဲ့ အလုပ်က လူ - လူချင်း ဆက်ဆံရေးကူးလူးမှုတွေ လုပ်နိုင်ဖို့ တွန်းအားသတ္တိ ပေးရမယ်။ လူ့အပြုအမူ အကျင့်အကြံတွေကို သတ်သတ်မှတ်မှတ် ရှင်းပြရမယ်။ ညှိနှိုင်းဆုံးဖြတ်ပေးရမယ်။ လူတွေရဲ့ လွတ်လပ်ခွင့်ကိုဝင်ပြီး အနှောက်အယှက်မပေးပဲ၊ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးကို ပိုပြီးအင်အားပြည့်ဝတဲ့ ပိုပြီးခံနိုင်ရည်ရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်လာအောင် အလုပ်လုပ်ဖို့ပါပဲ။

၀၀၀

BURMESE CLASSIC .com

www.burmeseclassic.com



နှုတ်ဆက်လိုက်ပါတယ် ...

မြောက်ပြန်လေထဲမှာ နှစ်သစ်ဟာ ချစ်သူရဲ့ကိုယ်သင်းရနံ့လို သင်းပျံ့လာတယ်။ အဖြူရောင်ပန်းပွင့်၊ ပွင့်ဖတ်တွေပေါ်မှာ နှင်းစက်တွေ ဥနေတာကို မြင်လား။ ဆောင်းဥတုရဲ့ မျက်တောင်တွေလို ရွှန်းစိုကော့ လက်နေတဲ့ သစ်ရွက်ငယ်တွေရယ်၊ နေခြည်မှာ ရွှေရည်တွေတောက်ပ နေတဲ့ ဆည်းဆာတိမ်တိုက်တွေရယ် ... ၊ ကလေးဘဝအိပ်မက်ထဲက ရထားတစ်စင်း ခုတ်မောင်းလာပုံမျိုး၊ လေးလံနူးညံ့နေတဲ့ နှလုံးသားတစ်ခု ရယ် ... ၊ သမုဒ္ဒယနဲ့ စိမ်းလဲ့နေတဲ့ မြက်ခင်းတစ်ခုရယ် ... ။

ညနေကောင်းကင်မှာ မြူလည်းမဟုတ်၊ နှင်းလည်းမဟုတ်တဲ့ အခိုးအငွေ့တွေ မှိုင်းမှုန်ရီဝေလို့၊ အဲသည်ခရမ်းနုရောင် ဆည်းဆာထဲကို ခေါင်းလောင်းသံတစ်ခု တိုးတိုးသဲ့သဲ့ လွင့်ပျံစိမ့်ဝင်လာတယ်။

အနိမ့်ပျံသန်းတတ်တဲ့ ငှက်တစ်ကောင်လို ကျွန်တော့်စိတ်ပေါ် အရိပ်လက်တံထိုးစေခဲ့တဲ့ ခေါင်းလောင်းသံပေါ့။

ဟောဒီကမ္ဘာမြေရဲ့ တစ်နေရာကနေ အဲသည်ခေါင်းလောင်းသံ ကို ကြားလိုက်ရသူ လူငယ်တစ်ယောက်ကတော့ ''နှစ်သစ်ကို ကြိုဆို နေတဲ့ ခေါင်းလောင်းသံပါလား''လို့ အောက်မေ့ပြီး ကြည်နူးကောင်း ကြည်နူးနေလိမ့်မယ်။ အခြားနေရာက တစ်စုံတစ်ယောက်ကတော့ ''ကွယ်လွန်သွားသူတွေအတွက် သတိရတမ်းတဖို့ရာ တိုင်တည်ရည်စူး လိုက်တဲ့ ခေါင်းလောင်းသံပဲ''လို့တွေးပြီး ကြေကွဲဝမ်းနည်းနေနိုင်ပေတယ်။ ဒီလိုမှမဟုတ်ရင်လည်း ဟိုးတစ်နေရာက လူငယ်တစ်ယောက်အဖို့ ''ဒါဟာ ကိုယ်ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို အခြားသူတွေဆီ ဖြန့်ဝေလက်ကမ်း ဖို့ ထိုးခတ်အမျှဝေလိုက်တဲ့ ခေါင်းလောင်းသံဖြစ်မှာပဲ''လို့ ယုံကြည်ရင်း ပီတိနဲ့ရေသောက်ဆင်းတဲ့ ငှက်ကျေးတစ်ကောင်းရဲ့ တွန်ကျူးပုံမျိုး သာဓု ... သာဓု ... လို့ ရေရွတ်နိုင်ပါသေးတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အဲသည် ... ခေါင်းလောင်းသံကို သင်ကောဘယ်လို ခံစား မှာလဲ။ ဒီခေါင်းလောင်းသံဟာ ကောင်းကင်မှာ သက်တန့်ကွေးကွေး တစ်ခုအဖြစ်တည်စေသား ... လို့ တောင်းဆုပြည့်ခဲ့ရင် ခင်ဗျားရဲ့ ခံစားမှု ဟာလည်း အဲသည် သက်တန့်ရောင်စဉ်ခုနှစ်မျိုးထဲက တစ်ခုခုအဖြစ် တိတိကျကျ လင်းလက်တောက်ပခွင့်ရမှာ သေချာပါတယ်။

ဒီအသံကို ကြားနာရသူတွေအားလုံးဟာ လှိုင်းအလျားတစ်ခု တည်းမှာ ရင်ခုန်စရာမလိုပါဘူး။ အမျိုးမျိုးကွဲလွဲနေတာ ကောင်းပါတယ်။ သက်တန့်ဆိုတာ အရောင်ကွဲတွေ ပေါင်းစည်းထားလို့သာ လှပလက်စိုပြီး ကောင်းကင်ကြီးရဲ့ ဘယက်တန်ဆာလိုဖြစ်နေတာ မဟုတ်လား

၂၁–ရာစုထဲမှာ လူငယ်တွေရဲ့ အတွေးတွေ၊ စိတ်အားထက်သန် မှုတွေ၊ ခံစားချက်တွေ အမျိုးမျိုးကွဲလွဲနေကြပါစေ ... ပြဿနာမရှိပါဘူး။ သူတို့ရဲ့ ရောင်စဉ်ခုနှစ်သွယ်ကို သက်တန့်ကြီးတစ်ခုလို ပြေပြေပြစ်ပြစ် ပေါင်းစည်းတတ်ကြဖို့ပဲ လိုတယ် ... ၊ ကောင်းကင်ကြီးကို လည်ဆွဲ ဘယက်လို ဆင်ယင်ပေးချင်သူတွေ ဖြစ်ဖို့ပဲ လိုတယ် ... ။

လူငယ်တွေမှာ အရေးကြီးတာက ...

– သူတစ်ပါးရဲ့အရိပ်ကို မှီခိုလွန်းခြင်း ချောက်ကမ်းအစွန်းနဲ့

– ကိုယ့်ကိုကိုယ် အဟုတ်ကြီးထင်လွန်းခြင်း အစွန်း

အစွန်းနှစ်ပါးက လွတ်အောင် လျှောက်တတ်ကြဖို့ပဲ အမှာစကား ပါးလိုက်ပါ။ မိမိကိုယ်ကို ပျိုးထောင်နေတဲ့ တစ်ချိန်တည်းမှာ မိမိရဲ့ လူ့အဖွဲ့အစည်းနဲ့ ယဉ်ကျေးမှုကို အဆောက်အဦကြီးတစ်ခု ဖြစ်လာအောင် လူငယ်တွေချင်းစုပေါင်းပြီး တည်ဆောက်ကြဖို့ကိုလည်း ပြောပေးပါ။ ဆောင်း နှောင်းလေပြေလို တဖြည်းဖြည်းချင်းပြောင်းလဲသွားမယ့် ကမ္ဘာကြီးကို ဂရိဒဏ္ဍာရီထဲက နတ်ဘုရားတွေရဲ့ စွမ်းပကားမျိုးနဲ့ ဖန်ဆင်းကြတော့မယ် သူတွေဟာ နိုင်ငံတကာ ယဉ်ကျေးမှုအဖွဲ့အစည်းကြီးတွေ ဖြစ်တယ်လေ ..

BURMESE CLASSIC .com

www.burmeseclassic.com



. ၊

ရွှေခြည် ... ငွေခြည် ဖဲကြိုးနဲ့ အနီရောင် ပန်းပွင့်တွေ ဆင်ယင် လို့ ခရစ်စမတ်တွေမှာ ရောက်ရောက်လာမယ့် စန်တာကလော့ ဘိုးဘိုးကြီးရဲ့ လက်ဆောင်အိတ်ထဲမှာ ယဉ်ကျေးမှုအသစ်တွေ၊ အဟောင်း တွေ ရောနှောထည့်ယူလာပြီး ကမ္ဘာတစ်လွှားကို လိုက်ဝေလိမ့်မယ်။ ကမ္ဘာမှာ အရင်တုန်းက မျက်နှာသာအပေးမခံရတဲ့ 'အနည်းစု'တွေ .. . ဥပမာ... မိန်းမတွေ အသားရောင်ခွဲခြားခံရတဲ့ လူမျိုးစုငယ်တွေဟာ ခရစ်စမတ် ဘိုးဘိုးကြီးရဲ့ မြတ်နိုးအာရုံစိုက်မှုကို ခံယူရသူတွေ ဖြစ်လာ လိမ့်မယ်။

စီးပွားရေးလုပ်မယ့် လူငယ်တွေကိုလည်း မှာလိုက်ပါ ... ။ အဲဒီ ''ယဉ်ကျေးမှုရောင်းဝယ်ရေးဈေးကွက်''ကို လက်ဦးမှုရယူပါ .. . လို့။ ဒါပါပဲ။

ဆည်းဆာရွှေရည်တွေ ဖိတ်လက်နေတဲ့ ကောင်းကင်ထဲမှာ တိမ်တွေ ... တိမ်တွေ ... ဟာ ယဉ်ကျေးမှု ပန်းဆိုင်းဆွဲသလို ... ရောင်စုံတောက်ပ ရောနှောနေကြပေါ့။

ခေါင်းလောင်းသံကလည်း ချစ်သူတို့ရဲ့ ဆံစပ်ဖျားတွေကို ပွတ်တိုက်လွင့်မျောသွားခဲ့ပြီ။

ကြည်နူးပျော်ရွှင်မှုတွေဖြစ်ဖြစ်၊ ကြေကွဲဝမ်းနည်းမှုတွေဖြစ်ဖြစ်၊ ပီတိချမ်းမြေ့တွေဖြစ်ဖြစ် ... ခင်ဗျားရဲ့ ခံစားမှုတွေအတွက် ခေါင်းလောင်း သံကို နားထောင်လိုက်ပါ။

...

ကျွန်တော်ကတော့ ... တစ်ယောက်တည်း တိတ်တိတ် ဆိတ်ဆိတ်နဲ့ ခေါင်းလောင်းကလေးကို ထိုးမြဲ ထိုးနေပါတယ်။

**မင်းခိုက်စိုးစန်**

**၁၉၉**

BURMESE CLASSIC .com

www.burmeseclassic.com



Minn Khaike Soe San
Name- Dr. Kyaw Soe

He was born on 18th Sept 1972 ( In Yangon ). He is the son of U Mya Win and Daw Aye Kywe.

He got MBBS (Ygn) degree in 1999. He began his literal creation in his very 16 years old. His short stories and fictions have been published. He also translated essays of D.H Lawrence, Graham Greene and Virginia Woolf.

He participates in initiating POSTMODERN literature movement in Myanmar and criticizes short stories and poems. His works on stylistic study which are published ( entitled "POSTMODERN ???" & "POET LEARNER" ) in 2003.

He shows his interest in sociology, culture, politics and philosophy. He is still writing short stories and essays in periodical magazines.

He lived at No.213, Thura 7th Street, 9th Block, South Okkalapa Township, Yangon.



BURMESE CLASSIC .com